ရောင်းမှု

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ကောင်းမှုကိုပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 26 February 2020 ၉၉၃၇

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

ကရင်ပြည်နယ် မြဝတီမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ ကရင်ပြည်နယ် ကော့ကရိတ်မြို့သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့်အတူ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး မြဝတီမြို့သို့ရောက်ရှိရာ မြို့တွင်းလမ်းမတစ်လျှောက်၌ ဒေသခံတိုင်းရင်းသား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြဝတီမြို့နယ်မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

၂၀၂၀ ပြည့်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

ဥပ္ပါတသန္တိစေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်၏ (၁၂) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၂ ရက်မှ ၈ ရက်အထိ စေတီတော်ပွဲတော်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ကာလအတွင်း KIA၊ King Long၊ Souest၊ Hyundai နှင့် Baic မော်တော်ယာဉ်များကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည့် ကားအရောင်းပြခန်းများ၊ အထူးစျေးနှုန်းဖြင့်ရောင်းချပေးမည့် အဝတ်အထည်အရောင်းဆိုင်များ၊ လူသုံးကုန်ပစ္စည်းမျိုးစုံ အရောင်းပြခန်းများ၊ စားသောက်ဆိုင်ခန်းများ၊ ကလေးကစားကွင်းများပါဝင်သည့်အပြင် တင်မောင်ဆန်းမင်းဝင်း (ရွှေမန်းသဘင်)ဇာတ်အဖွဲ့က မတ် ၂ ရက်မှ ၃ ရက်အထိ၊ ရွှေပွဲမင်းဇာတ်အဖွဲ့က မတ် ၅ ရက်မှ ၆ ရက်အထိ၊ ရွှေအိမ်စံဇာတ်အဖွဲ့က မတ် ၇ ရက်မှ ၈ ရက်အထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။ ပွဲတော်အတွင်း ဆိုင်ခန်းများ ပါဝင်ဖွင့်လှစ်လိုသူများအနေဖြင့် ဖုန်း - ၀၉- ၂၅၀၀၁၃၉၈၊ ၀၉-၄၄၄၀၆၇၃၀၂ နှင့် ၀၉-၂၅၇၅၁၂၇၀၀ တို့သို့ ဆက်သွယ်နိုင် ကြောင်း သိရသည်။

ထက်လျှံ

ကြေးမုံ

တန်ဖိုးရှိသည့် နိုင်ငံသားဖြစ်အောင်ကြိုးစား

နိုင်ငံကိုတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုသည် အဓိကကျသည်။ အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရာ၌ ပြည်သူလူထု၏ ထောက်ခံမှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုမရလျှင် ရေတိုတွင် အောင်မြင်နိုင်သော်လည်း ရေရှည်တွင်မူ အောင်မြင်မှုရနိုင်မည်မဟုတ်ပေ။

ယင်းအခြေအနေကို ဖြတ်သန်းလာခဲ့ရသည့် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းနှင့် ပြာပုံဘဝမှ ရုန်းထတိုးတက်လာသော ကမ္ဘာပေါ်မှ နိုင်ငံများကို လေ့လာကြည့်လျှင် သိမြင်နိုင်မည်ဖြစ်သည်။ ပြည်သူသည် နိုင်ငံအတွက် အဓိကကျသည်ဖြစ်၍ ပြည်သူလူထုတစ်ဦးချင်းအရည်အချင်းမြင့်မားပြီး လူတိုင်းလူတိုင်း တန်ဖိုးရှိအောင်နေထိုင်ကာ မိမိနိုင်ငံအတွက် မိမိအစိုးရနှင့်လက်တွဲညီညီဆောင်ရွက်ကြသဖြင့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများကိုလည်း မြင်တွေ့နိုင်သည်။

ထို့ကြောင့် အရည်အချင်းရှိသောပြည်သူများ၊ တန်ဖိုးရှိသော နိုင်ငံသားများ ဖြစ်လာအောင် နိုင်ငံတော်အစိုးရက ကလေးငယ်များဘဝမှစ၍ ပညာရေး၊ ကျန်းမာရေးတို့ကို အလေးထားမြှင့်တင်အားပေးနေသည်။ လူငယ်လူရွယ်များ တန်ဖိုးရှိသည့်လူကြီးများဖြစ်လာအောင် ရှုပ်ပိုင်းဆိုင်ရာ တန်ဖိုးပြည့်မည့် ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာတန်ဖိုးပြည့်မည့် ပညာရေးတို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးသည်။ အရာရာ၌ အဓိကကျသည့် ပညာဖြင့် စဉ်းစားဆင်ခြင်တွေးခေါ်နိုင်အောင် ဖန်တီးဖော်ဆောင်ပေးသည်။

ထိုသို့ဖန်တီးဖော်ဆောင်ကြရာ၌ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များကိုယ်တိုင် မိမိအတွက်၊ မိမိနိုင်ငံ၏ အနာဂတ်အတွက် ခံယူချက်နှင့် ပြင်းပြထက်သန်သော ဇွဲလုံ့လဝီရိယရှိရမည်ဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်ဘဝ ရေနံချောင်းမြို့ အမျိုးသားကျောင်းတွင် ပညာသင်ကြားစဉ်က ကျောင်းအစည်းအဝေးတစ်ခုတွင် ကျောင်းသားများ အနာဂတ်တွင် တကယ့်လူတော်လူကောင်းဖြစ်စေရန် ပြောကြားချက်မှာ အစဉ်အမြဲမှတ်သားစရာဖြစ်သည်။

"ကျွန်တော်တို့ အမျိုးသားကျောင်းသားတွေဟာ ကျောင်းစာကို ကုန်းဖတ်နေရုံနဲ့ တာဝန်ကျေပွန်ပြီလို့ မဆိုနိုင်ဘူး။ မြန်မာပြည်ကြီး သူများလက်အောက်ခံ ကျွန်ဖြစ်နေတာကို ကျွန်ဘဝကလွတ်မြောက်အောင် ဘယ်လိုဖန်တီးကယ်တင်ရမယ်ဆိုတာ ခုနေကစဉ်းစားဖို့တော်ပြီ။ ဒါတင်မကသေးဘူး၊ အခုခင်ဗျားတို့၊ ကျွန်တော်တို့ ရာဇဝင်ဘာသာ သင်နေရတယ်။ ရာဇဝင်ကို တတ်သိနားလည်ရုံနှင့်မပြီးဘူး။ ရာဇဝင်ကို ဖန်တီးပေးနိုင်တဲ့ လူတွေဖြစ်လာအောင် ကိုယ်တိုင်ကြိုးစားကြမှ တကယ့်လူတော်လူကောင်းတွေလို့ ဆိုနိုင်မယ်"ဟု ပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားဘဝကပင် အပြောနှင့် အလုပ်ကို လက်တွေ့တစ်ထပ်တည်းပြသခဲ့သည်။ ရာဇဝင်ပြောင်မြောက်သော၊ မြန်မာနိုင်ငံအတွက်ရာဇဝင်မော်ကွန်းရေးထိုးနိုင်သော အမျိုးသားခေါင်းဆောင်၊ အာဇာနည်ခေါင်းဆောင်ကြီး ဖြစ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းကို ချစ်ခင်လေးစားမြတ်နိုးတန်ဖိုးထားသော ယနေ့ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ကျောင်းပညာများကိုသင်ကြားရုံဖြင့် မပြီးသေးဘဲ အနာဂတ်ကိုဖန်တီးနိုင်မည့် တကယ့်လူတော်လူကောင်းများဖြစ်လာအောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်သည်။

ယနေ့လူငယ်လူရွယ်များသည် အနာဂတ်ကိုဖန်တီးနိုင်သူများ၊ တိုင်းပြည်၏ အားထားရမည့် ခေါင်းဆောင်များဖြစ်အောင် ကြိုးစားရမည်ဖြစ်သလို အရည်အချင်းရှိသော ပြည်သူများ၊ တန်ဖိုးရှိသော နိုင်ငံသားများ ဖြစ်အောင်လည်း အားထုတ်ရမည်ဖြစ်သည်။ လူတစ်ဦးချင်းစီတွင် တန်ဖိုးများ၊ အရည်အချင်းများ ကိုယ်စီကိုယ်စီရှိပြီးဖြစ်ရာ မိမိတို့သင်ယူဆည်းပူးခဲ့သော ပညာကိုအခြေခံသည့် တွေးခေါ်မြော်မြင် ဆင်ခြင်မှုများနှင့် ပေါင်းစပ်၍ မိမိဘဝ၊ မိမိနိုင်ငံ အနာဂတ်ဘဝတိုးတက်အောင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတည်ငြိမ်အေးချမ်းပြီးဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူများ၏ဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်၍ တန်ဖိုးရှိသော၊ အရည်အချင်းရှိသော နိုင်ငံသူ နိုင်ငံသားများဖြစ်လာအောင် ကြိုးပမ်းအားထုတ်ပြီး နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။ ။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization- ILO) ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Greg Vines အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိုင်အယ်လ်အိုအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ၏ အလုပ်သမားဥပဒေ ပြုပြင်ပြောင်းလဲမှုများနှင့် Myanmar Decent Work Country Programme (DWCP) ကို အကောင်အထည်ဖော်ဆောင်ရွက်မှုတို့တွင် ILO အနေဖြင့်ပံ့ပိုးကူညီမှုများနှင့် စပ်လျဉ်း၍လည်းကောင်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅-၂-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၂,၀၀၀	၁၂,၀၀၀	၂,၂၂၉	၂၆,၇၇၆,၅၀၀
MTSH	၃,၉၅၀	၄,၀၀၀	၅,၃၄၄	၂၁,၁၁၅,၃၅၀
MCB	၈,၂၀၀	၈,၂၀၀	၄၈	၃၉၃,၆၀၀
FPB	၂၃,၀၀၀	၂၃,၀၀၀	၃,၁၉၄	၇၂,၈၄၀,၀၀၀
TMH	၂,၉၀၀	၂,၉၀၀	၀	၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ရန်ကုန်(ရွှေဈေး) ၁၂၄၄၀၀၀ မန္တလေး(ရွှေဈေး) ၁၂၄၅၀၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**		**မန္တလေး**	
(က) ဒီဇယ်	တစ်လီတာ	၈၀၀/၈၆၅	ကျပ်	၈၅၀/၈၇၀	ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၈၆၀/၉၁၀	ကျပ်	၉၂၀/၉၄၀	ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၇၄၀/၇၈၀	ကျပ်	၈၀၀/၈၁၀	ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၈၁၀/၈၈၀	ကျပ်	၈၆၅/၈၈၀	ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၇၂၅/၇၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၃၅/၇၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၉၀/၆၉၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၄၄၆.၇
(ခ) ဥရောပ	တစ်ယူရို	=	၁၅၇၁.၇
(ဂ) တရုတ်	တစ်ယွမ်	=	၂၀၆.၁၂
(ဃ) ထိုင်း	တစ်ဘတ်	=	၄၅.၆၀၈
(c) မလေးရှား	တစ်ရင်းဂစ်	=	၃၄၁.၇၇
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၀.၁၂၈
(ဆ) ဂျပန်	တစ်ရာယန်း	=	၁၃၁၀.၄
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၉.၀၂
(ဈ) သြစတြေးလျ	တစ်ဒေါ်လာ	=	၉၅၅.၀၀
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၃၄.၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဌ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။ ၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂စဉ်၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေဒရင်း ၀၁-၂၉၁၄၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂စဉ်၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြဝတီမြို့နယ်မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော တိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

✩ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြဝတီမြို့နယ် မြစန္ဒီပန်းခြံ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

စည်းကမ်းရှိဖို့လို

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "တစ်တိုင်းပြည်လုံး ဘယ်နေရာကိုသွားသွား တတ်နိုင်သမျှ ပြည်သူလူထုနဲ့တွေ့ဆုံဖို့ ကျွန်မတို့က စီစဉ်ပါတယ်။ ဒီတွေ့ဆုံပွဲတွေ အောင်မြင်ဖို့ဆိုတာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှ အောင်မြင်မှာဖြစ်ပါတယ်။ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဆိုတာ ပထမဆုံးစည်းကမ်းရှိဖို့ လိုပါတယ်။

တကယ်တော့ ကျွန်မတို့နိုင်ငံ ရှေ့တန်းကိုရောက်ချင်ရင် ပိုပြီးအင်အားနည်းတဲ့လူတွေကို ကြင်နာတဲ့စိတ်၊ ပိုပြီးစာနာတဲ့စိတ်၊ ပိုပြီးတန်ဖိုးထားတဲ့ စိတ်တွေကို ကျွန်မတို့အားလုံး တစ်ယောက်ချင်း တစ်ယောက်ချင်းရဲ့ နှလုံးသားထဲမှာ မွေးမြူရမှာပါ။ ဒီလို စိတ်ဓာတ်တွေကို အခုလိုပွဲမျိုးကစပြီး ပြုစုပျိုးထောင်ရပါမယ်။ ကိုယ်တစ်ယောက်တည်းအတွက် မဟုတ်ဘဲ ဘေးကပတ်ဝန်းကျင်က တခြားလူတွေအတွက် အဆင်ပြေအောင်လို့ လည်း ကျွန်မတို့ စဉ်းစားဖို့လိုပါတယ်။ အဲဒီလိုစဉ်းစားနိုင်မှ ကျွန်မတို့နိုင်ငံ တိုးတက်နိုင်မှာပါ။

ကျွန်မတို့နိုင်ငံကို အရည်အချင်း ပြည့်စုံစေချင်တယ်ဆိုရင် ပထမဦးဆုံး စရမှာက ကိုယ့်ကိုယ်ကိုယ် အရည်အချင်းပြည့်စုံအောင် ကြိုးစားရမှာဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် အရည်အချင်းပြည့်စုံအောင်မလုပ်ဘဲနဲ့ နိုင်ငံက အရည်အချင်း မပြည့်ပါဘူးလို့ ပြောနေရင် ဒါအရှေ့အနောက်မညီတဲ့ စကားလို့ ကျွန်မတို့ ပြောရမှာပါ။ ဒါကြောင့် ပြည်သူတွေကိုနိုင်ငံ့အတွက် အမြဲနီစွမ်းဝေတွေးစေချင်ပါတယ်။ နိုင်ငံ့အတွက် စဉ်းစားစေချင်ပါတယ်။ နေ့တိုင်းနေ့တိုင်း ငါ့နိုင်ငံအကျိုးအတွက် ဘာလုပ်နေသလဲဆိုတာကို ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး သုံးသပ်စေချင်ပါတယ်။

သိက္ခာရှိအောင်နေထိုင်ကျင့်ကြံ

ဒီလိုပြောတဲ့အတွက် တချို့က ကျွန်တော်တို့၊ ကျွန်မတို့အလုပ်တွေက နိုင်ငံရေးနဲ့ ဘာမှမဆိုင်ပါဘူးလို့ ပြောကြပါလိမ့်မယ်။ ဒါပေမယ့် လူတိုင်း လူတိုင်းရဲ့လုပ်ရပ်မှန်သမျှဟာ နိုင်ငံနဲ့ ဆိုင်ပါတယ်။ ကျောင်းသူ ကျောင်းသားတွေအနေနဲ့ပညာတတ်အောင် သင်ယူခြင်းက နိုင်ငံအတွက်တာဝန်ကျေအောင် လုပ်ခြင်းဖြစ်ပါတယ်။ စျေးသည်က စျေးရောင်းတဲ့အခါမှာ မှန်မှန်ကန်ကန်နဲ့ကောင်းကောင်းမွန်မွန် လုပ်နေတယ်ဆိုတာ နိုင်ငံအတွက် လုပ်တာပါ။ လူတစ်ယောက်ချင်း တစ်ယောက်ချင်းအနေနဲ့ ကိုယ့်ကိုယ်ကိုယ်ဂုဏ်ရှိအောင်၊ သိက္ခာရှိအောင် နေထိုင်ကျင့်ကြံခြင်းကလည်း နိုင်ငံအတွက် လုပ်တာဖြစ်ပါတယ်။

နိုင်ငံက ဖွံ့ဖြိုးမှုနောက်ကျတဲ့ နိုင်ငံဆိုတာ မြဝတီလိုနေရာမျိုးက ပြည်သူလူထုကို ပြောဖို့မလိုပါဘူး။ ဘာဖြစ်လို့လဲဆိုရင် တစ်ဖက်က တိုးတက်နေတဲ့ နိုင်ငံကို မြင်နေရပါတယ်။ တစ်ဖက် နိုင်ငံရဲ့အခြေအနေနဲ့ ကျွန်မတို့နိုင်ငံရဲ့ အခြေအနေ ဘယ်လိုကွာခြားတယ်ဆိုတာကို မြင်နေရပါတယ်။ လက်တွေ့ကျကျပြောရမယ်ဆိုရင် ကျွန်မတို့နိုင်ငံသူ နိုင်ငံသားတွေက နယ်စပ်ဖြတ်ကျော်ပြီး တစ်ဖက်နိုင်ငံမှာ အလုပ်လုပ်ရပါတယ်။ အဲဒီလို အလုပ်လုပ်တဲ့အတွက် မိသားစုတွေ တကွဲတပြားနေထိုင်ရပါတယ်။ မိသားစုတိုင်း၊ မိသားစုတိုင်းဟာ တကယ်တော့ စုစုစည်းစည်းနဲ့နေနိုင်မှ ကောင်းပါတယ်။ အကြောင်းကြောင်းကြောင့် မိသားစုဟာ စုစုစည်းစည်းနဲ့ မနေနိုင်ဘူးဆိုရင် ဒီမိသားစုရဲ့ တိုးတက်မှုကို ထိခိုက်ပါတယ်။

ရွေးချယ်ပိုင်ခွင့်များဖို့

ကျွန်မတို့ရဲ့ နိုင်ငံသူနိုင်ငံသားတွေက နိုင်ငံရပ်ခြားမှာ သွားပြီးအလုပ်လုပ်ရတယ်ဆိုရင် ကျွန်မတို့နိုင်ငံကို ထိခိုက်ပါတယ်။ ကိုယ့်ရဲ့အရည်အချင်းတွေ အရ ကိုယ်တိုင်ရွေးချယ်ပြီး အလုပ်လုပ်တယ်ဆိုတာကတစ်မျိုးပါ။ ဝမ်းရေးအတွက် မဖြစ်မနေသွားလုပ်ရမယ်ဆိုရင် နိုင်ငံနဲ့ကိုယ့်မိသားစု၊ ကိုယ့်ရပ်ရွာ ကိုပစ်ပြီး သွားလုပ်ရတယ်ဆိုတာမျိုးကို ကျွန်မတို့ မဖြစ်စေချင်ပါဘူး။ ဒါကြောင့် နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင် လုပ်တယ်ဆိုတာ ကျွန်မတို့ရဲ့ပြည်သူလူထုအတွက် ရွေးချယ်ပိုင်ခွင့်တွေ များဖို့ဖြစ်ပါတယ်။

ကျွန်မတို့ဒီမိုကရေစီ၊ ဒီမိုကရေစီဆိုပြီး ပြောနေတဲ့အခါမှာ ဒီမိုကရေစီရဲ့ အားသာချက်တစ်ခုက ဘာလဲဆိုတော့ ပြည်သူတွေကို ရွေးချယ်ပိုင်ခွင့်တွေ ပေးခြင်းဖြစ်ပါတယ်။ နိုင်ငံရေးအရ ဆိုရင် ကိုယ်လိုချင်တဲ့အစိုးရ၊ ကိုယ် ကြိုက်တဲ့အစိုးရကို မဲပေးပြီး ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။

နောက်ပြီး ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ပြီ၊ စီးပွားရေးတောင့်တင်းနေပြီဆိုရင် ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းအတွက် ကိုယ့်မှာရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ပိုပြီးများလာပါတယ်။ မဖွံ့ဖြိုး၊ မတိုးတက်တဲ့နိုင်ငံမှာ ရွေးချယ်စရာတွေ မရှိပါဘူး။ ရတဲ့ အလုပ်ကိုလုပ်ရပြီး ဖြစ်သလိုနေရပါတယ်။ ဒါပေမယ့် နိုင်ငံဖွံ့ဖြိုးပြီ၊ တိုးတက်ပြီဆိုရင် ပြည်သူတွေအတွက် ရွေးချယ်ပိုင်ခွင့်တွေ များလာပါတယ်။ ဥပမာ ပညာရေးဘက်မှာဆိုရင် ဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတွေမှာဆိုရင် ကလေးတွေက ဘယ်လိုကျောင်းမျိုးမှာ ပညာသင်ချင်တယ်ဆိုတာကို သူတို့မှာ ရွေးချယ်ပိုင်ခွင့်တွေ ပိုပြီးများလာပါတယ်။

ငြိမ်းချမ်းရေးရဲ့တန်ဖိုး

ဒါကြောင့် နိုင်ငံကိုဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်မတို့ ကြိုးစားနေပါတယ်။ ဒီမိုကရေစီနိုင်ငံစစ်စစ်ဖြစ်ဖို့ ကြိုးစားတယ်ဆိုတာ ပြည်သူလူထုတွေရဲ့ ရွေးချယ်ပိုင်ခွင့်တွေကို ကျွန်မတို့ မြှင့်တင်ပေးချင်လို့ဖြစ်ပါတယ်။ အဲဒီလို ကြိုးစားနေတဲ့နေရာမှာ အရေးအကြီးဆုံးအချက်က ငြိမ်းချမ်းရေးဆိုတာကို အထူးပြောဖို့မလိုပါဘူး။ ငြိမ်းချမ်းရေးရဲ့တန်ဖိုး၊ ငြိမ်းချမ်းရေး မရှိခြင်းရဲ့ အနိဋ္ဌာရုံတွေကို ကရင်ပြည်နယ်က ပြည်သူတွေအသိဆုံးပါ။ ပြည်သူတွေ အနေနဲ့ မငြိမ်းချမ်းတဲ့ဒဏ်တွေကို ခံခဲ့ရပါတယ်။ ငြိမ်းချမ်းမှုရသွားတဲ့ နေရာမှာ ဘယ်လိုပြောင်းလဲသွားတယ်ဆိုတာကိုလည်း မျက်ဝါးထင်ထင် သိမြင်နေကြပါတယ်။

ကျွန်မတို့အားလုံးဟာ ငြိမ်းချမ်းရေးရဖို့အတွက် ဝိုင်းဝန်းပြီးဆောင်ရွက်ဖို့ လိုပါတယ်။ ငြိမ်းချမ်းရေးရဖို့ဆိုတာ စိတ်အတွင်းကစရပါတယ်။ စိတ်ထဲကနေ တကယ့်ကိုငြိမ်းချမ်းရေးလိုချင်မှ ကျွန်မတို့ ငြိမ်းချမ်းရေးရနိုင်မှာပါ။ စိတ်ထဲကနေ တကယ့်ငြိမ်းချမ်းရေးကိုမလိုချင်ဘဲနဲ့ ပါးစပ်ကနေ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးလို့ပြောပြီး စိတ်ထဲမှာ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ လုပ်နေမယ်ဆိုရင် ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးလမ်းစဉ်ဟာ ကြာပါလိမ့်မယ်။ ကြာလည်း ကြာခဲ့ပါပြီ။

မြန်မာနိုင်ငံ လွတ်လပ်ရေးရစဉ် အခါကစပြီး ပြည်တွင်းစစ်မီးတွေ လုံးလုံးငြိမ်းတယ်ဆိုတာ တစ်ခါမှမရှိခဲ့ပါဘူး။ ဒါ ၇၃ နှစ်ရှိသွားပါပြီ။ ကျွန်မတို့ရဲ့ပြည်သူတွေဟာ ဒီ ၇၃ နှစ်အတွင်းမှာ ဖြစ်သလိုရုန်းကန်ပြီး ရှင်သန်နေကြရပါတယ်။ ကျွန်မအနေနဲ့ပြည်သူတွေကို ဖြစ်သလိုရုန်းကန်ပြီး ရှင်သန်နေထိုင်ရတဲ့ ပြည်သူတွေ မဖြစ်စေချင်ဘူး။ ကိုယ့်ရဲ့ရွေးချယ်မှုအရ ကိုယ့်အခွင့်အရေးကို ကောင်းကောင်းမွန်မွန်စောင့်ရှောက်မယ်၊ ကာကွယ်မယ်၊ တာဝန်ကိုလည်း ထမ်းဆောင်မယ်ဆိုတဲ့ ပြည်သူလူထုမျိုးဖြစ်စေချင်ပါတယ်။ ပြည်သူတွေရဲ့စိတ်ဓာတ်ကို ကျွန်မ မစိုးရိမ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမှန်ပြောရရင် ကိုယ့်ပြည်သူတွေကို အတော်ဆုံးဖြစ်စေချင်ပါတယ်။ ကိုယ့်သား၊ ကိုယ့်သမီးကို အတော်ဆုံး၊ အလိမ္မာဆုံးဖြစ်စေချင်သလို အခြားနိုင်ငံသူ နိုင်ငံသားတွေနဲ့စာရင် ကျွန်မတို့ရဲ့ ပြည်သူတွေကို ပိုပြီးတော်စေချင်ပါတယ်။ ပိုပြီးစိတ်ဓာတ်ခွန်အားပြည့်ဝ စေချင်ပါတယ်။ ပိုပြီးဉာဏ်ရည်အရ အမြော်အမြင်ရှိစေချင်ပါတယ်။ အဲဒီလို ကျွန်မဖြစ်စေချင်ပါတယ်။

စိတ်နေစိတ်ထား

ဒါပေမယ့် ဒီလိုဖြစ်သလား၊ မဖြစ်ဘူးလားဆိုတာ ကျွန်မကမ္ဘာကြီးကို ကြည့်လိုက်တဲ့အခါ ကျွန်မတို့ပြည်သူတွေရဲ့ စိတ်ဓာတ်၊ စိတ်နေစိတ်ထားဟာ ကမ္ဘာကဘယ်သူနဲ့မဆို ယှဉ်နိုင်တယ်လို့မြင်ပါတယ်။ ကျွန်မတို့အနေနဲ့ ဖွံ့ဖြိုးမှုကိုမယှဉ်နိုင်ပါဘူး၊ နောက်ကျနေပါတယ်။ ဒီနောက်ကျနေတဲ့ ဖွံ့ဖြိုးမှုကို ကျွန်မတို့ပြင်လို့ရပါတယ်။ ကျွန်မတို့ပြည်သူတွေရဲ့ စိတ်ထားတွေကို တစ်ယောက်ချင်းတစ်ယောက်ချင်း ထိန်းသိမ်းထားနိုင်မှ ဆက်ပြီးတန်ဖိုးရှိနိုင်မှာဖြစ်ပါတယ်။ ကျွန်မက ငြိမ်းချမ်းရေးလိုချင်တဲ့ စိတ်ဓာတ်တွေကို မွေးပါလို့ပြည်သူတွေကို တိုက်တွန်းချင်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ အပစ်အခတ်ရပ်စဲရေးအတွက် မဟုတ်ဘူး။ လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေ အနေနဲ့ ငြိမ်းချမ်းဖို့အတွက် မဟုတ်ဘူး။ ကျွန်မတို့ရဲ့ ပြည်ထောင်စုအတွင်းက မတူကွဲပြားတဲ့ ယဉ်ကျေးမှုတွေ၊ ကိုးကွယ်တဲ့ ဘာသာတွေ၊ ဘာသာစကားတွေအားလုံးထဲကနေပြီး တည်ငြိမ်မှုရအောင် တစ်ယောက်နဲ့တစ်ယောက် လေးလေးစားစား ချစ်ချစ်ခင်ခင်နေတတ်နိုင်ဖို့ကို ဦးတည်တာဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ ပြည်သူတွေက မည့်ပါဘူး။ ကိုယ့်ကိုယ်ကိုယ်အထင်မသေးပါနဲ့။ ငါတို့ကဆင်းရဲတဲ့နိုင်ငံ၊ ငါတို့ကဆင်းရဲတယ်၊ ငါတို့ကပညာရေးဘက်မှာ နောက်ကျတဲ့နိုင်ငံဆိုပြီး အားငယ်စရာမလိုပါဘူး။ ဒီကိစ္စတွေက ပြုပြင်လို့ရပါတယ်။ စိတ်ဓာတ်က မှန်ကန်ရင် ဘာမဆို ပြုပြင်လို့ရပါတယ်။ ကိုယ့်စိတ်ကိုယ်ကိုယ် ပြုပြင်မယ်ဆိုတဲ့ တကယ့်သန္ဓေဌာန် ချလိုက်ပြီဆိုရင် တိုးတက်ဖို့လမ်းက ပေါ်လာပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေကို ရည်မှန်းချက် ကြီးစေချင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်ကောင်းတဲ့မာနတွေ ထားစေချင်ပါတယ်။ ငါတို့က ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ်နဲ့ နေနိုင်တဲ့ လူမျိုးဖြစ်တယ်ဆိုတဲ့ ခံယူချက်၊ ယုံကြည်ချက်နဲ့ ကျွန်မတို့နိုင်ငံရဲ့ခရီးကိုဆက်ပြီးလှမ်းစေချင်ပါတယ်။

ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးတွေဟာ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးရေးဆိုပြီး လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြပါတယ်။ ဒါကရွေးချယ်ပိုင်ခွင့်ပါ။ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးတယ်ဆိုတာ ရွေးချယ်ပိုင်ခွင့်၊ ငါဘယ်လမ်းလျှောက်မယ်။ ငါလျှောက်တဲ့လမ်းမှာ ရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေကို ဘယ်လိုရင်ဆိုင်မယ်ဆိုတာ ကိုယ့်ကိုယ်ကို ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ ဒီလမ်းကို လျှောက်ပြီဆိုရင် ဒီလမ်းမှာတွေ့ရမယ့် အခက်အခဲတွေကို ကိုယ်က အမြဲရွေးချယ်နိုင်မှာမဟုတ်ပါဘူး။ ဒီအခက်အခဲတွေကို ရင်ဆိုင်ရမှာပါ။ ဘယ်လိုပုံစံနဲ့ရင်ဆိုင်မယ်ဆိုတာ လူတိုင်း လူတိုင်း၊ တစ်ယောက်ချင်းတစ်ယောက်ချင်းမှာ ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ ကိုယ်ကသိက္ခာရှိတဲ့ အမှန်တရားတွေနဲ့ရင်ဆိုင်မလား၊ ညစ်ပတ်စုတ်ပဲ့ပြီး ရင်ဆိုင်မလား အဲဒါတွေကို ကိုယ်ကိုယ် တိုင် အားလုံးက ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ ဒါကြောင့် ရွေးချယ်ကြပါ။ ပညာရှိတွေက အမြဲပြောပါတယ်။ မှန်ကန်တဲ့လမ်းက မမှန်ကန်တဲ့လမ်းထက် အများကြီးပိုပြီးလျှောက်ရတာခက်ပါတယ်။

နောင်မျိုးဆက်အတွက် စဉ်းစား

မမှန်ကန်တဲ့လမ်းဆိုတာ ရေတိုကိုကြည့်ပြီး အခုအဆင်ပြေရင်ပြီးရောဆိုပြီး ဖြစ်သလို တဒင်္ဂအဆင်ပြေနိုင်ရေးအတွက် အဆင်ပြေသလိုလုပ်သွားတာပါ။ ဒါပေမယ့် ရေရှည်ကိုကြည့်မယ်၊ တစ်ယောက်ချင်း တစ်ယောက်ချင်းအတွက် မဟုတ်ဘူး၊ ကျွန်မတို့ရဲ့ နောင်မျိုးဆက်တွေအတွက် ကြည့်မယ်ဆိုတဲ့စိတ်ဓာတ်တွေနဲ့ လျှောက်ရင် ပိုပြီးခက်ခဲပါတယ်။ ဒါကြောင့် နိုင်ငံရေးသုခမိန်ကြီးတစ်ဦးရဲ့စကားကို ကျွန်မ ထပ်တလဲလဲပြောပါတယ်။ နိုင်ငံရေးသုခမိန်ကြီးက "နိုင်ငံရေးကိုလုပ်စားတဲ့သူတွေဟာ နောက်ရွေးကောက်ပွဲ အတွက်ပဲစဉ်းစားတယ်။ နိုင်ငံ့အရေးကိုလုပ်တဲ့သူတွေက နောင်မျိုးဆက်တွေအတွက် စဉ်းစားတယ်"ဆိုတဲ့ ပြောစကားက အလွန်မှန်ကန်တဲ့ စကားပါ။ ဒါကိုအားလုံးက စွဲစွဲမြဲမြဲ မှတ်ထားစေချင်ပါတယ်။

ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီ စနစ်မှာအရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ပြည်သူတွေကသူတို့ရဲ့ဆန္ဒကိုထုတ်ဖော်ပြတဲ့ပွဲမို့လို့အရေးကြီးပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲနိုင်ခြင်းထက် ကျွန်မတို့ နောင်မျိုးဆက်တွေအတွက် လုံခြုံမှုရှိခြင်းက ပိုပြီးအရေးကြီးပါတယ်။ လုံခြုံမှုဆိုတာ ရုပ်ပိုင်းဆိုင်ရာနဲ့စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုတွေ နှစ်ခုစလုံးရှိမှနိုင်ငံဟာ ဦးပြည့်စုံတဲ့နိုင်ငံလို့ ကျွန်မတို့ပြောနိုင်မှာပါ။

ဒီလိုပြည်သူတွေနဲ့ တွေ့ဆုံပွဲတွေ လုပ်တဲ့အခါမှာ မေးခွန်းတွေမေးခွင့်နဲ့ တင်ပြချင်တာတွေ တင်ပြနိုင်အောင် ကျွန်မအမြဲဖိတ်ခေါ်ပါတယ်။ ကျွန်မတို့ ကိုယ်တိုင်ရှင်းပြတယ်ဆိုတာပြည်သူနဲ့ ကျွန်မတို့ တစ်ထပ်တည်းစဉ်းစားနိုင်မှ၊ ညီညီညွတ်ညွတ်သွားနိုင်မှ မတူတဲ့ အမြင်တွေကို တစ်ယောက်နဲ့ တစ်ယောက်အကြား အေးအေးဆေးဆေးရှင်းလင်းနိုင်မှ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးဟာ တကယ် တည်တံ့ခိုင်မြဲနိုင်မယ်။ တကယ်ဖွံ့ဖြိုးတိုးတက်နိုင်မယ်။

ဒီလိုပြည်နယ်တွေမှာ ပြည်ထောင်စုအရေးကိုအဓိကထားပြီး ကျွန်မပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံရှိတဲ့ နိုင်ငံဖြစ်တဲ့အတွက် ကိုယ့်ပြည်နယ် အရေး၊ ကိုယ့်လူမျိုးစုအရေးကို အလေးထားတဲ့ စိတ်ကလည်းသဘာဝကျပါတယ်။ ဒီစိတ်ထားရှိတာက မှန်ပါတယ်။ ဒါပေမယ့် အဲဒါအားလုံးရဲ့အထက်မှာ ပြည်ထောင်စုအရေးရှိတယ်ဆိုတာကို မမေ့စေချင်ပါဘူး။ ပြည်ထောင်စုဆိုတာ ကျွန်မအတွက် ဘယ်တော့မှ မရိုးနိုင်တဲ့၊ လှပတင့်တယ်တဲ့ ဝေါဟာရ တစ်ခုပါ။

စဉ်းစားစေချင်

ပြည်ထောင်စုဆိုတာ ကျွန်မတို့ စုပေါင်းပြီး ထူထောင်ထားတဲ့နိုင်ငံ၊ ကျွန်မတို့ရဲ့ စုပေါင်းအင်အားတွေနဲ့ ဖြစ်ပေါ်လာတဲ့ တိုင်းပြည်၊ ဒါဘယ်လောက်ချစ်ဖို့ကောင်းသလဲ၊ ဘယ်လောက်တန်ဖိုးထားဖို့ကောင်းသလဲ ဆိုတာကို စဉ်းစားစေချင်ပါတယ်။ မိသားစုဆိုတဲ့ စကားလုံးလိုပါ။

မိသားစုဆိုတာ အဖေတစ်ယောက်တည်းလည်းမဟုတ်ဘူး၊ အမေတစ်ယောက်တည်းလည်းမဟုတ်ဘူး၊ မိဘတစ်ယောက်တည်းလည်း မဟုတ်ဘူး သားသမီးတွေပါတယ်။ အိမ်မှာနေတဲ့ ဘိုးဘွားတွေပါမယ် အဲဒါမိသားစုပါ။ ပြည်ထောင်စုကိုမိသားစုလို့ပြောတာပါ။ ပြည်ထောင်စုဆိုတဲ့ တိုင်းပြည်တစ်ခုကျွန်မတို့မှာရှိနေပါပြီ။ ဒါပေမယ့် စုပေါင်းစိတ်ဓာတ်နဲ့ စုပေါင်းပြီး ထူထောင်တဲ့ တိုင်းပြည်က တကယ့်ကို တောင့်တင်းမယ်၊ ခိုင်မာမယ်၊ တိုးတက်မှုတွေကို ကျွန်မတို့ရနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မက ပြည်နယ်တွေကို အလေးထားပြီးလာတာပါ။ ပြည်နယ်တွေကို တိုင်းဒေသကြီးတွေထက် အရေးကြီးတယ်ထင်လို့ မဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ နိုင်ငံသားတစ်ဦးချင်း တစ်ဦးချင်းဟာ တန်းတူညီတူအရေးကြီးပါတယ်။

စာမျက်နှာ ၄ သို့ ✩

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှိုင်းဘွဲ့မြို့နယ် ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ်။

☆ စာမျက်နှာ ၃ မှ

နိုင်ငံသားတွေအနေနဲ့ဆိုရင် နိုင်ငံသားတစ်ယောက်ချင်းတစ်ယောက်ချင်းကို တူညီတဲ့တန်ဖိုး ကျွန်မထားပါတယ်။ နိုင်ငံရေးလုပ်တဲ့အခါမှာ တစ်ယောက်ချင်း တစ်ယောက်ချင်းအတွက်၊ အများစုအတွက် စဉ်းစားရပါတယ်။ ဒီနှစ်ခုကြားမှာ အလုပ်ဖြစ်အောင်၊ လက်တွေ့ကျကျတိုးတက်မှုရနိုင်အောင် ကျွန်မအမြဲတမ်းစဉ်းစားပြီးလုပ်ရပါတယ်။ ဒါ ကျွန်မတို့ပြည်သူတွေနဲ့ တွေ့ဆုံပွဲမှာ ပြည်သူတွေက ကိုယ့်ရပ် ကိုယ့်ရွာ ကိုယ့်ဒေသအကျိုးအတွက်၊ တိုးတက်မှုအတွက် တင်ပြကြပါတယ်။ အဲဒီလို ပြည်သူတွေ တင်ပြတဲ့အခါမှာ ပြဿနာတွေက ဒီနေရာတစ်ခုတည်းမှာ ရှိတယ်လို့ ထင်နေကြပါတယ်။

နေရာတိုင်း၊ နေရာတိုင်းမှာ

ဒါကြောင့် ကျွန်မက အမြဲတမ်းရှင်းပြရပါတယ်။ ဒီလိုပြဿနာတွေက တစ်တိုင်းပြည်လုံးမှာ ရှိနေပါတယ်။ ဒီနေရာမှာတင် မဟုတ်ပါဘူး။ ကျွန်မတို့ သွားလေရာနေရာတွေမှာ ဒီပြဿနာတွေရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ကျန်းမာရေး၊ ပညာရေး၊ လယ်ယာမြေတွေ၊ မြေယာပိုင်ဆိုင်ခွင့်၊ သောက်သုံးရေရရှိရေးတွေက နေရာတိုင်း၊ နေရာတိုင်းမှာ ဒီပြဿနာတွေရှိပါတယ်။ နေရာတိုင်း နေရာတိုင်းမှာ ကျွန်မတို့ပြည်သူတွေက အကူအညီလိုအပ်နေပါတယ်။ ဒါဟာ ကျွန်မတို့ ဖွံ့ဖြိုးမှုနည်းနေလို့ပါ။ ဒါကြောင့် ကျွန်မတို့ဖွံ့ဖြိုးမှု ပိုပြီးများပြားလာအောင်၊ ပိုပြီးခိုင်မာလာအောင် ကြိုးစားရပါမယ်။ သို့သော်လည်း ဖွံ့ဖြိုးမှုနှင့်အတူ မရှိမဖြစ် လိုအပ်တာက ငြိမ်းချမ်းရေးပါ။ ဒါကို အစိုးရရဲ့ မြန်မာနိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးရေးစီမံကိန်းမှာ အသိအမှတ်ပြု ထည့်သွင်းရေးဆွဲထားပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဆိုတာ ခွဲလို့မရပါဘူး။ ဖွံ့ဖြိုးရေးရှိမှ ငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မယ်။ ငြိမ်းချမ်းရေးရှိမှ ဖွံ့ဖြိုးရေးကိုဆက်ပြီး ထိန်းသိမ်းနိုင်မယ်။ ဒါကြောင့် ကျွန်မတို့ငြိမ်းချမ်းရေးကို ကြိုးစားပြီး လုပ်ကိုင်နေခြင်းက ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးနှစ်ခုစလုံးရဖို့ပါ။ တစ်ချိန်တည်းမှာ နှစ်ခုစလုံးရဖို့ ကျွန်မတို့ကြိုးစားနေပါတယ်။

ဒါကြောင့် ကျွန်မတို့ရဲ့ပြည်သူတွေ အားလုံးက ပိုင်းဝန်းပြီး အကူအညီပေးကြပါ။ အထူးသဖြင့် ကျွန်မတို့ရဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ၊ ပြည်ထောင်စုသားချင်းတွေအားလုံးက ဒီပြည်ထောင်စုရဲ့သား၊ သမီးတွေဖြစ်တယ်ဆိုတဲ့စိတ်ဓာတ်နဲ့ ပြည်ထောင်စုကို တန်ဖိုးထားပြီး ငြိမ်းချမ်းရေးရဖို့အတွက်၊ ဖွံ့ဖြိုးရေးခိုင်မာဖို့အတွက် ပိုင်းဝန်းပြီးကြိုးစားကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

ဒီလိုကြိုးစားမယ်ဆိုရင် နောင်လာနောက်သားတွေ၊ မျိုးဆက်သစ်တွေအတွက် ကျွန်မတို့ခေတ်မှာ ကျွန်မတို့တာဝန်ကျေတယ်ဆိုတဲ့ စကားလုံးလေး တစ်ခွန်းနဲ့ ချီးမွမ်းလိုက်မယ်ဆိုရင် ကျွန်မတို့အားလုံး နေရကျိုးနပ်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေ ကြိုးစားကြပါ။ ငြိမ်းချမ်းရေးရအောင်လို့ တစ်ဦးချင်း တစ်ဦးချင်း အတွေးစိတ်ထဲကစပြီး ငြိမ်းချမ်းရေးကို ဦးတည်ကြပါ။ ဘယ်ဘာသာကို ကိုးကွယ် ကိုးကွယ် မေတ္တာတရားဆိုတာ ဆိုးတယ်လို့ ဘယ်ဘာသာကမှ မပြောပါဘူး။ ကျွန်မတို့အချင်းချင်းမှာ မေတ္တာပွားကြပါ။ ငြိမ်းချမ်းချင်တဲ့စိတ်တွေကို ထိန်းသိမ်းကြပါ။ အလုပ်ကို လည်းကြိုးစားကြပါ။ ကျွန်မတို့ပြည်သူ ပြည်သားတွေအနေနဲ့ အလုပ်ကြိုးစားဖို့ လိုအပ်ပါတယ်။

၁၉၄၇ ခုနှစ် လွတ်လပ်ရေးမရခင်က ဖေဖေ ပြောခဲ့တဲ့စကားရှိပါတယ်။ ဖေဖေပြောတာက "ဒီစစ်ကြီးအတွင်းမှာ နိုင်ငံဟာ အင်မတန်မှအထိနာပြီး ပျက်စီးခဲ့လို့ တခြားသူတွေ လမ်းလျှောက်နေတဲ့အချိန်မှာ ပြေးနိုင်မှဖြစ်မယ်"လို့ ပြောခဲ့ပါတယ်။ အခုလည်း ဒီအတိုင်းပါပဲ။ ကျွန်မတို့ဟာ တခြားနိုင်ငံတွေ လမ်းလျှောက်နေတဲ့ အချိန်မှာ ကျွန်မတို့ပြေးနိုင်မှ၊ ပိုပြီး အပင်ပန်းခံနိုင်မှ ကျွန်မတို့ရောက်သင့်ရောက်ထိုက်တဲ့နေရာကို ရောက်သွားမှာပါ။

လက်တွဲပြီး လုပ်

ဒါကြောင့် အပြေးလေ့ကျင့်ကြပါလို့ ကျွန်မအနေနဲ့ ဆော်သြချင်ပါတယ်။ အားလုံးကနေပြီး တစ်ယောက်နဲ့ တစ်ယောက် လက်တွဲပြီး ပြေးတယ်ဆိုရင် တစ်ယောက်တည်းပြေးတာထက် အများကြီးသက်သာပါတယ်။ ဘာမဆို လက်တွဲပြီး လုပ်တယ်ဆိုရင် ကိုယ်တစ်ယောက်တည်း လုပ်ရတာထက် ပိုပြီး စိတ်ထဲမှာ ပေါ့ပါးသွားမှာပါ။ ဒါကြောင့် တစ်ယောက်ချင်း တစ်ယောက်ချင်းလက်ကမ်းပြီး၊ လက်ကို ဆုပ်ကိုင်ထားပြီး အတူသွားချင်တဲ့ စိတ်ဓာတ်တွေကို အားပေးကြပါ။ အချင်းအချင်း စိတ်ဝမ်းကွဲမယ့်စိတ်ဓာတ်တွေ၊ အတွေးအခေါ်တွေ၊ အပြောအဆိုတွေ၊ အလုပ်အကိုင်တွေကို ရှောင်ကြဉ်ကြပါလို့ ကျွန်မအနေနဲ့မေတ္တာရပ်ခံပါတယ်"ဟု ပြောကြားသည်။

တင်ပြ

ထို့နောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် မြဝတီမြို့အမှတ် (၅)ရပ်ကွက်မှ ဦးစိန်သောင်း၏ မြဝတီမြို့ဆေးရုံအား ခုတင်(၂၀၀)ဆံ့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရေး၊ လက်ရှိ ခုတင်(၁၀၀)ဆံ့ဆေးရုံတွင် အထူးကုဆရာဝန်များနှင့် လိုအပ်သော ဆက်စပ်ပစ္စည်းများ ဖြည့်ဆည်းပေးရေး၊ အမှတ်(၂) ချစ်ကြည်ရေးတံတားဖောက်လုပ်ခဲ့သည့်အတွက် အမှတ်(၅) ရပ်ကွက် ရေဟူကျေးရွာ အဝင်လမ်းပြောင်းပြန်ဖြစ်နေသည့်အတွက် ရေဟူကျေးရွာ အဝင်လမ်း လမ်းလယ်ကျွန်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားလမ်းလယ်ကျွန်းနှင့် လမ်းဘေး၀ဲ၊ ယာတွင် လမ်းမီးတိုင်ထွန်းလင်းရေး၊ အမှတ်(၃)ရပ်ကွက်မှ ဦးမြင့်ကျော်၏ မြဝတီမြို့ အာရှလမ်းမပေါ်ရှိ ဂရိတ်ဝမ်းဟိုတယ်နှင့် မိုးထမင်းဆိုင်လမ်းကြား၌ ရေနုတ်မြောင်း ဖောက်လုပ်ပေးရေး မေးခွန်းတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊

ရှင်းလင်းပြောကြား

တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများထဲမှ မေးခွန်းမေးမြန်းလိုသူ ၃၉ ဦးအနက် မဲပေါက်သူ ငါးဦးဖြစ်သည့် အမှတ်(၂)ရပ်ကွက်မှ ဦးဝင်းနိုင်ဦး၏ မြဝတီမြို့၌ မူးယစ်ဆေးဝါး၊ ခိုးဆိုး၊ လုနှိုက်များအား ထိရောက်စွာ အရေးယူပေးနိုင်ရေး၊ အမှတ်(၅)ရပ်ကွက်မှ ဦးစောလွင်၏ အမှတ်(၅)ရပ်ကွက် စိုက်ဂုံမြတ်လေး အေးမြိုင်လမ်းရှိ အိမ်ထောင်စု ၁၅၅ စု နေထိုင်သည့် နေရာအား BGF အဖွဲ့မှ သိမ်းဆည်းသွားသည့်အတွက် ဖြေရှင်းပေးနိုင်ရေး၊ အမှတ်(၃)ရပ်ကွက်မှ ဦးချစ်ငွေ၏ အမှတ်(၃)ရပ်ကွက်၌ မြေနေရာကိစ္စ အနိုင်ကျင့် တရားစွဲဆိုခံနေရမှုအား ဖြေရှင်းပေးနိုင်ရေး၊ အမှတ်(၄)ရပ်ကွက်မှ ဦးစောမောင်ပိန်၏ အမှတ်(၄) ရပ်ကွက်တွင် ငြိမ်းချမ်းရေးကောင်စီမှ လူဦးရေ ၆၀ နှင့် ဒေသခံ ၂၀ တို့အား ကျူးကျော်နေထိုင်သည်ဟု ဆိုပြီး တရားစွဲခံနေရမှုအား ဖြေရှင်းပေးရေး၊ အမှတ်(၄)ရပ်ကွက်မှ ဒေါ်ခင်သီတာ၏ မြဝတီမြို့၌ လူကူးမျဉ်းကျား ပြုလုပ်ပေးရန်နှင့် ပလက်ဖောင်းများ ပြုပြင်ပေးရေး မေးခွန်းတို့နှင့်စပ်လျဉ်း၍ လည်းကောင်း မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ချက်ချင်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့်အခြေအနေများ၊ စီစစ်ဆောင်ရွက်ပေးသွားရမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ပြောကြား

မေးမြန်း တင်ပြချက်များအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မူးယစ်ဆေးဝါးကိစ္စသည် မိမိတို့နိုင်ငံ နေရာအနှံ့အပြားတွင် ဖြစ်နေပါကြောင်း၊ မူးယစ်ဆေးဝါးကို ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံများ၌ပင် အားလုံး ဖြေရှင်း၍မရသေးပါကြောင်း၊ တရားဥပဒေစိုးမိုးမှု ခိုင်လုံသည့်နိုင်ငံများ၌ လည်း မထိန်းချုပ်နိုင်သေးပါကြောင်း၊ မိမိတို့နိုင်ငံတွင် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူရော၊ အစိုးရရော ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်း၌ တည်ငြိမ်အောင်ထိန်းသိမ်းရန်ဖြစ်ပြီး နိုင်ငံအကျိုး၊ လူ့အဖွဲ့အစည်းအကျိုး အတွက်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပြည်သူများအနေဖြင့် ဥပဒေကို လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ ရဲတပ်ဖွဲ့သည်လည်း လူမှုအသိုက်အဝန်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ရဲတပ်ဖွဲ့အနေဖြင့် လည်း ပြည်သူ့လေးစားအောင်နေထိုင်သင့်ပါကြောင်း၊ မူးယစ်ဆေးစွဲသွားသည့် ပြည်သူများ ပြန်လည်ထူထောင်နိုင်ရန်ခက်ခဲပါကြောင်း၊ သို့သော်လည်း ဆေးဖြတ်ပြီးသူများ ပြန်လည်မသုံးစွဲစေရန် ထူထောင်ရေးစင်တာများ ဆောင်ရွက်နေပါကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ ရဲတပ်ဖွဲ့ဝင်များအဆင့်မီစေရေး၊ မူးယစ်ပညာပေးလုပ်ငန်းများကို လုပ်ကိုင်နေပါကြောင်း၊ မြေယာပြဿနာများကိုလည်း အမြန်ဆုံးစိစစ်ပေးမည်ဖြစ်ပါကြောင်း၊ ကွင်းဆင်းစစ်ဆေးစေမည်ဖြစ်ပါကြောင်း၊ တရားရုံး၌ ရင်ဆိုင်နေရသည့်အမှုကိုလည်း အမြန်စစ်ဆေးဆောင်ရွက်ရန် ညွှန်ကြားသွားမည်ဖြစ်ပါကြောင်း၊ လူကူးမျဉ်းကျားနှင့် ပလက်ဖောင်းကိုလည်း စည်ပင်သာယာအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ ပြည်သူများ အနေဖြင့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ကြစေလိုကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ရပ်ရွာကိစ္စများကို စိတ်ဝင်တစား နားထောင်နေသည့်အတွက် မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ စည်းကမ်းရှိပြီး တာဝန်သိသည့် ပြည်သူများ များပြားလာပါက မိမိတို့နိုင်ငံ ယခုထက် တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်သူများ ကျန်းမာချမ်းသာပြီး ဘေးကင်းကြပါစေကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူ တိုင်းရင်းသား တိုင်းရင်းသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မြဝတီမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ကော့ကရိတ်မြို့သို့ ပြန်လည်ရောက်ရှိပြီး ထိုမှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ လှိုင်းဘွဲ့မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား ကရင်ပြည်နယ်လွတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကရင် ဒုံးယိမ်းအကအဖွဲ့များနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် လှိုင်းဘွဲ့မြို့တွင်း လမ်းမတစ်လျှောက်၌ ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လှိုင်းဘွဲ့မြို့နယ် အောင်ဆန်းခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

ကြိုးစားပြီး သွားခဲ့

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကရင်ပြည်နယ်က ကျယ်ပြန့်တဲ့အခါ နေရာတိုင်း နေရာတိုင်းကို ရောက်ဖို့ဆိုတာ ခဲယဉ်းပါတယ်။ ကျွန်မအနေနဲ့ မြန်မာနိုင်ငံ အတွင်းမှာ မရောက်ဖူးတဲ့နေရာဆိုတာ မရှိသလောက်ပါပဲ။ သို့သော်ငြားလည်း တစ်နေရာမှာ နေရတဲ့အချိန်က အင်မတန်မှနည်းပါတယ်။ ကျွန်မတို့က ကျယ်ကျယ်ပြန့်ပြန့် ပြည်သူလူထုနဲ့ ထိတွေ့မှုရှိနိုင်အောင် နည်းအမျိုးမျိုးနဲ့ တစ်တိုင်းပြည်လုံးကို ရောက်အောင် ကြိုးစားပြီး သွားခဲ့ပါတယ်။

အခုနောက်ပိုင်း အစိုးရတာဝန်ကို ထမ်းဆောင်တဲ့အခါ ဒီလိုခရီးသွားဖို့ အချိန်က ပိုပြီးနည်းလာတယ်လို့ပြောရမှာပါ။ ကျွန်မက နိုင်ငံခြားရေးဝန်ကြီးဌာနကို တာဝန်ယူထားတဲ့အတွက် နိုင်ငံခြားရေးဆိုင်ရာ ကိစ္စတွေအပြင် ပြည်တွင်းမှာရှိတဲ့ တာဝန်တွေကိုလည်း ဆောင်ရွက်ရပါတယ်။ ပြည်တွင်းနဲ့ ပြည်ပတာဝန်တွေဆိုတာ တကယ်တော့ လုံးဝကွဲနေတာ မဟုတ်ပါဘူး။ အားလုံးက ဆက်စပ်နေပါတယ်။

ကမ္ဘာ့အလယ်မှာ ဝင်ဆံ့အောင်

ကျွန်မတို့ရဲ့နိုင်ငံဟာ ကမ္ဘာကြီးပေါ်မှာ အထီးတည်းနဲ့ ကိုယ့်ကိုယ်ကိုယ် ရပ်တည်နေတဲ့နိုင်ငံ မဟုတ်ပါဘူး။ ဘယ်နိုင်ငံကမှ အခုခေတ်မှာတစ်နိုင်ငံတည်း ကမ္ဘာ့အလယ်မှာ ရပ်တည်လို့ မရပါဘူး။ ကမ္ဘာ့အလယ်မှာ ဝင်ဆံ့အောင်၊ တင့်တယ်အောင်နေဖို့ ကြိုးစားရပါတယ်။ ဒီလိုကြိုးစားတဲ့ အခါမှာ တစ်ကမ္ဘာလုံးကနေပြီး လက်ခံထားတဲ့ စံနှုန်းစံထားတွေကို လေးစားရပါတယ်။

ဒါပေမယ့် ကျွန်မတို့နိုင်ငံရဲ့ အစဉ်အလာအရကောင်းတဲ့စံနှုန်းစံထားတွေကို ဆက်လက်ပြီး ထိန်းသိမ်းထားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတိုင်း နိုင်ငံတိုင်း၊ ယဉ်ကျေးမှုတိုင်း ယဉ်ကျေးမှုတိုင်းမှာ သူ့တန်ဖိုးနဲ့သူ ရှိပါတယ်။ ဒီတန်ဖိုးကိုလည်း ကျွန်မ ကြာလေပိုပြီး နားလည်လာတယ်လို့ ပြောရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ခရီးသွားတဲ့အခါ ချမ်းသာတဲ့နိုင်ငံတွေနဲ့ သိပ်ပြီးမချမ်းသာတဲ့နိုင်ငံတွေကို ရောက်ခဲ့ပါတယ်။ အရေးကြီးတာက သူတို့ပြည်သူတွေရဲ့ အရည်အချင်းပါ။ ဒါက ကျွန်မတို့အတွက် သင်ခန်းစာပါ။ ကျွန်မတို့နိုင်ငံက ချမ်းသာတဲ့၊ အင်အားကြီးတဲ့နိုင်ငံကြီးမဟုတ်ပါဘူး။ အရေးကြီးတာက နိုင်ငံသားတစ်ဦးချင်းတစ်ဦးချင်းရဲ့ အရည်အချင်းပါ။ ဒါကို တခြားပြင်ပနိုင်ငံတွေက အသိအမှတ်ပြုပြီး လေးစားတန်ဖိုးထားရတယ်ဆိုတာ ကျွန်မတို့အတွက် အားတက်စရာဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံကို လွတ်လပ်ရေးရပြီးတဲ့အချိန်ကစပြီး ကမ္ဘာက ပြောပါတယ်။ "ဒီနိုင်ငံဟာ အလားအလာဖြစ်နိုင်ခြေတွေ သိပ်ကောင်းတဲ့နိုင်ငံဆိုပြီး" ခဏခဏပြောကြပါတယ်။ တစ်ဆက်တည်း သူတို့ပြောတာက "ဒီအလားအလာတွေ၊ ဖြစ်မြောက်နိုင်ခြေတွေက မပြည့်သေးဘူး"လို့လည်း ပြောကြပါတယ်။ အလားအလာတွေ၊ ဖြစ်မြောက်နိုင်ခြေတွေရှိပြီး မဖြစ်မြောက်သေးဘူး။ ဖြစ်မြောက်အောင် ဆောင်ရွက်ဖို့ လိုသေးတယ်ဆိုတာကိုလည်း ခဏခဏ ပြောကြပါတယ်။ ဒါဟာ ကျွန်မတို့ရဲ့ ဦးတည်ချက်တစ်ခုပါ။

စာမျက်နှာ ၅ သို့ ☆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှိုင်းဘွဲ့မြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှိုင်းဘွဲ့မြို့ ရဟတ်ယာဉ်ကွင်းခ် ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

✯ စာမျက်နှာ ၄ မှ

ပြည်သူကနေ တာဝန်ပေးထားတဲ့ အစိုးရတစ်ခုအနေနဲ့ တာဝန်ရှိတဲ့ အတိုင်း ကျွန်မတို့နိုင်ငံမှာရှိတဲ့ ဖြစ်မြောက်ဖွယ်ရာ အလားအလာ ကောင်းတွေကို အကောင်အထည်ဖော်ဖို့ တာဝန်ရှိပါတယ်။ ဒီလို အကောင်အထည်ဖော်ရာမှာ ပြည်သူက အမြဲပါရမယ်ဆိုတာကိုလည်း ကျွန်မတို့ဘယ်တော့မှ မျက်ခြည်မပြတ်ပါဘူး။ ပြည်သူတွေအနေနဲ့ ကိုယ့်နိုင်ငံတိုးတက်စေချင်ရင်၊ ကိုယ်ဖြစ်စေချင်တာတွေဖြစ်ချင်ရင် ကိုယ်ကိုယ်တိုင်လည်းပါဝင်ရပါမယ်။ နိုင်ငံရဲ့တိုးတက်မှုနဲ့ပတ်သက်လို့ဘယ်တော့ဖွံ့ဖြိုးမလဲ၊ ဘယ်တော့ချမ်းသာမလဲဆိုပြီး မေးနေကြတဲ့အထဲမှာ တကယ်လုပ်ပြီး မေးတဲ့လူက နည်းပါတယ်။ ဒီလိုမေးတဲ့သူ အများစုက လုပ်နိုင်ရဲ့သားနဲ့မလုပ်ဘဲ မေးတာပါ။ မလုပ်နိုင်တဲ့သူတွေကို ပြောတာမဟုတ်ပါဘူး။ ဒါပေမယ့် လုပ်နိုင်ရက်နဲ့ မလုပ်တဲ့သူတွေက မေးလေ့မေးထရှိတာကို ကျွန်မ သတိပြုမိပါတယ်။

ကိုယ့်တန်ဖိုး

ကျွန်မတို့ပြည်သူတွေအနေနဲ့ ကိုယ့်တန်ဖိုးကို ကိုယ်မမေ့ပါနဲ့။ ကိုယ့်ကိုယ် ကိုယ်ယုံကြည်မှုရှိရမယ်။ ကိုယ့်မှာ လုပ်အားရှိတယ်ဆိုတာကို မမေ့ပါနဲ့။ ဒီလုပ်အားကို ကိုယ့်အတွက်လည်း သုံးပါ။ အများအတွက်လည်း သုံးပါ။ ဒီလိုလုပ်လိုက်မယ်ဆိုရင် နိုင်ငံက ဖွံ့ဖြိုးတိုးတက်မှာပါ။

ကျွန်မတို့နိုင်ငံက နိုင်ငံတကာရဲ့ ပါဘူး။ သို့သော် ကျွန်မတို့က ပထမဦးဆုံး လုပ်သင့်လုပ်ထိုက်တာကို လုပ်တဲ့ နိုင်ငံတစ်ခုပါ။ ကျွန်မတို့အနေနဲ့ ကျန်းမာရေးကိစ္စသာမက စီးပွားရေးဘက်ကလည်း ထိခိုက်နိုင်တယ်ဆိုတာကို နှလုံးသွင်းပြီး အစောကြီး လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ပါတယ်။ ဝူဟန်မှာရှိနေတဲ့ ကျွန်မတို့ရဲ့ လူငယ်နိုင်ငံသားတွေကို ပြန်ပြီးခေါ်တဲ့အထဲမှာ ကျွန်မတို့က ပထမဦးဆုံးပါ။ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးနိုင်ငံမဟုတ်ပါဘူး။ ဒါပေမယ့် နိုင်ငံသားတွေကို တတ်နိုင်သမျှ စောင့်ရှောက်မယ်ဆိုပြီး ပထမဦးဆုံး စီစဉ်ပြီး ပြန်ခေါ်တဲ့နိုင်ငံ ဖြစ်ပါတယ်။ အခုလည်း နိုင်ငံကို ပြန်လာချင်တဲ့ တရားမဝင်သွားရောက်ခဲ့တဲ့သူတွေကို ကျွန်မတို့က တတ်နိုင်သလောက် ကူညီပြီးပြန်ခေါ်မှာပါ။

ဒီလို တရားမဝင်သွားရောက်နေတဲ့သူတွေနဲ့ဆက်စပ်ပြီး သူတို့အနေနဲ့ တရားဝင်စာရွက်စာတမ်းတွေမရှိတဲ့ အတွက် အနိုင်ကျင့်ခံရတာတွေနဲ့ ပတ်သက်ပြီး ကျွန်မ အမြဲကူညီပါတယ်။ ဒါအစိုးရကနေ ချမှတ်ထားတဲ့မူပါ။ ကျွန်မတို့နိုင်ငံသူ နိုင်ငံသားတွေ အားလုံး တစ်ယောက်ချင်း တစ်ယောက်ချင်း ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ကျွန်မတို့ တာဝန်ယူမှုရှိပါတယ်။ အဲဒီတာဝန်ကိုလည်း ကျွန်မတို့ ခေါင်းမရှောင်ပါဘူး။ ကျွန်မ ခဏခဏ တာဝန်အကြောင်းကို ပြောပါတယ်။ တကယ်တော့ တာဝန်ရှိတယ်ဆိုတာကို ကိုယ်ကဂုဏ်ယူရမယ်။ တာဝန်မရှိတဲ့သူဆိုတာ တန်ဖိုးမရှိတဲ့သူပါ။ ဒါကြောင့် တာဝန်ဆိုတာ နောက်ဆုံး ကျတော့ သတ်မှတ်ထားတဲ့ ကိုယ်လုပ်ရမယ့်ကိစ္စမဟုတ်ဘဲနဲ့ မေတ္တာ၊ စေတနာနဲ့ တွဲနေတဲ့ကိစ္စဖြစ်တဲ့အတွက် တကယ် အဓိပ္ပာယ်ပြည့်ဝပါတယ်။ ကျွန်မတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် တကယ်မေတ္တာ၊ စေတနာထားမယ်ဆိုရင် ကိုယ့်ကိုယ်လုပ်ပေးသမျှအပေါ် ကိုယ်က တန်ဖိုးထားပြီး ကျေးဇူးတင်မယ်ဆိုရင် ကျွန်မတို့ လူ့အသိုင်းအဝိုင်းဟာ သာယာတဲ့ အသိုင်းအဝိုင်းတစ်ခုဖြစ်မှာပါ။

မျှဝေချင်တယ်ဆိုတဲ့စိတ်

ဘာဖြစ်လို့လဲဆိုရင် ကျွန်မတို့နိုင်ငံက ပြည်သူတွေဟာ မေတ္တာ၊ စေတနာ ဘက်မှာ မည့်ပါဘူး။ ပြည်သူတွေက ချစ်စရာလည်းကောင်းတယ်၊ တန်ဖိုးထားစရာလည်း ကောင်းတယ်လို့ကျွန်မ ထင်ပါတယ်။ ကျွန်မတို့ပြည်သူတွေမှာ ရှိတဲ့ ပေးကမ်းချင်တဲ့စိတ်ဓာတ်က အလွန်ကောင်းပါတယ်။ ဒါကို စနစ်တကျလုပ်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေဟာ ကိုယ့်ရဲ့ အားသာချက်တွေကိုလည်း သိရမယ်။ ကိုယ်ရဲ့အားနည်းချက်တွေကိုလည်း သိရမယ်။ ရက်ရောတယ်ဆိုတာကောင်းပါတယ်။ အားလုံးနဲ့ မျှဝေချင်တယ်ဆိုတဲ့စိတ်က ကောင်းပါတယ်။ ဒါပေမယ့် အဲဒီလိုမျှဝေတဲ့နေရာမှာလည်း စည်းကမ်းရှိရှိ မျှဝေမှ ထိထိရောက်ရောက်ရှိမယ်။ ကူညီတဲ့နေရာမှာ စနစ်တကျနဲ့ စည်းနဲ့ကမ်းနဲ့လုပ်မှ ဖိအားတွေကို အများကြီးခံခဲ့ရပါတယ်။ အဓိကခံရတာက ရခိုင်ပြည်နယ်မှာ ဖြစ်တဲ့ပြဿနာတွေကို သေသေချာချာ ဂဃနဏာနားမလည်ဘဲနဲ့ ကျွန်မတို့ကို အမျိုးမျိုး ဝေဖန်စွပ်စွဲနေတာတွေ ကြောင့်ပါ။ အခုဆို စိန်ခေါ်မှုတွေအများကြီး ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုထဲကနေ အရင်နှစ်က ကျွန်မတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ သိသိသာသာတိုးတက်လာပါတယ်။ ဒါက ကျွန်မတို့နိုင်ငံဟာ ရုန်းကန်နေရပြီး အကူအညီမရတဲ့အထဲကနေ ဒီလိုတိုးတက်မှုရအောင် လုပ်နိုင်တာပါ။ ဒါပေမယ့် စိန်ခေါ်မှုတွေက တစ်ချိန်လုံးရှိနေပါတယ်။ မထင်မှတ်ဘဲနဲ့လည်း ပေါ်လာတာရှိပါတယ်။

အများသိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကိစ္စက ကျွန်မတို့နိုင်ငံအပေါ်မှာ အကျိုးသက်ရောက်မှုရှိပါတယ်။ အဲဒီအကျိုးသက်ရောက်မှုတွေကို ရှောင်ရှားလို့မရ ဘူးလို့ ကျွန်မတို့ကတော့ ယုံကြည်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ ကတော့ ဘယ်လိုပဲ ဖြစ်ပေါ်ပေါ် ကျွန်မတို့ရဲ့ တာဝန်ကတော့ ပြည်သူတွေ ကျန်းမာရေးကို ဦးစားပေးတာ ဟာ ကျွန်မတို့ ရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ ဒီတော့ ကျွန်မတို့ ကတော့ ကျန်းမာရေးကိစ္စ ကို ဦးစားပေးပြီး ကျန်းမာရေး ဝန်ကြီးဌာနက ပြောတဲ့ အတိုင်း ကျွန်မတို့ ကတော့ ကိုယ်ကိုယ်တိုင် ကာကွယ်ရေးတွေ ကို ကောင်းကောင်း လုပ်ကိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာန ကပြောတဲ့ အတိုင်း ကျွန်မတို့ ကတော့ ကိုယ်ကိုယ်တိုင် ကာကွယ်ရေး တ

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှဌေးအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် တွေ့ဆုံစဉ်။

☆ စာမျက်နှာ ၅ မှ

သဘောထား မတူညီတာတွေကို မငြိမ်းချမ်းတဲ့နည်းတွေနဲ့ ဖြေရှင်းဖို့ မလိုပါဘူး။ ငြိမ်းချမ်းတဲ့နည်းတွေနဲ့ ဖြေရှင်းနိုင်တယ်ဆိုတဲ့ ယုံကြည်ချက်ကို လက်ကိုင်ထားပြီး ကျွန်မတို့ တစ်ယောက်ချင်း တစ်ယောက်ချင်းက သွားမယ်ဆိုရင် ဒီနိုင်ငံဟာ မကြာမီမှာ ငြိမ်းချမ်းတဲ့နိုင်ငံဖြစ်မှာပါ။ နိုင်ငံဟာ ငြိမ်းချမ်းရေးရပြီဆိုတာနဲ့ တောင်တောက်မြန်မြန် တိုးတက်မယ်ဆိုတာကို ကျွန်မယုံကြည်ပါတယ်။

အားလုံးလက်တွဲပြီး ရင်ဆိုင်

အခု ကျွန်မတို့နိုင်ငံဟာ မငြိမ်းချမ်းသေးဘူး၊ လက်နက်ကိုင်တပ်ဖွဲ့တွေကလည်း တော်တော်များပါတယ်။ ကျွန်မတို့ရဲ့ ပင်လုံအစည်းအဝေးကိစ္စတွေကလည်း မပြီးပြတ်သေးပါဘူး။ သို့သော် ရခိုင်နဲ့ပတ်သက်ပြီး တစ်ကမ္ဘာလုံးက ဖိနှိပ်နေတာတွေလည်းရှိပါတယ်။ ဒီကြားထဲကနေ ကျွန်မတို့ ရုန်းကန်ပြီး တိုးတက်အောင်လုပ်နိုင်ပါတယ်။ ဒီလိုပြဿနာတွေမရှိဘူးဆိုရင် ဘယ်လောက်တိုးတက်နိုင်မလဲဆိုတာ စဉ်းစားကြည့်ပါ။ ပြည်ပက ကျွန်မတို့ကို ဘယ်လိုပဲကြည့်ကြည့်၊ ဘယ်လိုဖိအားတွေပဲရှိရှိ အဓိကပြည်တွင်းအင်အားပါ။ ကျွန်မတို့ပြည်တွင်းမှာ ကျွန်မတို့ဟာ ညီညွတ်တယ်၊ တစ်စိတ်တည်း တစ်ဝမ်းတည်းရှိတယ်။ အားလုံးလက်တွဲပြီး ရင်ဆိုင်စရာ အားလုံးကို ရင်ဆိုင်မယ်ဆိုရင် ဘယ်ပြည်ပစိန်ခေါ်မှုကိုမှ ကျွန်မတို့ ကြောက်ဖို့မလိုပါဘူး။ ဘယ်ပြည်ပစိန်ခေါ်မှုကိုမှ စိုးရိမ်စရာမရှိပါဘူး။

ကျွန်မတို့ တိုးတက်ရမှာ မုချအမှန်ပါ။ ဒါကို ကျွန်မတို့ ယုံကြည်နိုင်ပါတယ်။ လူတစ်ယောက်ချင်း တစ်ယောက်ချင်းဟာ ကိုယ်ဘာလုပ်ပေးနိုင်လဲဆိုတာကို ကြည့်ပါ။ ငြိမ်းချမ်းရေးဘက်မှာ လုပ်ပေးမလား၊ ကိုယ်ကိုယ်တိုင် စည်းကမ်းရှိဖို့အတွက် လုပ်ပေးမလား၊ ဖွံ့ဖြိုးတိုးတတ်ရေးအတွက် ကိုယ့်ရဲ့လုပ်ငန်းတွေမှာ အောင်မြင်မှုအတွက် လုပ်ပေးမလား၊ ဒီလိုရွေးချယ်စရာတွေက အများကြီးရှိပါတယ်။

ဒီရှေ့က ကျောင်းသား ကျောင်းသူတွေအနေနဲ့ ကျောင်းမှာစာသင်သွားတဲ့အခါ ရည်ရွယ်ချက်က ငါတို့နိုင်ငံ တိုးတက်ဖို့နဲ့ ငါတို့နိုင်ငံကို ကူညီနိုင်ဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျောင်းမှာ စာသင်မယ်ဆိုရင် ဒါ နိုင်ငံဖွံ့ဖြိုးရေးအတွက်၊ ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုပါတယ်။ ဒါကို ကျွန်မတို့ ပြည်သူများအားလုံးက ကြိုးစားပေးပါ။ ကျွန်မတို့အစိုးရက လည်း ကြိုးစားပါမယ်။ ကျွန်မတို့မှာ စိန်ခေါ်မှုတွေများတယ်၊ အားနည်းချက်တွေလည်းရှိပါတယ်၊ ဒါကို ကျွန်မတို့ ဝန်ခံပါတယ်။ ဒါကိုလည်း ကျွန်မတို့ ရင်ဆိုင်ပါမယ်။ အားနည်းချက်တွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ အမြဲကြိုးစားနေပါတယ်။ ပြည်သူတွေကလည်း ကိုယ့်ရဲ့အားနည်းချက်တွေကို ရင်ဆိုင်ကျော်လွှားပြီး ကျွန်မတို့နိုင်ငံ တိုးတက်ရေးအတွက် ဝိုင်းဝန်းပြီး ကူညီပေးဖို့ ကျွန်မ မေတ္တာရပ်ခံချင်ပါတယ်” ဟု ပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် လှိုင်းဘွဲမြို့(က) ရပ်ကွက်မှ နန်းမူမူခလိန်းဟိ၏ လှိုင်းဘွဲ–ဘားအံ ကားလမ်းအား အဆင့်မြှင့်တင်ပေးရေး၊ (ခ)ရပ်ကွက်မှ ဦးသာခင်၏ လှိုင်းဘွဲမြို့ရှောင်လမ်း ဖောက်လုပ်ပေးရေး၊ ရွှေဥန်းကျေးရွာမှ ဦးမောင်မောင်၏ လှိုင်းဘွဲ–ရွှေဥန်း ကားလမ်းအား အဆင့်မြှင့်တင်ပေးရေး၊ ကစိုကျေးရွာမှ ဦးစောစိန်၏ လှိုင်းဘွဲ–ပိုင်ကျုံလမ်းပိုင်း(၁၅)မိုင်အား တိုးချဲ့ပေးနိုင်ရေးနှင့် လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ အမှတ်(၂)ရပ်ကွက်မှ ဦးစောခင်ဝင်း၏ ရှမ်းရွာသစ်မြို့ လျှပ်စစ်မီးလင်းရေးအတွက် ဓာတ်အားလိုင်းသွယ်တန်းပေးရေးနှင့် ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ပေးရေး မေးခွန်းတို့နှင့်စပ်လျဉ်း၍ လည်းကောင်း။

တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ခန်းမအတွင်းနှင့် ခန်းမအပြင်မှ မေးခွန်းမေးမြန်းလိုသူ ၂၁ ဦးအနက် မဲပေါက်သူ လေးဦးဖြစ်သည့် ထီလုံကျေးရွာမှ ဒေါ်မကြီးမား၏ လှိုင်းဘွဲမြို့နယ် ရေဘုတ်ရေလှောင်တမံ တည်ဆောက်ရာတွင် ပါဝင်သွားသည့် ၎င်း၏လယ်မြေများအတွက် နစ်နာကြေးရရှိနိုင်ရေး၊ ထီလုံကျေးရွာမှ ဦးအေးမြင့်၏ ထီလုံတိုက်နယ်ဆေးရုံ အမြန် ဖွင့်လှစ်ပေးနိုင်ရေးနှင့် ဆေးကုသခွင့်ရရှိရေး၊ ထီလုံကျေးရွာမှ ဦးကျော်ကျော်ဝေ၏ ရေဘုတ်ရေလှောင်တမံ တည်ဆောက်ရာတွင် ပါဝင်သွားသည့် ၎င်း၏လယ်မြေများအတွက် နစ်နာကြေးအမြန်ရရှိအောင် ဆောင်ရွက်ပေးရေး၊ လှိုင်းဘွဲမြို့မှ ဦးမြစိမ်း၏ ICJ တရားရုံးခ်ဉ် သွားရောက်ဖြေရှင်းခဲ့မှုနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံအတွက် ရရှိခဲ့သည့် အမျိုးသားအကျိုးစီးပွားနှင့်စပ်လျဉ်း၍ သိရှိလိုခြင်း မေးခွန်းတို့နှင့်စပ်လျဉ်း၍ မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ချက်ချင်း ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ စီစစ်ဆောင်ရွက်ပေးသွားရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့ပြည်သူနှင့်ထိတွေ့ရသည့်အချိန်မှာ ပိုသည်ဟု မရှိပါကြောင်း၊ အမြဲလိုပါကြောင်း၊ ပြည်သူများကိုလည်း ယုံကြည်စိတ်ချစွာဖြင့် မိမိတို့နိုင်ငံ၏အရေးများ အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူ တိုင်းရင်းသား တိုင်းရင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လှိုင်းဘွဲမြို့မှ ပြန်လည်ထွက်ခွာရာ ရဟတ်ယာဉ်ကွင်း၌ အသင့်စောင့်ဆိုင်းနေသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ အလုပ်လုပ်တဲ့အခါမှာ အဓိကအင်အားက ပြည်သူတွေရဲ့ ထောက်ခံမှုပါ။ ပြည်သူတွေရဲ့ ထောက်ခံမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိရင် ဘယ်အစိုးရမှာမှ တကယ့်အင်အားမရှိပါဘူး။ ကျွန်တော့် အင်အားတွေက အပေါ်ယံဖြစ်ပြီး တကယ့်အနှစ်သာရရှိတဲ့ အင်အားဆိုတာ ပြည်သူတွေရဲ့ ထောက်ခံမှုနဲ့ ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေကနေပြီး စိတ်ရှည်လက်ရှည်နဲ့ စောင့်ကြိုပြီး ကျွန်မပြောဖို့အတွက် အခွင့်အရေး ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

နိုင်ငံတိုးတက်ဖို့အတွက် အများကြီး လိုတယ်ဆိုတာကို ကျွန်မ ထူးထူးခြားခြား ပြောဖို့မလိုပါဘူး။ ဒါပေမယ့် တိုးတက်ဖို့လမ်းကြောင်းမှာ အရေးအကြီးဆုံးက ညီညွတ်ရေးဖြစ်ပါတယ်။ ကျွန်မတို့အားလုံး ညီညွတ်ဖို့လိုပါတယ်။ ပြည်သူတွေရဲ့ ညီညွတ်ခြင်း အင်အားက တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိခြင်း၊ စာနာမှုရှိခြင်းဆိုတဲ့ အင်အားတွေက ဘယ်အင်အားနဲ့မှ မတူပါဘူး။ ဒါကို ကျွန်မတို့ရဲ့ပြည်သူတွေ သဘောပေါက်နားလည်ပြီး တန်ဖိုးထားစေချင်ပါတယ်။

လုပ်စရာရှိတာကို လုပ်ဖို့ဖြစ်

ကျွန်မတို့နိုင်ငံက လွတ်လပ်ရေးရခါစမှာ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ ရှေ့ဆုံးကပြေးနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ပညာရေးနဲ့ ကျန်းမာရေးစနစ်တွေမှာ အဲဒီအချိန် အခါတုန်းက အရှေ့တောင်အာရှမှာ အဆင့်အမြင့်ဆုံး စနစ်တွေဖြစ်ပါတယ်။ ဒါပေမယ့် ဒီကိစ္စ၊ ဒီအနေအထားတွေက ပြောင်းလဲတတ်ပါတယ်။ ဒီလိုပြောင်းလဲသွားတဲ့အတွက် အိမ်နီးချင်းနိုင်ငံတွေက ကျွန်မတို့ ထက်ပိုပြီး သာသွားတာကို ကျွန်မတို့ တွေ့ရပါတယ်။ ဒါကဖြစ်ပြီးသားကိစ္စ တွေပါ။ ပြန်ပြင်လို့မရပါဘူး။ အတိတ်က အတိတ်ပါ။ ဖြစ်ပြီးသားကို မဖြစ်ပါစေနဲ့လို့ ပြောလို့မရပါဘူး။ ဒီတော့ လက်ရှိပစ္စုပ္ပန်မှာ ကျွန်မတို့က လုပ်စရာရှိတာကို လုပ်ဖို့ဖြစ်ပါတယ်။

ကျွန်မတို့လက်ထဲရှိတဲ့ အခုအချိန်ကို တန်ဖိုးထားရပါမယ်။ ဒီတော့ တစ်ယောက်ချင်း တစ်ယောက်ချင်းရဲ့ ဆုံးဖြတ်ချက်က ကိုယ့်လက်ထဲမှာရှိတဲ့ အခု ပစ္စုပ္ပန်အချိန်ကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုသုံးမလဲဆိုတာကို ကျွန်မတို့မှာ ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။ အနာဂတ်ဆိုတာလည်း ကျွန်မတို့ လက်ထဲမှာ မရှိပါဘူး။ ကျွန်မတို့ တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ မနက်ဖြန် ဘာဖြစ်မယ်ဆိုတာကို ဘယ်သူမှ တစ်ရာရာခိုင်နှုန်းမသိပါဘူး။ ဒါကလောကရဲ့ သဘောတရားပါ။

ကျွန်မတို့ဟာ အခုလက်ရှိချက်ချင်း လက်ငင်း ဘာလုပ်နေလဲ။ ကျွန်မတို့ ရှိတဲ့အချိန်ကို ဘယ်လိုသုံးနေလဲ။ ကျွန်မတို့ စုစုစည်းစည်းနဲ့ပူးပေါင်းပြီး ဒီမှာတွေ့ဆုံနေကြပါတယ်။ ကျွန်မတို့က ညီညွတ်မှုနဲ့ စုစည်းမှုဖြစ်အောင် လုပ်ခြင်းက အကျိုးရှိတဲ့အလုပ်ဖြစ်ပါတယ်။ ဒါကြောင့် အခု ဒီလိုတစ်ခဏလေးအချိန်မှာ ကျွန်မတို့ဆုံးဖြတ်လိုက်ပါတယ်။ ဒီအချိန်လေးကို ငါတို့ ဘယ်လိုပုံစံနဲ့ သုံးမလဲဆိုတာကို ဆုံးဖြတ်ပြီး ကျွန်မတို့ သုံးနေပါတယ်။ အဲဒါကို ဒီနေ့အတွက်၊ ဒီအချိန်လေးအတွက် ကျွန်မတို့ ထိုက်ထိုက်တန်တန် လုပ်ခဲ့ပြီဖြစ်ပါတယ်။ မနက်ဖြန် ဒီအချိန် ကိုယ်ဘာလုပ်နေမယ်ဆိုတာ ဘယ်သူမှမသိကြပါဘူး။ ကိုယ့်မှာ ရည်ရွယ်ချက် တစ်မျိုးရှိရင်ရှိမယ်။ ကျွန်မတို့ မနက်ဖြန်အတွက် တစ်ရာရာခိုင်နှုန်းမှန်းဆပြီး လုပ်လို့မရပါဘူး။ အခုလက်ရှိအချိန်ကိုသာ ကျွန်မတို့ ပိုင်ပါတယ်။ အဲဒီလိုပဲ စိတ်ထဲမှာ အမြဲထားစေချင်ပါတယ်။

ကျွန်မတို့ရဲ့ ပြည်သူတွေအားလုံးဟာ လက်ရှိ ကိုယ်ပိုင်တဲ့အချိန်၊ ကိုယ်ပိုင်နေတုန်း အချိန်ကာလမှာ အကောင်းဆုံးဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ကို ထားစေချင်ပါတယ်။ ဒါပေမယ့် အဲဒီလို ကိုယ့်အတွက် လုပ်တယ်ဆိုတဲ့ အချိန်အတွင်းမှာ နည်းနည်းလေး နိုင်ငံ့အတွက်ထည့်ပြီး စဉ်းစားစေချင်ပါတယ်။

တာဝန်နဲ့ လုပ်ပိုင်ခွင့်ဖြစ်

ပြည်သူတွေအားလုံးက တစ်ယောက်ချင်း တစ်ယောက်ချင်းအနေနဲ့ တစ်နေ့ကို နိုင်ငံ့အတွက် နည်းနည်းလေး စဉ်းစားပေးမယ်ဆိုရင် သန်း ၅၀ ကျော်သော ပြည်သူတွေရဲ့ နိုင်ငံ့အတွက် စဉ်းစားတဲ့အင်အားတွေကို စုပေါင်းလိုက်မယ်ဆိုရင် ဘယ်လောက်ဖြစ်လာမလဲဆိုတာကို စဉ်းစားကြည့်ပါ။ ဒါကြောင့် ကိုယ့်ရဲ့တိုးတက်ရေးအတွက် ကိုယ်လုပ်ပါ။ ဒါအားလုံးရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်ဖြစ်ပါတယ်။ ကျွန်မတို့အစိုးရကလည်း ပြည်သူတွေ တစ်ယောက်ချင်း တစ်ယောက်ချင်း တိုးတက်ရေးအတွက် တတ်နိုင်သမျှ ကူညီပါမယ်။ တစ်ချိန်တည်းမှာ ကျွန်မတို့နိုင်ငံအတွက်ဆိုပြီး တစ်နေ့ကို နည်းနည်းလေး စဉ်းစားတဲ့ အလေ့အကျင့်လေးကိုတော့ လုပ်ယူကြပါ။ နည်းနည်းလေးပါ။ များများကြီး မဟုတ်ပါဘူး။

နိုင်ငံအတွက် ငါတို့တွေ ဘာလုပ်ပေးနိုင်မလဲဆိုပြီး ကိုယ်တတ်နိုင်သလောက် စဉ်းစားပေးစေချင်ပါတယ်။ ဒီပရိသတ်ထဲမှာ ထိုင်းနိုင်ငံကို ရောက်ဖူးတဲ့သူတွေများပြီး အားကျကြပါတယ်။ ဒါကို အားကျရုံနဲ့မပြီးဘူး၊ ငါတို့လည်း ဒီလိုအခြေအနေထက်ပိုပြီး သာတဲ့ အခြေအနေကို ရောက်အောင် လုပ်မယ်ဆိုတဲ့ သန္ဓိဋ္ဌာန်တွေ ချရပါမယ်။ ကိုယ့်ရဲ့နိုင်ငံကို တိုးတက်စေချင်လို့ပါ။

အဲဒီတော့ ကျွန်မတို့က တခြားသူတွေကိုပြိုင်တာထက် ကိုယ့်ဟာကိုယ် ပြန်ပြီးပြိုင်တာက အရေးကြီးတယ်ဆိုပြီး ပညာရှင်တွေပြောပါတယ်။ ကိုယ့်ဟာကိုယ် ပြိုင်နေတဲ့ပြိုင်ပွဲမှာ ကိုယ်က နိုင်တယ်ဆိုရင် တခြားလူတွေ အားလုံးကို နိုင်ပါပြီ။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံးဖြစ်အောင် အသုံးချပါ။ ကိုယ့်ရဲ့အရည်အချင်းတွေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားပါ။ အဲဒီလိုဆိုရင် ကျွန်မတို့နိုင်ငံ တိုးတက်မှာ သေချာပါတယ်။ ကျွန်မ ဒါကို လုံးဝသံသယမရှိပါဘူး။

ဒါကြောင့် အခုဒီအချိန်လေးမှာ ကြံ့တုန်း ကျွန်မတို့ရဲ့ပြည်သူတွေကို ပြောချင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် လျှော့မတွက်ပါနဲ့၊ အားမငယ်ပါနဲ့၊ တစ်ဖက်ကိုကြည့်ပြီး၊ တခြားလူတွေကိုကြည့်ပြီး ငါတို့ဒီလိုအခြေအနေမရှိပါလားဆိုပြီး ဝမ်းနည်းမနေပါနဲ့၊ ငါတို့လည်း ငါတို့အခြေအနေတွေကို တကယ်ကောင်းအောင်လို့လုပ်မယ်။ ငါတို့နိုင်ငံဟာ တကယ့်ကို ငါတို့ ပြည်သူပြည်သားတွေ နေသင့်နေထိုက်တဲ့နိုင်ငံ၊ နေလို့ကောင်းတဲ့နိုင်ငံ၊ နေပျော်တဲ့နိုင်ငံ၊ နေလို့လုံခြုံတဲ့နိုင်ငံဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ထားလေးနဲ့ ဆက်ပြီး ပြည်ထောင်စုရဲ့ အနာဂတ်ခရီးကို လက်တွဲပြီး လမ်းလျှောက်သွားမယ်ဆိုရင် အောင်မြင်မှာပါ။

မိတ်ဆွေများသဖွယ် စိတ်ထား

ဒီတော့ ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေအားလုံး တစ်ယောက်ကို တစ်ယောက် မိတ်ဆွေများသဖွယ် စိတ်ထားကြပါ။ တစ်ယောက်နဲ့ တစ်ယောက် လက်တွဲမဖြုတ်တမ်း နိုင်ငံရဲ့ အနာဂတ်ခရီးကို ဆက်ပြီး လျှောက်ကြပါ။ လျှောက်ကြတဲ့နေရာမှာလည်း အားလုံးဟာ ကျန်းကျန်းမာမာနဲ့ ချမ်းချမ်းသာသာနဲ့ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းမေတ္တာပို့ပါတယ်။ ကျေးဇူးတင်ပါတယ်” ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် လှိုင်းဘွဲမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများအား မော်လမြိုင်လေဆိပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေနှင့် လျှပ်စစ်ဓာတ်အား ရရှိရေးတို့အတွက် လူထုတွေ့ဆုံပွဲများတွင် ပြည်သူများ၏ တင်ပြချက်များကို အထူးဦးစားပေးဆောင်ရွက်ပေးရန်၊ ပြည်နယ်အစိုးရများအနေဖြင့် စီမံကိန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရှိ၊ လူထုပါဝင်ပြီး နားလည်မှုရှိစွာဖြင့် ဆောင်ရွက်သွားရန်၊ မူးယစ်ဆေးဝါးပြဿနာများကို ပြည်ထဲရေးအနေဖြင့် အထူးအလေးထားဆောင်ရွက်ရန်နှင့် ပြည်နယ်အစိုးရများအနေဖြင့်လည်း ကျောင်းသား၊ ဆရာ၊ မိဘ ပူးပေါင်းပြီး ဘက်စုံပညာပေး လျှော့ချသွားရန်နှင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန်၊ ကျူးကျော်ပြဿနာများကို အချိန်မဆိုင်းဘဲ ဥပဒေနှင့်အညီ ချက်ချင်းကိုင်တွယ်ဆောင်ရွက်သွားရန် မှာကြားပြီး ပြည်နယ်အစိုးရများ၏ လိုအပ်ချက်တင်ပြမှုများကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မော်လမြိုင်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union- MPU) အစည်းအဝေး (၁/၂၀၂၀) ကျင်းပ

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union– MPU) အစည်းအဝေး (၁/၂၀၂၀)ကို ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦး ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပူးပေါင်းဆောင်ရွက်နိုင်ခဲ့

အစည်းအဝေးတွင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က လွှတ်တော်အသီးသီးအနေဖြင့် ယခုသက်တမ်းအတွင်း ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများကို အားလုံးပြီးစီးအောင် ဆောင်ရွက်နေကြသည်ဟု ယုံကြည်ပါကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့်တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ အကြားတွင်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ တစ်ခုနှင့် တစ်ခု အကြားတွင်လည်းကောင်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာပြီး Institution တစ်ခုကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(MPU)ကို လွှတ်တော်များ ပိုမိုအားကောင်းလာရန်နှင့် လွှတ်တော်ဆိုင်ရာအခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းနိုင်စေရန်ရည်ရွယ်ပြီး ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲမှု တိုးတက်ရေးတွင် လွှတ်တော်များ ခိုင်မာအားကောင်းရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်က အစည်းအဝေး(၁/၂၀၁၉)ဆုံးဖြတ်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းများဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ရေးရာကိစ္စရပ်များနှင့် လွှတ်တော်အလိုက် ကြုံတွေ့ရသည့် အခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ရုံးအဖွဲ့မှူး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ရုံးများနှင့် စပ်လျဉ်းပြီး ရုံးလုပ်ငန်းနှင့် ဝန်ထမ်းရေးရာကိစ္စတို့ကို ရှင်းလင်းတင်ပြပြီးနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

ကူဝိတ်နိုင်ငံ (၅၉)နှစ်မြောက် အမျိုးသားနေ့နှင့် (၂၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကူဝိတ်နိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့နှင့် (၂၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့်ဇနီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ကူဝိတ်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံရုံးယာယီတာဝန်ခံ မစ္စတာ အဒဲလ်အမ်ဖက်ဖ်အေအယ်လ်အက်ဒ်ဟမ်တို့က ကူဝိတ်နိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့နှင့် (၂၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံသံရုံးယာယီတာဝန်ခံတို့က တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများကို မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံရုံးယာယီတာဝန်ခံက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။ **သတင်းစဉ်**

ကြက်ခြေနီစေတနာလုပ်အားရှင် ကိုးဦး တစ်သက်တာအခမ့ဲဆေးကုသခွင့် ချီးမြှင့်ခံရ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကြက်ခြေနီစေတနာလုပ်အားရှင် ကိုးဦးအား တစ်သက်တာအခမ့ဲဆေးကုသခွင့်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနက ယခုနှစ် ဧန်နဝါရီ ၃၁ ရက်တွင် ချီးမြှင့်လိုက်ကြောင်း သိရသည်။

အကြိမ်(၁၀၀)နှင့်အထက် သွေးလှူဒါန်းခဲ့ကြသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များကို ယခုကဲ့သို့ ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ကချင်ပြည်နယ် ဒုတိယပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြင့်ဝေ၊ မန္တလေးတိုင်းဒေသကြီး ဒုတိယကြက်ခြေနီတပ်ဖွဲ့မှူးဟောင်း ဦးအုန်းရွှေ၊ ရွှေဘိုမြို့နယ်တပ်ဖွဲ့မှူး ဦးမြင့်ကျော်၊ ဝန်းသိုမြို့နယ်တပ်ဖွဲ့မှူး ဦးစိုင်းမြင့်အေး၊ ဗန်းမော်မြို့နယ် အသင်းခွဲအမှုဆောင် ဦးဇော်ဝင်း၊ ကြည့်မြင်တိုင်မြို့နယ်တပ်ဖွဲ့မှူးဟောင်း ဦးလှမြင့်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် တပ်ခွဲမှူးဟောင်း ဦးစိုးမြင့်၊ သုံးခွမြို့နယ် တပ်ခွဲမှူးဟောင်း ဦးသိန်းဝင်းနှင့် မရမ်းကုန်းမြို့နယ် တပ်ခွဲမှူးဟောင်း ဦးတင်ကြိုင်တို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက တစ်သက်တာအခမ့ဲဆေးကုသခွင့် ချီးမြှင့်ပေးခဲ့သည်။

လူ့အသက်ပေါင်းများစွာကို မိမိသွေးဖြင့် အသက်ကယ်တင်နိုင်ခဲ့သည့် တစ်သက်တာအခမ့ဲဆေးကုသခွင့် ရရှိခဲ့ကြသော ကြက်ခြေနီစေတနာလုပ်အားရှင် ကိုးဦးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် အထူးကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် အသက်ပေါင်းများစွာကို ကူညီကယ်တင်နိုင်ကြမည့် ကြက်ခြေနီ စေတနာလုပ်အားရှင်များစွာ ပေါ်ထွန်းလာစေလိုကြောင်းကိုလည်း ဆန္ဒပြုလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

အမျိုးသားလွတ်တော်ဥက္ကဋ္ဌနှင့်ဇနီး "Myanmar National Symphony Orchestra Concert 2020" ဖျော်ဖြေပွဲသို့ တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Mr. Yunosuke Yamamoto (Conductor & Composer) ဦးဆောင်သော ဂျပန်အနုပညာရှင်များ ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် "Myanmar National Symphony Orchestra Concert 2020" ဖျော်ဖြေပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ကျင်းပရာ အမျိုးသားလွတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး နန့်ကြင်ကြည်တို့ တက်ရောက်အားပေးသည်။

အဆိုပါ ဂန္ဓဝင်ဂီတဆည်းဆာ ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံမှူးကြီးနှင့် နိုင်ငံတကာသံတမန်များ၊ ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တေးဂီတချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဖျော်ဖြေပွဲကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်သီချင်း သံစဉ်တေးသွားနှင့် ဂျပန်နိုင်ငံ နိုင်ငံတော်သီချင်း သံစဉ်တေးသွားတို့ကို တီးခတ်ပြီး စတင်ဖွင့်လှစ်သည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Mr. Yunosuke Yamamoto (Conductor & Composer) ဦးဆောင်သည့် ဂျပန်အနုပညာရှင်များပူးပေါင်း၍ Emperor ၊ From the New World ၊ Trumpeter's Lullaby ၊ Fiddle – Faddle ၊ Pomp and Circumstance ၊ Home Sweet Home စသည့် အနောက်တိုင်းတေးသွားများနှင့် ဂန္ဓဝင်သံစဉ်တေးသွားများကိုလည်းကောင်း၊လူချွန်လူကောင်း၊ ဘယ်ပန်းချီရေးလို့မမှီ၊ မန်းတောင်ရိပ်ခိုစသည့် မြန်မာသံစဉ်တေးသွားများကိုလည်းကောင်း တီးမှုတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေ တင်ဆက်မှုအပြီးတွင် အမျိုးသားလွတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဂျပန်နိုင်ငံမှ ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Mr. Yunosuke Yamamoto ကို ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဂျပန်နိုင်ငံမှ ဂီတစာဆို တီးဝိုင်းခေါင်းဆောင်၏ ဇနီး စန္ဒရားပညာရှင် Mrs. Kyoko Yamamoto ကို ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

ထို့နောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဂျပန်ဂီတပညာရှင်များ အဖွဲ့ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့ကိုလည်းကောင်း ဂုဏ်ပြုပန်းစည်းနှင့် ပန်းခြင်းများ ပေးအပ်သည်။

ယင်းနောက် အမျိုးသားလွတ်တော် ဥက္ကဋ္ဌနှင့်ဇနီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များသည် ဖျော်ဖြေတင်ဆက်သွားကြသည့် ဂီတပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

"Myanmar National Symphony Orchestra Concert 2020" ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်မြို့ Novotel ဟိုတယ်၌ ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ယခုဖျော်ဖြေမှုသည် ဒုတိယအကြိမ် ပူးပေါင်းဖျော်ဖြေတင်ဆက်မှုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားလွတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂျပန်နိုင်ငံမှ ဂီတစာဆိုတီးဝိုင်းခေါင်းဆောင် Mr. Yunosuke Yamamoto အား ဂုဏ်ပြုပန်းစည်းပေးအပ်စဉ်။

အမျိုးသားလွတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး နန့်ကြင်ကြည်နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ဖျော်ဖြေတင်ဆက်သွားကြသည့် ဂီတပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ဆိုင်ရာ လူထုအသိပညာမြှင့်တင်မှု မဟာဗျူဟာနှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ဆိုင်ရာ လူထုအသိပညာမြှင့်တင်မှုမဟာဗျူဟာနှင့်စပ်လျဉ်း၍ (ပထမအကြိမ်) အလုပ်ရုံဆွေးနွေးပွဲမှရရှိထားသော အချက်အလက်များ အတည်ပြုချက်ရယူခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Summit Park View Hotel ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ဆိုင်ရာ လူထုအသိပညာမြှင့်တင်မှု မဟာဗျူဟာကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ActionAid Myanmar တို့ ပူပေါင်း၍ ဥရောပသမဂ္ဂလူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး အစီအစဉ် (ECHO) ၏အထောက်အပံ့ဖြင့် အကောင်အထည်ဖော် ရေးဆွဲလျက်ရှိသည်။

ထိုသို့ဆောင်ရွက်မှုကို ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် စတင်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ် ၃၃ မြို့နယ်ရှိသည့်အနက် မြို့နယ် ၁၆ မြို့နယ်တွင် နေထိုင်လျက်ရှိသည့် လူမှုအလွှာအသီးသီးမှ ပုဂ္ဂိုလ်များအား ဘေးအန္တရာယ်နှင့်ပတ်သက်သည့် သတိပေးချက်များ၊ ကြိုတင်ပြင်ဆင် ဆောင်ရွက်ချက်များနှင့် သက်ဆိုင်သောမေးခွန်းများကို မေးမြန်းကာ စစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ကြသည်။

စစ်တမ်းကောက်ယူခဲ့မှုမှ ရရှိလာသော သတင်းအချက်အလက်များ၊ တွေ့ရှိချက်များ အပေါ် လုပ်ငန်းစဉ်များဆွေးနွေးခြင်း၊ အကြံပြုချက်များရယူခြင်း အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်ကပြုလုပ်ခဲ့ပြီး အဆိုပါဆွေးနွေးပွဲမှရရှိခဲ့သော အချက်အလက်များကို အတည်ပြုချက်ရယူနိုင်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များအား ဆက်လက်ဆွေးနွေးနိုင်ရန်အတွက် ယနေ့အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပတ်သက်သော အဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆွေးနွေးပွဲတွင် ဘေးအန္တရာယ်ဆိုင်ရာ လူထုအသိပညာမြှင့်တင်မှု မဟာဗျူဟာနှင့်ပတ်သက်သော အချက်အလက်များကိုတင်ပြကာ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် ဝိုင်းဖွဲ့ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ လူထုအသိအမြင်မြှင့်တင်ရေးမဟာဗျူဟာသည် ရန်ကုန်ကုန်တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူထုအသိအမြင်မြှင့်တင်မှုဆိုင်ရာ မဟာဗျူဟာတစ်ခုဖြစ်ပြီး သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ပြည်သူလူထု၏ အသိအမြင်၊ နားလည်မှု၊ ကျင့်သုံးမှုများကို စနစ်တကျ ဆန်းစစ်ထားခြင်းဖြစ်ပြီး ယင်းဗျူဟာအား မတ်လအတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမဟာဗျူဟာကို လူ့အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၏ အတွေ့အကြုံများ၊ သက်သေများကိုအခြေခံပြီး ဘက်စုံပေါင်းစည်းရေးဆွဲခြင်းဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး

မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာ သန်းဝင်း

ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါ်နန်းနီနီအေး

ဗိုလ်မှူးကြီး အောင်ကျော်မိုး

မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်

❍ ကျောဖုံးမှ

ရမည်ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စု လွတ်တော်တွင် ကိုယ်စားလှယ် စုစုပေါင်းသည် ၆၅၄ ဦးသာရှိပြီး ၇၅ ရာခိုင်နှုန်းကျော် ရန် ၄၉၁ ဦးက ထောက်ခံရန်လိုအပ်သည်ဟု တွက်ချက်ထားမှုရှိသည့် အတွက် ညီညွတ်မှုစိတ်ဓာတ်ဖြင့် ပကတိလိုအပ်ချက်အရ ပြင်ဆင်ရမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

လျော်ကန်သင့်မြတ်

သိန္ဓီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက ပြင်ဆင်ရေး ပူးပေါင်းကော်မတီက ပြင်ဆင်ရန် တင်ပြထားသည့် ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ အထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ အထိ၊ အခန်း(၃) ပုဒ်မ ၅၇ ၊ ၆၀၊ အခန်း(၄) ပုဒ်မ ၆၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅) ပုဒ်မ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၁၄၊ ၃၂၁၊ ၃၂၄၊ ၃၂၅ အထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ ကို ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုပါက ရွေးကောက်တင်မြှောက်ခံ ပြည်ထောင်စုလွတ်တော် ကိုယ်စားလှယ်အားလုံး၏ သုံးပုံနှစ်ပုံကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီး နောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဆိုသည့် ပြင်ဆင်ချက် နှင့် ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ရွေးကောက်တင်မြှောက်ခံ ပြည်ထောင်စု လွတ်တော်ကိုယ်စားလှယ်အားလုံး၏ သုံးပုံနှစ်ပုံကျော်၏ ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဆိုသည့် ပြင်ဆင်ချက်သည် နိုင်ငံသူနိုင်ငံသားများအတွက် ပိုမိုကောင်းမွန်သည့် အကျိုးစီးပွားများ ဖြစ်ထွန်းလာစေနိုင်သည့်အတွက် လျော်ကန်သင့်မြတ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားအမျိုးသားလွတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထက်လင်းက ဒီမိုကရေစီဖော်ဆောင်ရာတွင် အဓိကနှောင့်ယှက်ဟန့်တားမှုသည် စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေကို လေးစားလိုက်နာမှု အားနည်းခြင်းတို့ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်နိုင်မာအားကောင်းလာစေရေးအတွက် ဒီမိုကရေစီစနစ်နှင့် ထိုက်တန်သည့် စည်းကမ်းရှိမှု၊ ဥပဒေကို လေးစားလိုက်နာမှုတို့ အထူးလိုအပ်ပါကြောင်း၊ နိုင်ငံတော်တွင် မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ ရှိနေမည်ဖြစ်ပြီး စည်းကမ်းဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်သည့် လမ်းညွှန်ဖြစ်ပါကြောင်း၊ စည်းကမ်းမရှိသည့် ဒီမိုကရေစီ ကျင့်သုံးမှုကို မိမိတို့နိုင်ငံတွင် မဖြစ်ထွန်းစေရန် ပြဋ္ဌာန်းထားခြင်း ဖြစ်သည့်အတွက် ပုဒ်မ ၆ ပုဒ်မခွဲ(ဃ) နှင့် ပုဒ်မ ၇ တို့ကို မူလအတိုင်းထားရှိရန် ဆွေးနွေးလိုပါကြောင်း။

လူမှုစီးပွားဘဝ
ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဂရုပြု

လက်ရှိကာလတွင် မိမိတို့နိုင်ငံ အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နေချိန်ဖြစ်ပြီး ပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ရန် ကြိုးစားနေသကဲ့သို့ တစ်ဖက်တွင်လည်း ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်လိုသည့် ခေတ်သစ်ကိုလိုနီများနှင့် ၎င်းတို့၏ လက်ဝေခံပြည်တွင်းပြည်ပ ပုဆိန်ရိုးများကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပြန်လည်မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်နေရသည့် အခြေအနေဖြစ်ပါကြောင်း၊ ထိုအခြေအနေတွင် တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်များကို လျှော့ချလိုက်မည်ဆိုပါက မလိုလားအပ်သည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းသာယာရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားပြည်သူများအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဂရုပြု ဦးတည်ဆောင်ရွက်ရမည့် အချိန်အခါဖြစ်သည့်အတွက် ပုဒ်မ ၁၄ အား ပြင်ဆင်ရန်မသင့်ပါကြောင်းနှင့် မူလ ပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

လက်တွေ့သက်သေပြရာရောက်မည်

မင်းတပ် မဲဆန္ဒနယ်မှ ဦးနေလင်းအောင်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းတွင် ပါရှိသည့် ဦးထွန်းထွန်းဟိန် ဦးဆောင်၍ ပြည်ထောင်စုလွတ်တော်ကိုယ်စားလှယ်များက တင်သွင်းထားသည့် ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က) ပြင်ဆင်ချက်ကို ထောက်ခံပါကြောင်း၊ ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က) ပြင်ဆင်ချက်သည် ပြည်သူ့ဆန္ဒဖြင့်လည်း ပြင်ဆင်နိုင်ခြင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ပုဒ်မ ၄ တွင် ပါဝင်သည့် ပြည်သူကိုအာဏာအပ်နှင်းထားသည့် အချက်နှင့်လည်း ကိုက်ညီခြင်း၊ ဒီမိုကရေစီ စံနှုန်းများနှင့်လည်း ကိုက်ညီမှုရှိခြင်း၊ ပြည်သူအာဏာရှိသည်ဆိုသည့်အချက်ကို လက်တွေ့သက်သေပြရာရောက်မည်ဖြစ်သည့် အတွက် ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာသန်းဝင်းက ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၆ ပုဒ်မခွဲ (ဃ)တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအစား စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးဟု ဦးထွန်းထွန်းဟိန်က ပြင်ဆင်ထားသည်ကို ထောက်ခံပါကြောင်း၊ အလားတူ ပုဒ်မ ၇ နှင့် ပုဒ်မ ၃၉ တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်အစား စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ဟု ပြင်ဆင်ထားသည်ကိုလည်း ထောက်ခံပါကြောင်း၊ ၂၁ ရာစု၏ ဒုတိယ ဆယ်စုနှစ် ရောက်နေပြီဖြစ်သည့် ယခုကာလတွင် နိုင်ငံအချင်းချင်း၊ လူ့အဖွဲ့အစည်းအချင်းချင်း စက္ကန့်မခြား ကမ္ဘာ့ရွာကြီးတွင် တစ်ဆက်တစ်စပ်တည်း ဖြစ်နေသည့်အတွက် အတွေးအခေါ်၊ ရပ်တည်ချက်၊ စဉ်းစားတွေးခေါ်ချက်များသည် နိုင်ငံတကာ၏ အတွေးအခေါ်၊ အမြင်များနှင့် သဟဇာတဖြစ်နေရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီ၏ စံနှုန်း၊ ကမ္ဘာတွင် အများလက်ခံကြသည့် အတွေးအခေါ်၊ စံနှုန်းများနှင့် ကိုက်ညီရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို သုံးသပ်ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား အမျိုးသားလွတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်ကျော်မိုးက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများ၏ ပြင်ဆင်ချက်ဇယား နောက်ဆက်တွဲ (စျ – ၂) ပါ ပုဒ်မ ၁၇၂ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၁၈၈၊ ပုဒ်မ ၁၉၆ တို့နှင့်ပတ်သက်၍ ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ ပုဒ်မ ၁၈၈ နှင့် ပုဒ်မ ၁၉၆ တို့ကို ပြင်ဆင်မည်ဆိုပါက ယင်းပုဒ်မများနှင့် ဆက်စပ်နေသည့် အခန်း(၅) ပုဒ်မ ၂၅၄ ပုဒ်မခွဲ(က) ပုဒ်မ ၂၅၅၊ ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ခ) တို့နှင့် ရှေ့နောက် ညီညွတ်မှုလျော့ရဲပြီး နားလည်သဘောပေါက်မှု ကွဲလွဲသွားစေနိုင်ပါကြောင်း၊ ထို့ကြောင့် ဥပဒေမူကြမ်းပြင်ဆင်ချက် ဇယား နောက်ဆက်တွဲ (စျ– ၂)ပါ ပုဒ်မ ၁၇၂ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၈၈နှင့် ပုဒ်မ ၁၉၆ တို့ကို မူလပြဋ္ဌာန်းချက် အတိုင်းသာ ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

လေ့လာစိစစ်ရမည်

ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းက ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းအတွင်းမှ ဦးထွန်းထွန်းဟိန်အပါအဝင် ပြည်ထောင်စုလွတ်တော်ကိုယ်စားလှယ်များ တင်သွင်းထားသည့် ဥပဒေမူကြမ်းပုဒ်မ ၂၆၂ ပုဒ်မခွဲ (ဃ) အပိုဒ်ခွဲငယ်(၂)၊ ပုဒ်မ ၂၆၄ ပုဒ်မခွဲ (ခ) အပိုဒ်ခွဲငယ်(၂)၊ ပုဒ်မ ၂၈၅ ပုဒ်မခွဲ (က) အပိုဒ်ခွဲငယ်(၄)၊ ပုဒ်မ ၂၈၅ ပုဒ်မခွဲ (စ) တို့၏ ပြင်ဆင်ချက်များအပေါ်တွင် ထောက်ခံပါကြောင်း၊ ဥပဒေတစ်ရပ်ကို လေ့လာစိစစ်ရာတွင် နိုင်ငံရေးစနစ်အရ ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည့်အချက်ကို မဖြစ်မနေလေ့လာစိစစ်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံတွင်ရှိသည့် မဲပေးပိုင်ခွင့်ရှိသူအပါအဝင် နိုင်ငံသားများအားလုံးသည် လူတစ်ဦး တစ်ယောက်၊ အစုအဖွဲ့တစ်ခုတည်းကို ယုံကြည်ကိုးစားသည်မှာ လက်တွေ့မကျပါကြောင်း၊ လက်တွေ့ကျသည်မှာ လောကပါလတရားကို အခြေခံပြီး လုံခြုံအေးချမ်း ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး၏ နိုင်ငံသားများသာ ဖြစ်ချင်သည်ဆိုသည့် ဆန္ဒနှင့် မျှော်လင့်ချက်မှာ အတူတူပင်ဖြစ်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ထို့အတူ ပြည်သူများအတွင်းမှ ပြည်သူများပင်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားမျှတရေးနှင့် တန်းတူညီမျှ အခွင့်အရေးများ ရရှိစေရန်အတွက် ဥပဒေပြဋ္ဌာန်းချက်များကို ပြင်ဆင်သည့်အခါတွင် ဉာဏ်အမြော်အမြင် ကြီးမားစွာဖြင့် ပြည်သူကို မျက်နှာမူပြီး ပြည်သူ့ပန်းတိုင်ကို ညီညီညွတ်ညွတ်ဖြင့် ချီတက်ကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ဆက်လက်ဆွေးနွေး

အဆိုပါ ဥပဒေကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅)မှ ဦးစိုင်းသန်း၊ တပ်မတော်သားအမျိုးသားလွတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ဇော်ဦး၊ တပ်မတော်သားအမျိုးသားလွတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး သန်းထိုက်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး၊ တပ်မတော်သားအမျိုးသားလွတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်လွင်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်နှင့် သာကေတ မဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊
အေးအေးသန့်(သတင်းစဉ်)

ဒသမအကြိမ်
တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ
The 10th Traditional Medicine Research Congress
၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၆-၂၇ ရက်နေ့

ပြည်သူ့လွတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်မင်း JICA Myanmar ရုံးမှ Chief Representative , Mr.Karasawa Masayuki နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်သူ့လွတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းသည် JICA Myanmar ရုံးမှ Chief Representative, Mr. Karasawa Masayuki နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွတ်တော်ရေးရာဆောင် အဆောင်အမှတ် (I–3) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်နိုင်ငံ၏ ယန်း ဘီလီယံ ၈၀၀ ထောက်ပံ့ကူညီရေးအစီအစဉ်ဖြင့် ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

အကောင်းဆုံးကြိုးစားဖြေဆိုခဲ့ပါ

မောင်သောင်းဝင်း (တမန်ဟောင်း)

၂၀၂၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကြီးခံ၍ ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့် ကျောင်းသား ကျောင်းသူဦးရေ ၉၇၀၂၁၉ ဦး ရှိသည်ဟု သတင်းစာများတွင် ဖတ်လိုက်ရသည်။ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၈၅၁၅၂၄ ဦး ရှိခဲ့ပြီး အောင်မြင်သူ ၂၆၇၆၉၆ ဦးရှိသောကြောင့် ရာခိုင်နှုန်းအားဖြင့် ၃၁ ဒသမ ၄၄ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် အောင်ချက် ရာခိုင်နှုန်း ၃၂ ဒသမ ၈၂ ရာခိုင်နှုန်း ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ဂုဏ်ထူးထွက်သူစုစုပေါင်း ၇၅၇၅၆ ဦး ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဂုဏ်ထူးထွက်သူစုစုပေါင်း ၄၃၀၂၂ ဦးသာ ရှိခဲ့သည်။

ဆိုရလျှင် ယခင်နှစ် အောင်စာရင်းများအရ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများအနက် ၃၀ ရာခိုင်နှုန်းလောက်သာ စာမေးပွဲအောင်မြင်ကြသည်။ ဆိုလိုသည်မှာ ၁၀ ဦး ဖြေဆိုလျှင် သုံးဦးလောက်သာ စာမေးပွဲအောင်မြင်နိုင်သည်။ စာမေးပွဲကျရှုံးသည့် ကျန်ခုနစ်ဦးသည် အကြောင်းအမျိုးမျိုးကြောင့် နောက်ပညာသင်နှစ်တွင် အားလုံးကျောင်းပြန်တက်နိုင်တော့မည် မဟုတ်ချေ။ ထို့ကြောင့် အစိုးရကျောင်းများတွင် ပညာသင်နှစ်အစ ကတည်းက သင်ခန်းစာများကို စနစ်တကျသင်ကြားလေ့ကျင့်ပေးမှသာလျှင်၊ ကျောင်းသား ကျောင်းသူများက လည်းကြိုးစားလေ့လာမှသာလျှင်၊ မိဘများကလည်း ထောက်ပံ့ပေးနိုင်မှသာလျှင် အောင်ချက်ရာခိုင်နှုန်း မြင့်တက်လာနိုင်ပေသည်။

ယခုဆိုလျှင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကြီးကို မတ်လ ၁၁ ရက်နေ့တွင် စတင်ကျင်းပသွားတော့မည်ဖြစ်သည်။ စာမေးပွဲကြီး ဖြေဆိုရန် သိပ်မလိုတော့ပေ။ ဘာသာရပ်အလိုက် ပြန်လည်လေ့ကျင့်ချိန် သိပ်မကျန်တော့ပေ။ သားငယ်၊ သမီးငယ်များအတွက် အရေးကြီးသောကာလသို့ ရောက်ရှိနေပြီ ဖြစ်သည်။ သင်ခန်းစာမကျေညက်သေးသော သားငယ်၊ သမီးငယ်များ၏ မိဘများသည် ကလေးများအတွက် စိုးရိမ်ပူပန်နေကြပြီဖြစ်သည်။ လက်လုပ်လက်စားမိဘများ အတွက် တစ်နှစ်ဆိုသောကျောင်းစရိတ်သည် များစွာ ပင်ပန်းလှပေသည်။

ထူးချွန်စွာအောင်မြင်ဖို့ဆိုလျှင်

မည်သို့ပင်ဆိုစေ တချို့သော ကိုယ်ပိုင်ကျောင်းများသည် အောက်တိုဘာလလောက်ကတည်းက သင်ရိုးပြတ်နေပြီဖြစ်သည်။ ပြန်လှန်လေ့ကျင့်ခန်းကို လေးခေါက်၊ ငါးခေါက်လောက် လုပ်ပြီးနေပြီ ဖြစ်သည်။ ထို့အပြင် Final Exam မေးခွန်းပုံစံအတိုင်း အမှတ် ၁၀၀ မေးခွန်းကို ငါးကြိမ်လောက် ဖြေဆိုပြီးနေပြီ ဖြစ်သည်။ ထိုကျောင်းမျိုးတွင် ပညာသင်ယူခွင့်ရရှိသည့်ကလေးသည် စာမေးပွဲကြီးတွင် စိတ်လှုပ်ရှားမှုရှိတော့မည် မဟုတ်ပေ။ ထို့အပြင် မိဘများအနေဖြင့်လည်း မိမိကလေး စာမေးပွဲအောင်မြင်ရေး အတွက် စိုးရိမ်ပူပန်စရာမလိုဘဲ အမှတ်ကောင်းကောင်း၊ ဂုဏ်ထူးများများဖြင့် အောင်မြင်ရေးအတွက်သာ မျှော်မှန်းရတော့မည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းတွင် သက်ဆိုင်ရာဘာသာတွဲ အလိုက် ၁၅ ခန်းလောက် ပြဋ္ဌာန်းထားနိုင်သဖြင့် ဘာသာရပ် ခြောက်ခုပေါင်းမည်ဆိုလျှင် အခန်း ၉၀ လောက်ရှိမည် ထင်သည်။ မေးခွန်းပုံစံသစ်အရ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာအားလုံးကို သင်ယူခွင့်ရရှိမှသာ ဂုဏ်ထူးမှတ်ရရှိနိုင်မည်ဖြစ်သည်။ တချို့သောအစိုးရ ကျောင်းများသည် ဇန်နဝါရီလအထိ သင်ခန်းစာများ မပြီးပြတ်သေးပေ။ ကျောင်းသားမိဘများသည် ကလေးများ အတွက် စိုးရိမ်ပူပန်နေကြပြီဖြစ်သည်။ အနီးကပ်ကျူရှင်နှင့် ဝိုင်းများတွင် တက်သုတ်ရိုက်သင်ခိုင်းနေရသည်။ အမှန်တော့ စာမေးပွဲနီးမှသင်ခန်းစာများ စုပြုံသင်ကြားခြင်းသည် ကလေးများအတွက် ကောင်းမွန်သော အလားအလာ မဟုတ်ပေ။ နှစ်စကတည်းက ပုံမှန်သင်ယူလေ့လာခဲ့မှ သာလျှင် စာများရောထွေးမှုရှိမည်မဟုတ်ပေ။

> **တစ်နှစ်ပတ်လုံး ကြိုးစားထားသော သားငယ်၊ သမီးငယ်များသည် အတန်းတင်စာမေးပွဲအတွက် အသင့်ဖြစ်နေမည်ဟု ယုံကြည်မိပါသည်။ စာမေးပွဲကြီးတွင် ဘာသာရပ်အလိုက် ဂုဏ်ထူးထွက်စေရန်နှင့် အမှတ်ကောင်းကောင်းရရှိစေရန် အတွက် မေးခွန်းများကို နားလည်အောင် သေချာစွာဖတ်ရှုပြီးမှသာ ဖြေဆိုသင့်ပါသည်။ အထူးသဖြင့် အဖြေလွှာတွင် မိမိဖြေဆိုသော မေးခွန်းနံပါတ်ကို စနစ်တကျရေးသားခြင်း၊ ဖြေဆိုခြင်း၊ မျဉ်းသားခြင်း၊ ပြန်လည်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားရန်လို**

ဒုတိယတန်းတွင် သင်ယူခွင့်ရှိမှသာ ဂုဏ်ထူးမှတ်ရရှိနိုင်မည်ဖြစ်သည်။ ဘာသာရပ်ခြောက်ခုပေါင်းမည်ဆိုလျှင် အခန်း ၉၀ လောက်ရှိမည်ထင်သည်။ ကျောင်းသား ကျောင်းသူများ ကိုယ်ပိုင်ကျောင်းများ ကျောင်းသား

Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါနှင့်ပတ်သက်၍ ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး (ပဋ္ဌမအကြိမ်) ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

Coronavirus 2019 (COVID–19) ကြောင့် ဖြစ်ပွားသော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါနှင့်ပတ်သက်၍ ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ရေးကော်မတီ (ပဋ္ဌမအကြိမ်) ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၁ နာရီက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သေချာစွာ ကြပ်မတ်ဆောင်ရွက်

ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက COVID–19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထူးသဖြင့် ဝူဟန်မြို့တွင် အဓိကကူးစက်ပျံ့နှံ့ခဲ့သော်လည်း ယခုအခါ အခြားနိုင်ငံများအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အီရန်နိုင်ငံ စသည့် နိုင်ငံများအပါအဝင် ကူးစက်ပျံ့နှံ့မှုများပြားလာလျက်ရှိကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ၌ ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်သူလူထုအတွင်း၌ စတင်ဖြစ်ပွားခဲ့ကာ ရောဂါကူးစက်မှုနှုန်း မြင့်မားနေသည့်ကာလ Ascending phase ဖြစ်နေသည့်အတွက် ယခုကာလ အတွင်း မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသည်များအား သေချာစွာ ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအတွင်း၌ Coronavirus 2019 (COVID–19) ကြောင့် ဖြစ်ပွားသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါနှင့်ပတ်သက်၍ အတည်ပြုရောဂါလူနာ မတွေ့ရှိသေးသော်လည်း ကူးစက်ရောဂါဖြစ်ပွားမှုများသည် အချိန်၊ နေရာမရွေး၊ လူအများ၌ ကူးစက်ဖြစ်ပွားနိုင်သဖြင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ "ပထမဦးစားပေးအရေးပေါ်" ကိစ္စရပ် (top priority emergency issue) အနေဖြင့် အထူးဂရုပြု၍ ဆက်လက် အားထုတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်များအနေဖြင့် လည်းကောင်း၊ ဆေးရုံအခြေပြုနှင့် ပြည်သူလူထုအခြေပြုအနေဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုအခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ သည်လည်း အရေးကြီးသောအနေအထားတွင် ပါဝင်ပြီး သက်ဆိုင်ရာ နီးနွယ်ဌာနများမှ ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်အတွက် COVID–19 ရောဂါအား ကူးစက်မြန်ရောဂါ (သို့) သတင်းပေးပို့တိုင်ကြားရမည့် ရောဂါအဖြစ် သတ်မှတ်နိုင်ရေး စီစဉ်လျက်ရှိပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူစုလူဝေးများ ပြုလုပ်ခြင်းအား ရှောင်ကြဉ်ခြင်းအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှလည်း တိုက်တွန်းထားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း နှိုးဆော်ချက်များ ထုတ်ပြန်ပြီးဖြစ်ကာ အကယ်၍ မဖြစ်သာသဖြင့် လူအများစုဝေးသော ပွဲလမ်းသဘင်များ ဆောင်ရွက်သည့်အခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကျန်းမာရေးအသိပညာပေးချက်များအား လိုက်နာဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

ပူးပေါင်းလုပ်ဆောင်

နေပြည်တော်တွင် ကျင်းပမည့် ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်ကပ်လှူပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် နီးနွယ်ဌာနများဖြင့် အစည်းအဝေးကျင်းပခဲ့ပြီး သေချာစွာ စီစစ်လုပ်ဆောင်ရန် ပြင်ဆင်ထားရှိပါကြောင်း၊ Visa ကို ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်းများ ဆောင်ရွက်ခြင်းသည် အရေးကြီးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံခြားရေးဌာနများဖြင့် အဓိကပူးပေါင်းလုပ်ဆောင်သွားရန်ဖြစ်ပါကြောင်း၊ မိမိတို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မကြာမီ ကျင်းပရန်ရှိသည့် အာဆီယံ အဆင့် Health Cluster Meeting အား ရက်ရွှေ့ဆိုင်းခဲ့ပါကြောင်း၊ ရောဂါဖြစ်ပွားမှုများသော နိုင်ငံများတွင် သွားရောက်တက်ရောက်နေသည့် ဝန်ကြီးဌာနအသီးသီးမှ ပညာသင်ကျောင်းသားများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာနိုင်သည့် အနေအထားများကိုလည်း ကြိုတင်ပြင်ဆင်နိုင်ရန်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် ဆိပ်ကမ်းများ၊ နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များတွင် လုပ်ငန်းလမ်းညွှန်များအားလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား သက်ဆိုင်ရာ နီးနွယ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းမှုဖြင့် သေချာစွာ ဆောင်ရွက်လာနိုင်သည့် အခြေအနေသို့ ရောက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းမှလည်း ပြည်သူများ၏ လူမှုစီးပွားရေးတည်ငြိမ်စေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေး၊ ကုန်သွယ်ရေး စသည့် ကဏ္ဍတို့တွင် ထိခိုက်မှုနည်းပါးစေရန် တိုက်တွန်းလျက်ရှိပါကြောင်း၊ အသစ်ဖြစ်ပွားလာသော ရောဂါများနှင့် ပြန်လည်ဖြစ်ပွားလာသော ရောဂါများ ဖြစ်ပွားမှုများတွင် SARS–CoV, MERS–CoV နှင့် Avian Influenza စသည့် ရောဂါများသည် ယခုဆယ်စုနှစ်များအတွင်း ပုံမှန်ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရသဖြင့် လူအများ၏ ကျန်းမာရေးအပြင် ဟိုတယ်နှင့် ခရီးသွားလာရေး၊ ကုန်သွယ်ရေးနှင့် လူမှုစီးပွားရေးများပါ ထိခိုက်နိုင်သည့်အတွက် ထိခိုက်နစ်နာမှုများ နည်းနိုင်သမျှနည်းပါးစေရန်အတွက် သက်ဆိုင်ရာ နီးနွယ်တာဝန်ရှိသူများအားလုံး အတူတကွ လက်တွဲဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းနှင့် ယခု ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ရေးကော်မတီအစည်းအဝေးကို တစ်ပတ်လျှင် တစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ပါကြောင်းနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ယခုအစည်းအဝေးဆုံးဖြတ်ချက်များကို စုစည်း၍ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာအသီးသီးမှ မိမိတို့ဝန်ကြီးဌာနနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လိုအပ်ချက်များ၊ ဆက်လက်လုပ်ဆောင်ရမည့် အရာများနှင့် ပေါင်းစပ်ညှိနှိုင်းရမည့်အချက်များအား ဗဟိုကော်မတီသို့ တင်ပြနိုင်ရေးအတွက် အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

(၂၅–၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID–19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်တွင် နေထိုင်သော အသက် (၂၃) နှစ်အရွယ် အမျိုးသားတစ်ဦးသည် လွန်ခဲ့သော (၁၅) ရက်ခန့်မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရွှေလီမြို့ရှိ ကားဝပ်ရှော့တစ်ခုတွင် အလုပ်လုပ်ကိုင်ခဲ့ပြီး (၂၄–၂–၂၀၂၀) ရက်နေ့တွင် ရွှေလီမြို့မှ မူဆယ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ (၂၅–၂–၂၀၂၀) ရက်နေ့တွင် မူဆယ်မြို့မှ ရွှေလီမြို့သို့ ပြန်သွားခဲ့ရာ မူဆယ်–မန့်ဝိန်းနယ်စပ်ဂိတ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ထမ်းများမှ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် ၎င်းတွင် အဖျား (၁၀၀) ဒီဂရီဖာရင်ဟိုက်ရှိကြောင်း တွေ့ရှိရသဖြင့် မူဆယ်ပြည်သူ့ဆေးရုံ၌ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိကုသမှုပေးလျက်ရှိပါသည်။ ၎င်းလူနာထံမှ ဓာတ်ခွဲနမူနာရယူပြီး အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလူနာအား စစ်ဆေးရာတွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ လက္ခဏာများ မတွေ့ရှိရပါ။

၃။ ယနေ့ (၂၅–၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအချိန်အထိ လူနာ (၁) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရှိရပါသည်။ လူနာများ၏ ဓာတ်ခွဲအဖြေများရရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများနှင့် ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ လက္ခဏာများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း (Influenza Like Illness – ILI/ Severe Acute Respiratory Illness –SARI surveillance) များအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး COVID–19 ရောဂါပိုး ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးမှုများကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) တွင် လုပ်ဆောင်နိုင်နေပြီဖြစ်ပါသည်။

၅။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီးသို့ (၁၃–၂–၂၀၂၀) ရက်နေ့မှ (၂၄–၂–၂၀၂၀) ရက်နေ့အထိ နမိုးနီးယားအဆုတ်ရောင်ရောဂါဖြင့် တက်ရောက်ကုသမှုခံယူနေသော လူနာများအနက် အခြားနိုင်ငံများသို့ ခရီးသွားရာဇဝင်နှင့် COVID–19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့မှုများ မရှိခဲ့သော်လည်း ပိုမိုသေချာစေရေး COVID–19 ရောဂါကူးစက်ခံရခြင်း ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးရန်အတွက် အသက် (၁၈) နှစ်အရွယ်၊ အသက် (၄၃) နှစ်နှင့် အသက် (၄၆) နှစ်အရွယ် အမျိုးသားလူနာ (၃) ဦးတို့ထံမှ ဓာတ်ခွဲနမူနာရယူ၍ (၂၅– ၂–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) သို့ ပေးပို့စစ်ဆေးခဲ့ရာ ၎င်းတို့အားလုံးတွင် ရောဂါပိုးမတွေ့ရှိရကြောင်းနှင့် လူနာများအား လိုအပ်သော ဆေးကုသမှုများပေးလျက်ရှိကြောင်း သိရှိရပါသည်။

၆။ (၂၅–၂–၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၃၀) နိုင်ငံတွင် COVID–19 ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေး အသိပညာပေးအချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

ငပုတောင်၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်လုပ်ငန်းညှိနှိုင်းဆွေးနွေး

ငပုတော ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုက ကလေးစာပေပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် ကော်မတီများအလိုက် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အားလုံးပူးပေါင်းဆွေးနွေးနိုင်ကြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နုအေးက ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ငပုတောမြို့၌ ကလေးစာပေပွဲတော်ကို မတ် ၂၅ ရက်မှ ၂၆ ရက်အထိ နှစ်ရက်ကြာ အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လှမင်းထွန်(ပြန်/ဆက်)

မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရထားရဲတပ်ဖွဲ့အမှတ် (၁၂) တပ်ခွဲ သင်္ဘောနီးကျွန်းတပ်ခွဲမှူး ဒုရဲမှူးသိန်းဝင်း၊ သင်္ဘောနီးကျွန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးဝင်းဦးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ရထားစီးရန် စောင့်ဆိုင်းနေသည့် ခရီးသည်များနှင့်အတူ သင်္ဘောနီးကျွန်းဘူတာယာဒ်ဝင်းတွင် မီးဘေးလုံခြုံရေးဆိုင်ရာ ဆွေးနွေးခြင်း၊ လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကြေးမုံ

တားမြစ်အစားအသောက်များ ရောင်းချမှု စစ်ဆေး

ဝန်းသို့ ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် စော်ဘွားကြီး အခြေခံပညာမူလတန်း (လွန်)ကျောင်း၌ ရောင်းချနေသည့် ကျောင်းမုန့်ဆိုင်များတွင် တားမြစ်စားသောက်ကုန်များနှင့် ရက်လွန်၊ မှိုတက် အစားအသောက်များရောင်းချမှု ရှိ/မရှိကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ကျော်မြိုင်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတို့တွင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၂၂၀ သန်း၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၉၂၅ ဒသမ ၆၈၄ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ကဏ္ဍ	ဒီဇင်ဘာလ		ဇန်နဝါရီလ	
		လုပ်ငန်းခုရေ	မတည်ငွေရင်းပမာဏ US$ (သန်း)	လုပ်ငန်းခုရေ	မတည်ငွေရင်းပမာဏ US$ (သန်း)
(က)	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ	-	-	-	၁၄၅.၀၀၀*
(ခ)	စက်မှုကဏ္ဍ	၃၀	၇၃.၄၇၁	၂၇	၉၄.၃၆၉
(ဂ)	လျှပ်စစ်ဓာတ်အားကဏ္ဍ	၁	၃၅.၀၃၅	၃	၄၈၇.၈၆၅
(ဃ)	အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ	၁	၂၃.၀၀၀	၂	၁၆၁.၈၆၀*
(c)	ဟိုတယ်နှင့် ခရီးသွားကဏ္ဍ	၁	၀.၈၁၄	-	၂၇.၁၄၀*
(စ)	မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ	-	-	၁	၈.၉၅၀
(ဆ)	အခြားဝန်ဆောင်မှုကဏ္ဍ	-	၄.၉၀၀*	၁	၀.၅၀၀
	စုစုပေါင်း	၃၃	၁၃၇.၂၂၀	၃၄	၉၂၅.၆၈၄

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့်ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၄။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းတန်ဖိုးငွေကျပ် ၁၉၅၁၈ ဒသမ ၄၆၄ သန်းနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၀၉၈၂၂ ဒသမ ၉၄၇ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ကဏ္ဍ	ဒီဇင်ဘာလ		ဇန်နဝါရီလ	
		လုပ်ငန်းခုရေ	မတည်ငွေရင်းပမာဏ ကျပ်(သန်း)	လုပ်ငန်းခုရေ	မတည်ငွေရင်းပမာဏ ကျပ် (သန်း)
(က)	အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ	-	-	၁	၄၁၂၀.၀၀၀
(ခ)	စက်မှုကဏ္ဍ	၂	၁၆၇၀၇.၁၆၀*	၄	၂၁၉၈၉.၈၉၀*
(ဂ)	ဟိုတယ်နှင့်ခရီးသွားကဏ္ဍ	-	-	၅	၆၂၁၉၄.၇၅၇
(ဃ)	လျှပ်စစ်ဓာတ်အားကဏ္ဍ	၁	၁၉၂၂.၈၀၄	-	-
(c)	လယ်ယာကဏ္ဍ	၁	၈၈၈.၅၀၀	-	-
(စ)	အခြားဝန်ဆောင်မှုကဏ္ဍ	-	-	၃	၂၁၅၁၈.၃၀၀*
	စုစုပေါင်း	၄	၁၉၅၁၈.၄၆၄	၁၃	၁၀၉၈၂.၉၄၇

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့်ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၆။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ကဏ္ဍ	ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ)	
		ဒီဇင်ဘာလ	ဇန်နဝါရီလ
(က)	မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ	-	၅၇
(ခ)	စက်မှုကဏ္ဍ	၁၈၁၉၁*	၁၅၈၁၉*
(ဂ)	လျှပ်စစ်ဓာတ်အားကဏ္ဍ	၄၀	၃၂၇
(ဃ)	ဟိုတယ်နှင့်ခရီးသွားကဏ္ဍ	၁၅	-
(c)	ဆောက်လုပ်ရေးကဏ္ဍ	-	၉၃၀
(စ)	အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ	၃၄	၅၆၉
(ဆ)	အခြားဝန်ဆောင်မှုကဏ္ဍ	-	၁၀
	စုစုပေါင်း	၁၈၂၈၀	၁၇၇၁၂

*လုပ်သားအင်အား တိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်ပါသည်။

၇။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ကဏ္ဍ	ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ)	
		ဒီဇင်ဘာလ	ဇန်နဝါရီလ
(က)	လျှပ်စစ်ဓာတ်အားကဏ္ဍ	၂၀	-
(ခ)	စက်မှုကဏ္ဍ	၂၁၇	၄၅၃
(ဂ)	ဟိုတယ်နှင့် ခရီးသွားကဏ္ဍ	-	၉၆၃
(ဃ)	အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ	-	၇၀
(c)	လယ်ယာကဏ္ဍ	၅၁	-
(စ)	အခြားဝန်ဆောင်မှုကဏ္ဍ	-	၃၆၄
	စုစုပေါင်း	၂၈၈	၁၈၅၀

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

တရုတ်နိုင်ငံတွင်ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအောင်မြင်စေရန် မြန်မာ့တပ်မတော်က ဆေးဘက်ဆိုင်ရာပစ္စည်းများ ပေးပို့လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၅

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် Coronavirus Disease 2019 (COVID-19)ရောဂါအား တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တိုက်ဖျက်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းစဉ် အောင်မြင်စေရန်နှင့် တရုတ်ပြည်သူများအတွက် မြန်မာ့တပ်မတော်က ဆေးဘက်ဆိုင်ရာပစ္စည်းများအား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှစစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း ဦးဆောင်၍ တပ်မတော်လေယာဉ်ဖြင့် ယနေ့တွင် သွားရောက်ပေးပို့လှူဒါန်းသည်။

ရှင်းလင်းပြောကြား

ရေးဦးစွာ နေပြည်တော်လေဆိပ် ဧည့်ခန်းမဆောင်၌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်၊ စစ်သံမှူး Sr. Col. Xiong Shawai နှင့်တာဝန်ရှိသူတို့အားတွေ့ဆုံ၍ ဆေးဘက်ဆိုင်ရာပစ္စည်းများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့တပ်မတော်မှ လှူဒါန်းသည့်အမေရိကန်ဒေါ်လာ သုံးသိန်းကျော်တန်ဖိုးရှိ Surgical Masks (2 Ply) ၉၀၀၀၀၊ Type- N 95 (SM Particulate Respirator Masks) ၉၀၀၀၀၊ Safety Goggles ၉၀၀၀၀ စသည့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများ ထည့်ထားသည့် ဆေးပုံးများအား တပ်မတော်လေယာဉ်ပေါ်သို့ တင်ဆောင်၍ နံနက် ၈ နာရီတွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ တရုတ်နိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၁၁ နာရီ ၅ မိနစ်တွင် ရောက်ရှိကြရာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Joint Logistic Support Force ၊ Guiln Center ၏ နိုင်ငံရေးမှူးဖြစ်သူ Major General Zhang Pingjun နှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက ဆေးဘက်ဆိုင်ရာပစ္စည်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ Major General Zhang Pingjun က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆေးဘက်ဆိုင်ရာပစ္စည်းများ လွှဲပြောင်းလက်ခံခြင်းစာလွှာနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများအား စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ် လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းဦးဆောင်သည့်အဖွဲ့သည် မြန်မာ့တပ်မတော်လေယာဉ်ဖြင့် တရုတ်နိုင်ငံ ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ဒေါ်လာ ၃ ဘီလီယံကျော်တန်ဖိုးရှိ ကာကွယ်ရေးဆိုင်ရာစာချုပ် အမေရိကန်နှင့်အိန္ဒိယ လက်မှတ်ရေးထိုးမည်

နယူးဒေလီ ဖေဖော်ဝါရီ ၂၅

ဒေါ်လာ ၃ ဘီလီယံကျော်တန်ဖိုးရှိ အမေရိကန်လုပ် ကာကွယ်ရေးပစ္စည်းများ ဝယ်ယူရန် အိန္ဒိယနိုင်ငံက သဘောတူခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဒေါနယ်ထရမ့်နှင့် အိန္ဒိယဝန်ကြီးချုပ် နရေန်ဒရာမိုဒီတို့သည် ယမန်နေ့က အနောက်ပိုင်းရှိ ဂူဂျာရတ်ပြည်နယ် ၌ ပြည်သူ ၁၀၀၀၀၀ ခန့်ရှေ့မှောက်သို့ရောက်ရှိ

လာခဲ့ပြီး နှစ်နိုင်ငံစလုံးမှ ကိုယ်စားလှယ်များ အနေဖြင့် ဒေါ်လာ ၃ ဘီလီယံကျော်တန်ဖိုးရှိ သဘောတူညီချက်များကို လက်မှတ်ရေးထိုးမည်ဟု အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံက ယင်း၏ လက်နက်ကိုင်တပ်ဖွဲ့အတွက် စစ်ဘက်ရဟတ်ယာဉ်နှင့် အခြားစစ်လက်နက်ကိရိယာများ ဝယ်ယူမည်ဖြစ်သည်။ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့မှာ ရင်းနှီးမြှုပ်နှံမှုတွင် အဟန့်အတားများ လျှော့ချပေးမည့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်နှင့်ပတ်သက်၍ ကနဦးအဆင့် ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု ဒေါနယ်ထရမ့်က ပြောသည်။

အမေရိကန်နိုင်ငံက အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် လိုင်ဆေအများအပြား ဖြစ်ပေါ်ခဲ့သည်။ အမေရိကန်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က အိန္ဒိယနိုင်ငံထံ ပေးအပ်ထားသည့် ဦးစားပေးကုန်သွယ်ရေးအဆင့်ကို ပြန်လည်ရုပ်သိမ်းခဲ့သလို အိန္ဒိယနိုင်ငံကလည်း အမေရိကန်ထုတ်ကုန်များအပေါ် စည်းကြပ်ခွန်များ ထပ်မံသတ်မှတ်၍ လက်တုံ့ပြန်ခဲ့သည်။ သူနှင့်မိုဒီတို့က နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိစေမည့် သဘောတူညီချက်တစ်ရပ်ရရှိမည်ဟု အကောင်းမြင်ကြောင်း ဒေါနယ်ထရမ့်ကပြောသည်။ အိန္ဒိယနိုင်ငံက အတိုင်းအတာတစ်ခုအထိ ဈေးကွက်ဖွင့်လှစ်ထားရန် အဆင်သင့်ရှိကြောင်း မိုဒီကဆိုသော်လည်း အသေးစိတ်အစီအစဉ်များကို မပြောကြားခဲ့ပေ။

အမေရိကန်နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ကုန်ထုတ်လုပ်မှုတိုးတက်လာမှုနှင့် အိန္ဒိယနိုင်ငံ၌ အခြေခံအဆောက်အဦနှင့် ဒစ်ဂျစ်တယ်စီးပွားရေး တိုးချဲ့လာမှုက ဖန်တီးပေးမည်ဟု မိုဒီကဆိုသည်။

ကိုးကား – အင်နိန်အိတ်ချ်ကေ
ဘာသာပြန် – ကျော်ထိုက်စိုး

ကိုရိုနာဗိုင်းရပ်စ်အား တိုက်ဖျက်မှုတွင် တရုတ်၏ ဆောင်ရွက်ချက်ကို ကုလသမဂ္ဂအကြီးအကဲ ချီးကျူး

ပေကျင်း ဖေဖော်ဝါရီ ၂၅

ကိုဗစ်-၁၉(ကိုရိုနာဗိုင်းရပ်စ်)အား ကမ္ဘာလုံးဆိုင်ရာတိုက်ဖျက်မှုတွင် တရုတ်နိုင်ငံက လူသားမျိုးနွယ်များအတွက် လူသားဆန်သည့် ကြိုးပမ်းမှုများ လုပ်ဆောင်လျက်ရှိကြောင်းကို မှတ်ချက်ပြုလျက် တရုတ်နိုင်ငံ၏ ဆောင်ရွက်ချက်ကို ချီးကျူးပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောကြားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်သည် ဖေဖော်ဝါရီ ၂၄ ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)၏ ညွှန်ကြားရေးမှူးချုပ် ဂျီဘာရီယီဆက်နှင့် ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီးနောက် ဂူတာရက်စ်က နိုင်ငံအားလုံးအား ကိုဗစ်-၁၉ ဖြစ်ပွားမှုကို တိုက်ဖျက်ရာတွင် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရန် တောင်းဆိုခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အလေးထားသင့်ကြောင်းနှင့် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါထိန်းချုပ်ရေးအတွက် ပြင်ဆင်ရမည့် အရာအားလုံးကို လုပ်ဆောင်ရန်လည်း ကုလသမဂ္ဂအကြီးအကဲက နိုင်ငံအားလုံးကို တိုက်တွန်းခဲ့သည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်

တောင်ကိုရီးယားတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအခြေအနေ စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း မွန်ဂျေအင်း ပြောကြား

ဆိုးလ် ဖေဖော်ဝါရီ ၂၅

တောင်ကိုရီးယားနိုင်ငံတွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုသည် အလွန်စိုးရိမ်ဖွယ်ရာဖြစ်သည်ဟု သမ္မတမွန်ဂျေအင်းက ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုဖြစ်ပွားရာ အဓိကနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားခဲ့သည်။ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်သည် ၁၀၀၀ နီးပါးရှိလာသည်။

ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး တောင်ကိုရီးယားဗဟိုဌာနက ရောဂါကူးစက်ခံရသည့် လူနာအသစ် ၁၄၄ ဦး ထပ်မံတိုးလာသည်ဟု အတည်ပြုခဲ့သဖြင့် လက်ရှိတွင် ရောဂါကူးစက်ခံရသူ စုစုပေါင်း ၉၇၇ ဦးအထိ ရှိလာသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု စတင်ဖြစ်ပေါ်ခဲ့သည့် တရုတ်နိုင်ငံ၏ ပြင်ပ၌ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံဖြစ်လာသည်။

ကမ္ဘာပေါ်တွင် ၁၂နိုင်ငံမြောက်စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် အခမ်းအနားပွဲများစွာ ဖျက်သိမ်းခြင်း၊ ရွှေ့ဆိုင်းခြင်း ပြုလုပ်ခဲ့ရသည်။ အဆိုပါ အခမ်းအနားများတွင် ကေပေါ့တေးဂီတဖျော်ဖြေပွဲများ၊ ကေလိဂ်ဘောလုံးရာသီ စတင်ခြင်း အခမ်းအနားများ ပါဝင်သည်။

ရောဂါကူးစက်မှု၏ ၈၀ ရာခိုင်နှုန်းကျော်သည် တောင်ကိုရီးယားနိုင်ငံ၏ စတုတ္ထမြောက် အကြီးမားဆုံးမြို့ဖြစ်သည့် ဒေဂူးမြို့နှင့် အိမ်နီးချင်း ကျောင်ဆန်းပြည်နယ်တွင် ဖြစ်ပွားနေသည်။ ဒေဂူးမြို့သို့ သွားရောက်သည့်ခရီးစဉ်တွင် သမ္မတမွန်ဂျေအင်းက ဗိုင်းရပ်စ်ကူးစက်မှုအခြေအနေသည် အလွန်စိုးရိမ်စရာကောင်းကြောင်း၊ ဤဗိုင်းရပ်စ်ကို တိုက်ဖျက်ရာတွင် မိမိတို့ အနိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူတစ်ဦး ပြီးခဲ့သည့် သီတင်းပတ်က အစည်းအဝေး တက်ရောက်ခဲ့သည်ဟု အတည်ပြုပြီးနောက် ပါလီမန်အဆောက်အဦကို သန့်ရှင်းရေးပြုလုပ်ရန်အတွက် ပိတ်ထားပြီးနောက် တောင်ကိုရီးယားပါလီမန်သည် အင်္ဂါနေ့က အစည်းအဝေးများကို ဖျက်သိမ်းခဲ့သည်။

Korean Air လေကြောင်းလိုင်းကလည်း ၎င်းတို့၏ လေယာဉ်အမှုထမ်းအဖွဲ့သည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။ သို့သော်လည်း အသေးစိတ်ကို ပြောကြားခြင်းမရှိပေ။ လေယာဉ်ဝန်ထမ်းများသည် အစ္စရေးနိုင်ငံသို့ သွားရောက်ခဲ့သည့် တောင်ကိုရီးယား ဘုရားဖူးအဖွဲ့များထံမှ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရဖွယ်ရှိကြောင်း အစီရင်ခံချက်များတွင် ဖော်ပြသည်။

ကိုးကား – အေအက်ဖ်ပီ
ဘာသာပြန် – အောင်ဇော်လင်း

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားအဖြစ် သတ်မှတ်ခံထားရသူ ဂျပန်အဘိုးအို အသက် ၁၁၂ နှစ်အရွယ်၌ ကွယ်လွန်

တိုကျို ဖေဖော်ဝါရီ ၂၅

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားအဖြစ် မကြာသေးမီကမှ သတ်မှတ်ခြင်းခံရသည့် ဂျပန်လူမျိုး အဘိုးအိုသည် ကွယ်လွန်သွားပြီဖြစ်ကြောင်းနှင့် ကွယ်လွန်ချိန်၌ အသက် ၁၁၂ နှစ်ရှိပြီဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူ တစ်ဦးက ယနေ့တွင် ပြောကြားသည်။

ချီတက်စုဝါတာနာဘေ အမည်ရှိ အဘိုးအိုသည် ၁၉၀၇ ခုနှစ် မတ် ၅ ရက်တွင် တိုကျိုမြို့မြောက်ဘက်ရှိ နီဂါတာစီရင်စုတွင် မွေးဖွားခဲ့သူဖြစ်သည်။ ကမ္ဘာ့အသက်အကြီးဆုံးဟု သတ်မှတ်ခံရသည့် အဘိုးအို ဝါတာနာဘေသည် ဖေဖော်ဝါရီ ၂၃ ရက်က ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ချီတက်စုဝါတာနာဘေအား ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသား တစ်ဦးအဖြစ်ကမ္ဘာ့စံချိန်မှတ်တမ်း၌ တရားဝင်မှတ်တမ်းတင်ပြီး ရက်သတ္တနှစ်ပတ် မပြည့်မီတွင် ကွယ်လွန်သည့် သတင်းထွက်ပေါ်လာခြင်း ဖြစ်သည်။

ကမ္ဘာ့အသက်အကြီးဆုံးပုဂ္ဂိုလ် ဝါတာနာဘေ ကွယ်လွန်ပြီးနောက်တွင် ဂျပန်နိုင်ငံ၌ အသက် ၁၁၀ နှစ်အရွယ် အီဇာကူတိုမိုအမည်ရှိ အဘိုးအိုတစ်ဦး သက်ရှိထင်ရှား ကျန်ရှိနေကြောင်း ဂျီဂျီသတင်းစာတွင် ဖော်ပြထားပြီး ၎င်းသည် ကမ္ဘာ့အသက်အကြီးဆုံး သက်ရှိထင်ရှားရှိသည့် အမျိုးသား ဟူသော ဂုဏ်ပုဒ်အားရရှိရန် ရှင်းလင်းစွာ မသိရှိရသေးပေ။

ဂျပန်နိုင်ငံ၌ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးတစ်ဦးအဖြစ် သတ်မှတ်ခံထားရသည့် အသက် ၁၁၇ နှစ်အရွယ် ကာနဲတာနာကာအမည်ရှိ အဘွားအိုတစ်ဦးရှိသည်။

ကိုးကား – အင်နိန်အိတ်ချ်ကေ
ဘာသာပြန် – ဇော်ဝင်း

အီဂျစ်နိုင်ငံ၏ သမ္မတဟောင်း ဟော့စနီမူဘာရက် ကွယ်လွန်

ကိုင်ရို ဖေဖော်ဝါရီ ၂၅

အီဂျစ်နိုင်ငံ၏ ရာထူးသက်တမ်းအရှည်ဆုံး သမ္မတတစ်ဦးဖြစ်သည့် ဟော့စနီမူဘာရက်သည် ကိုင်ရိုမြို့ ရှီဂါလာစစ်ဆေးရုံတွင် ကွယ်လွန်သွားကြောင်း သူ၏မိသားစုနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြားမှ ပြောကြားသည်။

ယနေ့နံနက်တွင် သူ၏ဖခင် ကွယ်လွန်သွားကြောင်း မူဘာရက်၏ သားဖြစ်သူ အေလာမူဘာရက်က လူမှုကွန်ရက်တွင် ရေးသားပြောကြားခဲ့သည်။

သမ္မတ မူဘာရက်၏ ယောက်ဖဖြစ်သူ ဗိုလ်ချုပ်ကြီး မိုးနားသာဘက်က သမ္မတရုံးအနေဖြင့် မူဘာရက်၏စျာပနကို စီစဉ်ဆောင်ရွက်သွားမည်ဟု ပြောကြားသည်။

သမ္မတမူဘာရက်သည် ကာလရှည်ကြာစွာ နေထိုင်မကောင်းဖြစ်နေပြီး သူ့အား အထူးကြပ်မတ်ကုသဆောင်တွင် ကုသခဲ့ခြင်းဖြစ်သည်။ သမ္မတဟောင်း အန်ဝါအယ်လ်ဆာဒတ် လုပ်ကြံခံရပြီးနောက် ၁၉၈၁ ခုနှစ်မှ စပြီး ဟော့စနီမူဘာရက်က အီဂျစ်နိုင်ငံကို ဆယ်စုနှစ်သုံးခုကြာမျှ အုပ်ချုပ်ခဲ့သည်။

၂၀၁၁ ခုနှစ် ဧနီနဝါရီ ၂၅ ရက်မှစတင်ခဲ့သော သီတင်းသုံးပတ်ကြာ လူထုဆန္ဒပြပွဲများအပြီး သမ္မတ မူဘာရက်မှာ ရာထူးမှ ဆင်းပေးခဲ့ရသည်။ ၂၀၁၀ ပြည့်နှစ် ပါလီမန်ရွေးကောက်ပွဲများအတွင်း မဲခိုးမှုများအပေါ် ပြည်သူများ၏ ရှုတ်ချမှုများနှင့် ရဲတပ်ဖွဲ့ဝင်များ၏ ကြမ်းကြုတ်သော ဆောင်ရွက်ချက်များကို အခြေခံပြီး မူဘာရက်ရာထူးမှ နုတ်ထွက်သွားခြင်းဖြစ်သည်။

အဂတိ လိုက်စားမှုများနှင့် ၂၀၁၁ ဆန္ဒပြပွဲများအတွင်း ဆန္ဒပြသူများ သေဆုံးခဲ့မှုအပေါ် သမ္မတ မူဘာရက်အား တရားစွဲဆိုခဲ့သော်လည်း အမှုမှတရားသေလွှတ်ပေးခဲ့သည်။ မူဘာရက်အနေဖြင့် စစ်သွေးကြွများ၏ ၁၉၉၅ ခုနှစ်တွင် လုပ်ကြံသတ်ဖြတ်မှုအပေါအဝင် လုပ်ကြံခံရမှုအမျိုးမျိုးမှ လွတ်မြောက်ခဲ့သည်။

ကိုးကား–အေအက်ဖ်ပီ
ဘာသာပြန်–စိုးသူရ

မိုင်းဆတ်၊ မိုင်းယောင်း၊ တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၃ နာရီတွင် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့ တန့်ဆိုင်ကျေးရွာအုပ်စု တန့်ဆိုင်ကျေးရွာအနီးမှ ငွေကျပ် သိန်း ၂၀၂၀ တန်ဖိုးရှိ စိတ်ကြွဆေးပြား ၂၀၂၀၀၀၊ အနီရောင်ဆိုးဆေးမှုန့် သုည ဒသမ ၀၈၁၆၅ ကီလို၊ နီညိုရောင်ဆိုးဆေးမှုန့် သုည ဒသမ ၀၀၈ ကီလို၊ 1 အမှတ်အသားပါတံဆိပ်တုံးအဝိုင်း သုံးခု၊ 2 အမှတ်အသားပါတံဆိပ်တုံးအဝိုင်းတစ်ခု၊ မြင်းခေါင်းပုံပါတံဆိပ်တုံးအဝိုင်းတစ်ခု၊ လေးထောင့်တံဆိပ်တုံးတစ်ခု၊ တံဆိပ်ရိုက် မင်ဆေးဘူးငယ် ငါးဘူးတို့ကို တပ်မတော်က သိမ်းဆည်းရမိခဲ့သည်။**(ယာဝုံ)**

အလားတူ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းယောင်းမြို့နယ် ဟောင်ကြန့်ကျေးရွာအုပ်စု ဝမ်ပါဆတ်ကျေးရွာနေ မအီယန်းဇော်နေအိမ်ကို ရှာဖွေရာ စိတ်ကြွဆေးပြား ၆၈၇၀ နှင့် ငွေကျပ် ၁၀၅၀၀၀ တို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပါဆပ်ရပ်ကွက် ရွှေအေးစေလမ်းတွင် ဖီးလောင် မောင်းနှင်လာသော ယာဉ်နှင့် ကျိုက်ရီ(၁)ကြိုင်းရုံ မောင်းနှင်ပြီး အားလို့လိုက်ပါလာသော ယာဉ်တို့ကို ရပ်တန့်ရှာဖွေရာ အိုက်စ် ကိုးကီလိုနှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ၫင်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ပေါက်ခေါင်း၌ လူနာတင်ယာဉ်ခိုးယူသူအား ယာဉ်နှင့်အတူဖမ်းမိ

ပဲခူး ဖေဖော်ဝါရီ ၂၅

ဆေးရုံလူနာတင်ယာဉ် ခိုးယူမောင်းနှင် ထွက်ပြေးသွားသူအား အချိန်တိုအတွင်း ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၄ ရက်နံနက် ၁၁ နာရီက ပေါက်ခေါင်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ ကားဂိုဒေါင်အတွင်းထားရှိသော ဌာနပိုင်လူနာတင်ယာဉ် ပျောက်ဆုံးနေသဖြင့် ပေါက်ခေါင်းမြို့မရဲစခန်းတွင် အမှုဖွင့်ခဲ့ကြောင်း၊ အမှုနှင့်ပတ်သက်၍ ပေါက်ခေါင်းမြို့နယ် ကံကျဉ်းနယ်မြေရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ပေါက်ခေါင်းမြို့နယ် ကုတင်ငါးဆင့်ကျေးရွာ ပေါက်ခေါင်း-အောင်လံခရိုင်ချင်းဆက်လမ်းမပေါ်တွင် ဝိတ်ဆို့စစ်ဆေးဆောင်ရွက်စဉ် ညနေ ၅ နာရီ ၁၀ မိနစ်တွင် ယာဉ်အား ခိုးယူမောင်းနှင်သူ ရန်နောင်စိုး တောင်ဂူမြို့နယ်နေသူအား ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်

အထက(အင်းတိုင်)၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

လှည်းကူး ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်း(အင်းတိုင်)ကျောင်းရှေ့တွင် ဖေဖော်ဝါရီလ ဒုတိယပတ်က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည်းကူးမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူး မောင်မောင်ဦးနှင့်တပ်ဖွဲ့ဝင်များက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား သက်ငယ်မုဒိမ်းမှု၊ လုယက်မှု၊ လူသတ်မှု၊ ခိုးမှု၊ လိမ်လည်မှုတို့နှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သော မှုခင်းနှင့်ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များအကြောင်း၊ လူကုန်ကူးမှုအန္တရာယ်များ အကြောင်း၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ ဆက်သွယ်အကူအညီတောင်းခံရမည့် ဖုန်းနံပါတ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့သည်။ ထို့ပြင် မှုခင်းပညာပေးဗီဒီယိုများကို ပြသပေးခဲ့ကြပြီး မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နိုင်လင်း(လှည်းကူး)

ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၂၅ သန်းရှိ) Cheer Beer များအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့သည် အုတ်တွင်းမြို့နယ် ခပေါင်းကြိုးဝိုင်း အကွက်အမှတ်(၈၉၊ ၉၆) အတွင်းမှ တရားမဝင်ကျွန်းခွဲသား ၇ ဒသမ ၉၆၆၈ တန်၊ လက်ပံတန်းမြို့နယ် မုကွာကြိုးဝိုင်း အကွက်အမှတ်(၂၀)အတွင်းမှ ပျဉ်းကတိုး/သစ်မကျည်း/လယ်ဇ/ပျဉ်းမသစ် ၅ ဒသမ ၆၂၀၀ တန် သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဗန်းမော်မြို့နယ် ပေါက်ကုန်းရပ်ကွက် အိမ်အမှတ် ကပ-စဝ၉(ခွဲ)နေအိမ်ခြံဝင်းအတွင်း ယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား သုည ဒသမ ၅၁၇၈ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

ၫင်းတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း(နေပြည်တော်)**

ဖောင်းပြင်

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်အတွင်းမှ တရားမဝင် သစ်လုံးနှင့် သစ်ခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကိုနိုင် ဦးစီးသောအဖွဲ့သည် ဖောင်းပြင်မြို့နယ် နန်းကမြစ်အပတောနှင့် နန်းကမြစ်ကြိုးပြင်ကာကွယ်တောအတွင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားမဝင် သစ်စေး/ အင်/ ကညင်သစ်ခွဲသား ၂၉၆ လုံး/ချောင်း (၉၁ ဒသမ ၅၂၉၂ တန်)အား သိမ်းဆည်းရမိခဲ့ပြီး**(ယာဝုံ)** ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူအောင်(ကသာ)

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၂ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

စဉ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ	ဈေးနှုန်း
၁။	သူဌေးဖြစ်တာဘာခက်လို့နှင့် မိမိကိုယ်ကိုမြှင့်တင်ပါ	ဒေါက်တာနေဇင်လတ်၊ မျိုးသော် (Milky Way)	(Milky Way)	၃၀၀၀
၂။	ဒုတိယမြောက် ဒသဂံရသစာစုများ	ကိုလတ်	ကလောင်စုံ	၃၀၀၀
၃။	ဝန်းသိုစော်ဘွားကြီး	ဦးစိုးမောင်(မြန်မာ့အလင်း)	the key collection	၁၅၀၀
၄။	ပုံပြင်ထဲက ရာသီဥတု	စစ်ငြိမ်း	ကိုလတ်	၂၅၀၀
၅။	မျက်ရည်ဆိုင်	နွေသစ်ငြိမ်း	ကိုလတ်	၃၀၀၀
၆။	တရုတ်လူမျိုးတို့ ကြီးပွားတိုးတက်ဖို့ ကြိုးစားကြသည့် နည်းလမ်းများ	အောင်ကို(တောင်ဂူ)	တူဒေး	၅၀၀၀
၇။	ခက်ခြင်းတရား ခေတ်ပေါ်ကဗျာစုစည်းမှု	မင်းမြတ်မွန်	ကိုလတ်	၂၀၀၀
၈။	ကမ္ဘာသုံးဆေးဖက်ဝင် အပင်ထွက်ဆေးဝါးများ အကြောင်းသိကောင်းစရာ	ဒေါက်တာစိုးမြင့်အောင် (ဝါးခယ်မ)	ရန်အောင်စာပေ	၁၅၀၀
၉။	တောင်သူလယ်သမားဘဝတစ်ကွေ့ အတွေ့အကြုံများ	ဗိုးရာဇာ(မအူပင်)	The Former	၃၀၀၀
၁၀။	ချစ်ခြင်းမေတ္တာအကြောင်း	သရဝဏ်(ပြည်)	Global Piece Group	၃၀၀၀
၁၁။	ဗုဒ္ဓဘာသာနှင့် ကျွန်တော်	လယ်တွင်းသားစောချစ်	ပန်းမြိုင်လယ်	၅၀၀၀
၁၂။	ဥတ္တရလမင်း ခံစားသူအကြိုက် မဂ္ဂဇင်းဝတ္ထုများ(၂၀၁၉)	ကလောင်စုံ	ဥတ္တရလမင်း	၃၀၀၀
၁၃။	အနှစ်ချုပ်ကမ္ဘာသမိုင်း	အောင်ချိုချိုကျော်	ပန်းဆက်လမ်း	၄၅၀၀
၁၄။	ပါးနီ	သူဝေး	မဟာစာပေ	၄၅၀၀
၁၅။	ရာဟုလာသံကိစ္စည်း၏ နှစ်ဆယ့်နှစ်ရာစု	ပါရဂူ	နှစ်ကာလများ	၃၀၀၀
၁၆။	အတိတ်ခေတ်ရဲ့ အကြွင်းအကျန်တွေနှင့် အက်ဆေးများ	အောင်မိုး	ပြည်မြန်မာ	၂၅၀၀
၁၇။	အတွေးအခေါ်မှတ်စုများ	ပန်းချီဆရာကြီး Dr(ဦးလွန်းကြွယ်)	အမေ့ဥယျာဉ်	၆၀၀၀
၁၈။	မြို့လုံးပတ်လည် အင်္ဂလိပ်စကားပြောကြမယ်	ဆရာဦးသန်းလွင်	မိဘမေတ္တာ	၆၀၀၀
၁၉။	ရင်တွင်းမြစ်ဖျားဘဝနှင့် ဂီတစီးဆင်းမှုစာစုများ	ရေနံ့သာစိုးလှိုင်	မျိုးဆက်သစ်	၄၅၀၀
၂၀။	ချင်းရိုးရာအဖုံဖုံ ဓလေ့စုံ	လိန်းအွမ်	သုဒန္တစာပေ	၂၀၀၀
၂၁။	သူ့စကား	အောင်ဆင့်	smart စာပေ	၂၀၀၀
၂၂။	ချင်းသမိုင်း Level (1)	ဆလိုင်းနောစော်	သုဒန္တစာပေ	၂၅၀၀
၂၃။	A 21 Century Burmese Guy	Win Ko Ko Aung	ကောင်းကျော်	၃၀၀၀
၂၄။	ရွှေနားတော်သွင်း	နိုက်	Global Peace Group	၂၅၀၀
၂၅။	ခေတ်ပေါ်ကဗျာဖန်းတီးသူနှင့် ဖန်တီးမှုအနုပညာ	ဒေါက်တာခင်မာသက်	smart စာပေ	၃၀၀၀
၂၆။	အသက်တမျှချစ်ပါရဲ့	မောင်စိန်ဝင်း(ပုတီးကုန်း)	စိတ်ကူးသစ်	၄၅၀၀
၂၇။	ခပ်စိမ်းစိမ်းနေပါ့မယ်	မောင်စိန်ဝင်း(ပုတီးကုန်း)	စိတ်ကူးသစ်	၄၅၀၀

(ဆက်လက်ဖော်ပြပါမည်)

မတူပီဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေး

မတူပီ ဧပြီလ ၁၅

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် ပြည်နယ်ဝန်ကြီးများသည် မတူပီမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဧပြီလ ၂၄ ရက် ညနေ ၃ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လည်မျိုတံတားတည်ဆောက်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ တံတားစီမံကိန်းအဖွဲ့(၁) ချင်းပြည်နယ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ထွေးက လည်မျိုတံတားတည်ဆောက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားတည်ဆောက်မှုအခြေအနေကို လိုက်လံကြည့်ရှုခဲ့ကြသည်။

မင်းတပ်–မတူပီကားလမ်းပေါ်ရှိ အရှည် ပေ ၂၄၀၊ အကျယ်ပေ ၃၀ ရှိ လည်မျိုတံတားကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ယခုအခါ တံတားတည်ဆောက်မှု ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မတူပီခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ ဆောက်လုပ်မည့်မြေနေရာ သတ်မှတ်လျာထားမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မတူပီမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ၂၄ နာရီ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၆၆ ကေဗွီ ဓာတ်အားလိုင်းခွဲရုံတည်ဆောက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆလိုင်းအောင်(ပြန်/ဆက်)

မြစ်ကြီးနားမြို့၌ မြန်မာကျပ်ငွေဖြင့် ကျောက်စိမ်းအရောင်းပြပွဲကျင်းပ

မြစ်ကြီးနား ဧပြီလ ၁၅

ကချင်ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)က ကြီးမှူးကျင်းပသည့် တတိယအကြိမ်အဖြစ် မြန်မာကျပ်ငွေဖြင့် ကျောက်စိမ်းအရောင်းပြပွဲကို ဧပြီလ ၂၄ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ ကျောက်မျက်လုပ်ငန်းရှင်များအသင်း ရုံးဝင်းအတွင်း၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကချင်ပြည်နယ်၏ဂုဏ်ဆောင် ကျောက်စိမ်းရတနာကို မြစ်ကြီးနားမြို့တွင် ဈေးကွက်ပီပီပြင်ပြင်ဖြစ်ပေါ်လာဖို့ကို ယခုလို အားလုံးက ပိုင်းဝန်းဆောင်ရွက်သွားကြရေးသည် အရေးကြီးကြောင်း၊ ကျောက်မျက်၊ ကျောက်စိမ်းဈေးကွက် ပီပီပြင်ပြင်ပေါ်ပေါက်လာမည်ဆိုပါက ပြည်နယ်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းမှူးနှင့်ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြပွဲအတွင်းခင်းကျင်းပြသထားသည့် ကျောက်စိမ်းတွဲများကို လိုက်လံကြည့်ရှုခဲ့ကြရာ ပြည်နယ်ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။

တတိယအကြိမ်အဖြစ်ပြသသည့် ယင်းကျောက်စိမ်းအရောင်းပြပွဲတွင် ကျောက်စိမ်းအတွဲရေ ၆၅၆ တွဲ ပါဝင်ပြသထားကာ အနည်းဆုံးကြေးခင်းဈေး ၁၀ သိန်းနှင့် ကြေးခင်းဈေး ကျပ်သိန်း ၁၀၀၀ ကျော်ထိရှိပြီး ဧပြီလ ၂၆ ရက် ညနေပိုင်းတွင် တင်ဒါဖွင့်ဖောက်သွားမည်ဖြစ်ပြီး ၂၇ ရက်တွင် တင်ဒါ အောင်မြင်သည့်စာရင်းကို ကြေညာပေးသွားမည်ဖြစ်ကာ ကြည့်ရက်အဖြစ် (၂၄၊ ၂၅၊ ၂၆) ရက်သုံးရက် သတ်မှတ်ပေးထားမည်ဖြစ်ကြောင်း ပြည်နယ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ပြည်နယ် (ပြန်/ဆက်)

နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီး၌ ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါ သီးခြားဆေးကုသဆောင် ပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီလ ၁၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၁၀ နာရီတွင်Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ့ရှိလာပါက ထိရောက်စွာကုသမှုပေးနိုင်ရေးအတွက် နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ သီးခြားဆေးကုသဆောင် ပြင်ဆင်ထားရှိမှုကို သွားရောက်စစ်ဆေးကြသည်။

ဆေးရုံအုပ်ကြီး ဒေါက်တာပပက Coronavirus Disease 2019(COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါနှင့်ပတ်သက်၍ ကြေပ်မတ်စစ်ဆေးနေမှုများ၊ ရောဂါတွေ့ရှိလာပါက ထိရောက်စွာကုသမှုပေးနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါအတွက် ကြိုတင်ပြင်ဆင်ထားရှိသည့် သီးခြားဆေးကုသဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပြင်ဆင်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ရွှေကုက္ကို

ကိုရိုနာဗိုင်းရပ်စ် အန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး

ကော့သောင်း ဧပြီလ ၁၅

မြန်မာ–ထိုင်းနယ်စပ် အဝင်/အထွက်ဂိတ်ရှိသည့် ကော့သောင်းမြို့ရေဆိပ်နှင့် ကားဂိတ်တို့တွင် ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ COVID-19 ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများနှင့် ကျန်းမာရေဝန်ထမ်းများက COVID-19 ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ဆောင်ရန်/ရှောင်ရန် အသိပညာပေးလက်ကမ်းစာစောင်များနှင့် အသိပညာပေးလုပ်ငန်းများကို အဏ္ဏဝါရပ်ကွက် မြို့မတံတားရေဆိပ်နှင့် အဝေးပြေးမော်တော်ယာဉ်ပေါ်တွင် ဆောင်ရွက်ခဲ့ကြသည်။

ကျော်စိုး(ကော့သောင်း)

သုံးထပ်နှင့်အထက်အဆောက်အဦများ ဆောက်လုပ်ပါက မီးသတ်ဦးစီးဌာနသို့ အကြံဉာဏ်များရယူဆောက်လုပ်သင့်

ရန်ကုန် ဧပြီလ ၁၅

နိုင်ငံအတွင်းရှိ ပြည်သူများ လုံခြုံစိတ်ချနိုင်စေရန်အတွက် အဆောက်အဦများ ဆောက်လုပ်ရာတွင် သုံးထပ်နှင့်အထက်အဆောက်အဦများကို ဆောက်လုပ်မည်ဆိုပါက မီးသတ်ဦးစီးဌာနသို့ဆက်သွယ်၍ အကြံဉာဏ်များရယူကာ အဆောက်အဦများကို ဆောက်လုပ်သင့်ကြောင်း ရန်ကုန်တိုင်းဒေသကြီး (မီးသတ်ဦးစီးမှူး) ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ပြောသည်။

"မီးသတ်တပ်ဖွဲ့ဝင်များအနေနဲ့ တစ်ဖက်ကလည်း မီးငြိမ်းသတ်ရေးကို လုပ်ဆောင်ရသလို တစ်ဖက်မှာလည်း ကယ်ဆယ်ရေးလုပ်ငန်းကို လုပ်ဆောင်နေရတာပါ။ ဒါကြောင့်မို့ အဆောက်အဦတွေဆောက်လုပ်မယ်ဆိုရင် ဘယ်လိုပုံစံ ဆောက်လုပ်မလဲဆိုတာကို မီးသတ်ဦးစီးဌာနနဲ့ တွေ့ဆုံတိုင်ပင်ပြီးမှ ဆောက်လုပ်ပါလို့ အကြံပေးချင်ပါတယ်" ဟု တိုင်းဒေသကြီး (မီးသတ်ဦးစီးမှူး) ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ပြောသည်။

ပွင့်သစ္စာ

အသက် ၈၅ နှစ်နှင့်အထက် ရဟန်း၊ သံဃာ၊ ဘိုးဘွားများ လူမှုရေးပင်စင်လျှောက်ထားနိုင်

ရန်ကုန် ဧပြီလ ၁၅

အသက် ၈၅ နှစ်နှင့်အထက် ရဟန်း၊ သံဃာ၊ သက်ကြီးဘိုးဘွားများ လူမှုရေးပင်စင်ကို မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း ယနေ့နံနက်ပိုင်းက ပြုလုပ်သော လူထုအခြေပြုဗဟိုဌာန (ဗဟန်း) လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲမှ သိရသည်။

"အခုကတော့ အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားတွေ မည်သူမဆို၊ လူမျိုးမရွေး၊ ဘာသာမရွေး မှတ်ပုံတင်ကိုအခြေခံပြီး လူမှုရေးပင်စင်ကို ထောက်ပံ့ပေးပါတယ်" ဟု လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်မှူး ဒေါ်သန္တာစောက ပြောသည်။

ယခုအခါတွင် ရန်ကုန်အနောက်ပိုင်းခရိုင်အနေဖြင့် သက်ကြီးဘိုးဘွားများကို ၂၀၁၈ ခုနှစ်တွင် အသက် ၉၀ နှစ်အထက်၊ ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် အသက် ၈၅ နှစ်အထက် ဘိုးဘွားများနှင့် ရဟန်း၊ သံဃာများကို လူမှုရေးပင်စင်များအဖြစ် ထောက်ပံ့ပေးခဲ့ရာ လက်ရှိတွင် ၁၄၄၅ ဦးအထိရှိနေပြီဖြစ်သည်။ ဘိုးဘွားတစ်ဦးလျှင် တစ်လထောက်ပံ့ငွေ ကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးကြောင်း သိရသည်။

လူမှုရေးပင်စင်လျှောက်ထားလိုသော အသက် ၈၅ နှစ်နှင့်အထက်ရှိသူ ဘိုးဘွားများအနေဖြင့်လည်း သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် လျှောက်လွှာဖောင်များရယူကာ လျှောက်ထားနိုင်ကြောင်း သိရသည်။

မြင့်မောင်စိုး

ဧပြီလ ၂၃ ရက်တွင် အမှတ် ၁၂ ရပ်ကွက် ဓမ္မသုခမ္မာရုံ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်ဦးက ရန်ကင်းမြို့နယ်အတွင်း မှုခင်းများကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောစဉ်။

သန်းမောင်(ရန်ကင်း)

သတင်းစုံကဏ္ဍ

သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းများလှူဒါန်း

တာမိုးညဲ

ရှမ်းပြည်နယ်(မြောက်ပိုင်း) တာမိုးညဲမြို့တွင် နေထိုင်ကြသည့် အသက် ၇၅ နှစ်အထက်ရှိ သက်ကြီးရွယ်အို စုစုပေါင်း ၃၆၈ ဦးအား ကွတ်ခိုင်မြို့ အမှတ်(၂) မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်က ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် လှူဖွယ်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့သည်။

စုစုပေါင်းတန်ဖိုး ၆၅ သိန်းကျော်ရှိ မုန့်၊ အိုဗာတင်း၊ နို့ဆီဘူး၊ ကွေကာထုပ်၊ ပဲနို့နှင့် အခြားလှူဖွယ်ပစ္စည်းများကို တာမိုးညဲမြို့ရှိ သက်ကြီးရွယ်အိုများအား ပေးအပ်လှူဒါန်းခဲ့သည်။ **ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးမည်

မိုင်းယောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် မျက်စိဝေဒနာရှင်များအား ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂ ရက်အထိအမှတ်(၃) တပ်မတော် ဆေးရုံ(ခုတင်-၃၀၀)၌ အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

အသက်အရွယ်ကြီးရင့်၍ မျက်စိအမြင်အာရုံချို့တဲ့နေသော အတွင်းတိမ်လူနာများကိုလည်း ခွဲစိတ်၍ မှန်ဘီလူးအစားထိုးကုသပေးသွားမည်ဖြစ်ကာ မည်သည့်ဒေသမဆို လူမျိုးဘာသာမရွေး အခမဲ့ သွားရောက်ကုသနိုင်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

ဂန့်ဂေါမြို့နယ် ရေရှင်ကျေးရွာ၌ စာဖတ်ဝိုင်းကျင်းပ

ဂန့်ဂေါ

ဂန့်ဂေါမြို့နယ် ရေရှင်ကျေးရွာဘုန်းကြီးကျောင်းရှိ သဒ္ဓမ္မဇောတိက ဓမ္မဗိမာန်၌ ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျေးရွာရှိ စာပေချစ်မြတ်နိုးသူများ၊ ခရိုင်ပြန်ဆက်၏ စာပေချစ်မြတ်နိုးသူများအသင်း(Book Club) နှင့် (Youth Club)တို့က စာရေးဆရာမ နှင်းနွယ် (ကလေး)၏ ရင်ဘတ်နှင့်ဖြတ်ကျော်ခြင်း ဘဝထဲကဆောင်းပါးများ စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်က အကောင်းအဆိုးအမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်စေရန်အတွက် စာဖတ်ဝိုင်းများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး နှုတ်ဖျားက စကားချိုပါစေ၊ လှပလန်းဆန်းပရဟိတပန်း ခေါင်းစဉ်ဖြင့် တက်ရောက်လာသည့်စာပေဝါသနာရှင်များက အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စိန်ကျော်**

ကြို့ပင်ကောက်တွင် အခြေခံမီးသတ်ပညာသင်တန်းဖွင့်

ကြို့ပင်ကောက်

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ အခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါမီးသတ်ပညာသင်တန်းတွင် ကြို့ပင်ကောက်စခန်းကျေးရွာအုပ်စုအတွင်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးအား သင်တန်းကာလ ၁၅ ရက်အတွင်း မီးသတ်ပညာဘာသာရပ်များ၊ သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးလုပ်ငန်းပညာဘာသာရပ်များကို မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် ဒုတပ်ရင်းမှူးတို့က စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

ဖေဖော်ဝါရီ ၁၈ ရက်က မြင်းခြံခရိုင် ငါန်းဖွန်မြို့နယ် ထနောင်းပင်ကျေးရွာတွင် မုဒိမ်းမှုမဖြစ်ပေါ်စေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ မှုခင်းကျဆင်းရေးများအတွက် မြို့သာနယ်မြေရဲစခန်း စခန်းမှူးရဲအုပ် ကျော်ဇော်လင်းနှင့်အဖွဲ့ ဒေသခံကျေးရွာသူကျေးရွာသားများအား ဟောပြောစဉ်။

ခင်ဇာမွန်မြင့်-ဥပဒေ

ဗျာပုံ၌ စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်း အခမဲ့ဖွင့်လှစ်

ဗျာပုံ ဖေဖော်ဝါရီ ၂၅

အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)နှင့် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်တို့ ပူးပေါင်းဖွင့်လှစ်သည့် ကျွမ်းကျင်မှုအခြေပြုလျှပ်စစ်ဝရိန်ဆော်နည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက ဗျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်တိုးချဲ့ဆောင် ခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) ကျောင်းအုပ်ကြီး ဦးဘုန်းကျော်တို့က သင်တန်းဖွင့်အမှာစကားပြောကြားကြပြီး ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်အလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး ဦးမြင့်အောင်က သက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ဗျာပုံမြို့နယ်အတွင်းမှ သင်တန်းသား ၆၀ တက်ရောက်လျက်ရှိပြီး သင်တန်းကြေး အခမဲ့ဖြစ်သည်။

သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၆ ရက်အထိ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် အမှတ်(၁) စက်မှုသင်တန်းကျောင်းမှ နည်းပြဆရာများက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဗျာပုံ)**

မွန်ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တွေ့ဆုံပွဲကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၂၅

မွန်ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် ခရိုင်၊မြို့နယ်အဖွဲ့များတွေ့ဆုံပွဲကို မော်လမြိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး(ပဋ္ဌမထပ်) အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ပြည်နယ်ဥပဒေအဖွဲ့ဥက္ကဋ္ဌ ဦးခင်အောင်က ဥပဒေ၊ နည်းဥပဒေ၊ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ပြည်သူတို့အား ဥပဒေအရာ၌ မျှတမှုနှင့် တန်းတူညီမျှမှုအခွင့်အရေးများ ရရှိရန်နှင့် ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်၊ အယူခံပိုင်ခွင့်တို့ရရှိရန်အတွက် အဂတိတရားကင်းရှင်းစွာဖြင့် စိတ်ရင်းကောင်းစေတနာထားကာ ဥပဒေအထောက်အကူပေးရေးလုပ်ငန်းများအား ပိုမိုသွက်လက်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားပြီး အတွင်းရေးမှူး ဦးမျိုးမြင့်အောင်က ပြည်ထောင်စုအဖွဲ့ ညွှန်ကြားချက်များနှင့် မြို့နယ်အဖွဲ့များ၏ ချီးမြှင့်ငွေများအား ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်နိုင်ရေးရှင်းလင်း၍ ၁၀ မြို့နယ်အဖွဲ့ဥက္ကဋ္ဌများက မြို့နယ်အလိုက်တင်ပြကာ ပြည်နယ်အဖွဲ့ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းခဲ့သည်။

တွေ့ဆုံပွဲသို့ မွန်ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်များ၊ ၁၀ မြို့နယ်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၆၀ တက်ရောက်ပြီး ဥပဒေ အသိပညာပေးရေးလက်ကမ်းစာစောင်များကို ပြည်နယ်အဖွဲ့ဝင် (မြို့နယ်တာဝန်ခံ)များမှ ၁၀ မြို့နယ်ဥက္ကဋ္ဌများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်သန်း (မော်လမြိုင်)**

အသက်မွေးဝမ်းကျောင်းပညာများကို အခမဲ့တက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် PTTEP International Limited (Yangon Branch) တို့ ပူးပေါင်း၍ ရန်ကင်းကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းပညာရပ်များကို အသက် ၁၈ နှစ်ပြည့်ပြီးသူ ကျား/မတိုင်း(အခမဲ့)တက်ရောက်ခွင့်ရှိကြောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်မာအေးက ဖေဖော်ဝါရီ ၂၁ ရက် နံနက်က လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပသော အသက်မွေးဝမ်းကျောင်းပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်လုပ်သားများ သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲအခမ်းအနားတွင် ပြောသည်။

အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ဂဟေဆက်သင်တန်း၊ လေအေးပေးစက်တပ်ဆင်ခြင်း၊ ပြုပြင်ခြင်းသင်တန်း၊ လျှပ်စစ်အတတ်ပညာသင်တန်းများတွင် တစ်နှစ်ကာလသင်ကြားခဲ့ပြီး သင်တန်းသားစုစုပေါင်း ၃၃၈ ဦးတို့အား မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)၏ စိစစ်အကဲဖြတ်မှုနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း၊ ယခင် ဤသင်တန်းဆင်း အလုပ်သမားဦးရေ ၅၀၀၀၀ ကျော်သည် မိမိကိုယ်ပိုင်လုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြပြီဖြစ်ကြောင်းနှင့် သင်တန်းမှာ ပိတ်ရက်မရှိ ဖွင့်လှစ်ထားသည်ဖြစ်၍ ပညာရပ်တစ်ခုတွင် သင်တန်းသား ၃၁ ဦး ပြည့်သည်နှင့် တစ်လခွဲသင်တန်း ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

ခရမ်း၌ စွမ်းအားမြှင့်မီးဖို အခမဲ့ဖြန့်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းရှိ လျှပ်စစ်မီးမရရှိသေးသည့် ကျေးလက်နေပြည်သူများအား စွမ်းအားမြှင့်မီးဖို ၄၅၀၀ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရမ်းမြို့နယ် ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ အိမ်ထောင်စု ၄၅၀၀ အတွက် စွမ်းအားမြှင့်မီးဖိုအလုံး ၄၅၀၀ အား မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဌေးမောင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများက ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက ခရမ်းမြို့နယ် လျှပ်စစ်မီးမရရှိသေးသည့် ကွင်းလျှားရှည်ကျေးရွာရှိ ကျေးလက်နေပြည်သူများအား စွမ်းအားမြှင့်မီးဖိုများ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ကျန်ရှိသော ကျေးရွာများအား ဖေဖော်ဝါရီလကုန်အပြီး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

သီပေါ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြ

သီပေါ ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်စည်ပင်သာယာရေးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီက မြို့မစည်ပင်သာယာရေးစျေးကြီး၌ ကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးအောင်စည်၊ မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်ထွန်း၊ မြို့မိမြို့ဖများ၊ မြို့နယ်မီးဘေးတားဆီးရေးကော်မတီဝင်များနှင့် စျေးကြီးကြပ်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းကြီးကြပ်ကွပ်ကဲသော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မစျေးမီးသတ်တပ်ဖွဲ့ဝင်များနှင့် စျေးသူစျေးသားများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့်လည်းကောင်း၊ မီးသတ်ဆေးဘူးများဖြင့်လည်းကောင်း လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြသည်။

အလားတူ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများကို မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

အလောင်းတော်ကဿပစံကျောင်းတော်သို့ ဆင်အကောင် ၈၀ နီးပါးဖြင့် ဝန်ဆောင်မှုပေး

ကနီ ဖေဖော်ဝါရီ ၂၅

ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းရှိအလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းရှိ အလောင်းတော်ကဿပရုပ်ကလာပ်တော်တည်ရှိရာစံကျောင်းတော်နှင့် လွမ်းစေတီသို့ သွားရောက်ဖူးမြော်ကြမည့် ဘုရားဖူးဧည့်သည်များသွားလာရေးအဆင်ပြေစေရန် ဆင် ၇၇ ကောင်ဖြင့် အသွားအပြန် ပို့ဆောင်ပေးလျက်ရှိကြောင်း အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်မှ ဦးစီးအရာရှိ ဦးအောင်မောင်းက ပြောသည်။

ဘုရားဖူးဧည့်သည်များ သွားလာမှုအဆင်ပြေစေရန် ယာဉ်ရပ်နားစခန်းမှ အလောင်းတော်ကဿပ ရုပ်ကလာပ်တော်တည်ရှိရာစံကျောင်းတော်အထိ ဆင်တစ်ကောင်ကိုငွေကျပ်၈၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရင်ပြင်တော်မှ အကွာအဝေးနှစ်မိုင်ရှိလွမ်းစေတီအထိ ဆင်တစ်ကောင်လျှင်ငွေကျပ် ၁၆၀၀၀ နှုန်းဖြင့်လည်းကောင်း နေ့စဉ် နံနက် ၆ နာရီမှ ၁၀ နာရီခွဲအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၆ နာရီခွဲ အထိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ပိုင် ဆင် ၃၅ ကောင်နှင့် မြန်မာ့သစ်လုပ်ငန်းပိုင် ဆင် ၄၂ ကောင်တို့ဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အလောင်းတော်ကဿပ စံကျောင်းတော်သို့ သွားရောက်နိုင်သည့် ဘုရားဖူးရာသီလမ်းအား ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် စတင်ဖွင့်လှစ်ပြီးနောက် ပိုင်းတွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ ဝင်ရောက်လျက်ရှိရာ မော်တော်ယာဉ်ရပ်နားစခန်းမှ အလောင်းတော်ကဿပစံကျောင်းသို့အကွာအဝေးတစ်မိုင်သာသာရှိ တောင်တက်ခရီးစဉ်နှင့် ရင်ပြင်တော်မှ နှစ်မိုင်အကွာအဝေးရှိ လွမ်းစေတီ ဘက်သို့ သက်ကြီးဘိုးဘွားများ၊ အဝလွန်သူများ၊ ကလေးငယ်များနှင့် ဆင်စီးအတွေ့အကြုံအရစီးချင်သူများအား နေ့စဉ်နံနက်ပိုင်းတစ်ကြိမ်နှင့် ညနေပိုင်းတွင်တစ်ကြိမ် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

သန်းဌေးအောင်(ကနီ)

လူမှုဖူလုံရေးနယ်လှည့်ဆေးကုသယာဉ်ဖြင့် ချောက်မြို့တွင် ဆေးကုသ

ချောက် ဖေဖော်ဝါရီ ၂၅

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ရေနံလုပ်သားများ အပန်းဖြေရိပ်သာ အမှတ်(၂)၌ ယနေ့နံနက် ၉ နာရီမှ စတင်ကာ နေပြည်တော် လူမှုဖူလုံရေးအဖွဲ့(Mobile Medical Unit)ဆေးကုသယာဉ်နှင့် သုခမင်္ဂလာဆေးရုံမှ တာဝန်ရှိ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းပြီး နယ်လှည့်ကျန်းမာရေးစစ်ဆေးကုသဆောင်ရွက်ခြင်းတို့ ပြုလုပ်သည်။

အာမခံ လုပ်သားများအား ကျန်းမာရေးစစ်ဆေးမည်

ယင်းသို့ဆောင်ရွက်ရာတွင် လူမှုဖူလုံရေးအဖွဲ့ ဆေးကုသယာဉ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ သုခမင်္ဂလာဆေးရုံမှ အထွေထွေရောဂါကုသရေး ဒေါက်တာမင်းထွဋ်၊ ဒေါက်တာ ဟိန်းထက်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်လူမှုဖူလုံရေးဦးစီးအရာရှိ ဒေါ်လှလှစန်းနှင့် ဝန်ထမ်းများက ပူးပေါင်းပြီး ချောက်မြို့၌ မြို့နယ်လူမှုဖူလုံရေးရုံး အကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံလုပ်သားများအား ကျန်းမာရေးစစ်ဆေးမှုပြုလုပ်သွားမည် ဖြစ်သည်။

ထိုသို့ နယ်လှည့်ဆေးကုသမှုအစီအစဉ်များမှာ ချောက်မြို့၌ ဖေဖော်ဝါရီ ၂၅ ရက်၊ ၂၆ ရက်တွင် စလေမြို့ ဓာတ်မြေဩဇာစက်ရုံ၊ ၂၇ ရက်နေ့တွင် အမှတ်(၃၅) အကြီးစားစက်ရုံ ကြွေသီးတို့၌ ချောက်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော အာမခံလုပ်သားများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် နယ်လှည့်ကွင်းဆင်းစစ်ဆေးကုသသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

ဘုံလုံချောင်းကုန်ထုတ်ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုစစ်ဆေး

ကျိုက်လတ် ဖေဖော်ဝါရီ ၂၅

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရိန်၊ ခရိုင်ဦးစီးမှူး ဦးဧယျာဇော်မျိုးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ကျိုက်လတ်မြို့ ဘုံလုံချောင်းကျေးရွာတွင် တည်ဆောက်လျက်ရှိသည့် အရှည် ၄၅ ပေရှိ ဘုံလုံချောင်း ကုန်ထုတ်ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ဘုံလုံချောင်း ကုန်ထုတ်ဆိပ်ခံတံတားပြီးစီးသွားပါက ဘုံလုံချောင်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများသည် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များတွင် များစွာအဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

ကျိုက်ထို ဖေဖော်ဝါရီ ၂၅

မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ ဝင်းကံကျေးရွာ၌ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတို့ကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဒေါ်နွယ်နွယ်ဝါက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် (ကျွဲကောသီး၊ ဆီးသီး၊ မန်ကျည်းသီး၊ ရှောက်သီး၊ သံပရာသီး၊ နာနတ်သီး၊ မရမ်းသီးစိမ်း၊ စောင်းလျားသီး၊ သဘော်သီး) ဖျော်ရည်အဆီ အမျိုးမျိုး၊ ဝိုင်အမျိုးမျိုး၊ ယိုစုံအမျိုးမျိုး၊ ရှောက်ပျားရည်ပေါင်း၊ နာနတ်သီးဖျော်ရည် ပြုလုပ်နည်းတို့ကို သင်တန်းပို့ချသွားမည်ဖြစ်သည်။

ထို့အပြင် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင်(အဝတ်လျှော်/လက်ဆေး/ပန်ကန်ဆေး) ဆပ်ပြာဆီအမျိုးမျိုး၊ ရေချိုးဆပ်ပြာ၊ ဆပ်ပြာခရင်၊ သဘာဝသစ်သီးများကို အခြေခံ၍ (ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည်အမျိုးမျိုး) မှန်ကြည်ဆေး၊ ရေမလို လက်သန့်ဆေးနှင့် အဝတ်လျှော်အမွှေးဆီပြုလုပ်နည်းတို့ကို သင်ကြားပို့ချသွားမည်ဖြစ်သည်။ သင်တန်းကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။ **မောင်ရွှေဝင်း (ပြည်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

မလှိုင် ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းမင်းလတ်သည် ခရိုင်ရုံးဦးစီးအရာရှိ ဒေါ်မူမူသိန်းနှင့်အတူ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီလ တတိယပတ်က ကွင်းဆင်းစစ်ဆေးသည်။

မြောက်ကုန်းကျေးရွာမှ ကိုင်းတောရိုးသွားလမ်း၊ ဘောက်ခွေးတောကွင်းအမှတ် (၈၂) အထိ ကုန်ထုတ်လမ်းပေါ်တွင် အလျားပေ ၆၀၊ အနံ ၁၆ ပေရှိ ရေကျော်တံတား တည်ဆောက်ပြီးစီးနေမှု၊ ဝွေးအိုင်-ညီနောင်ရွာမှ ရွာဟောင်းကန် ကွင်းအမှတ် (၈၄) သို့သွားသည့် လမ်းမြေသားတင် ဂျင်းခင်းခြင်း ၇ ဒသမ ၆ ဖာလုံနှင့် ညောင်ကုန်းကျေးရွာနှင့် ရွာသစ်ကလေးကျေးရွာ တောင်ဘက်တောသွားလမ်း မြေသားတင် ဂျင်းခင်းခြင်း ၂ မိုင် ၄ ဖာလုံရှိ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု၊ ကသစ်ပင်ကျေးရွာ မြင်းဦးလှည့် (တ) နှင့် မြင်းဦးလှည့် (ရွာမ) ကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ပြီး ရေရရှိရေးဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

သတင်းစုံကဏ္ဍ

အခွန်ဆောင်ခြင်းမရှိသောကြော်ငြာဆိုင်းဘုတ်များဖြုတ်သိမ်း

ရန်ကုန်

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ နံ့သာကုန်းရပ်ကွက် ဈေးလမ်းရှိ ဈေးဆိုင်၊ သစ်ပင်များတွင် ခွင့်ပြုချက်မရှိသောကြော်ငြာဆိုင်းဘုတ်များ ဖြုတ်သိမ်းခြင်းနှင့် ဆိုင်များတွင် တပ်ဆင်ထားသော ခွင့်ပြုချက်မဲ့ ဆိုင်းဘုတ်များအား အခွန်အခရရှိစေရေး၊ ပေတိုင်းတာ၍ ခွင့်ပြုချက်တင်ပြကောက်ခံနိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခွဲထက်ကို(ပြန်/ဆက်)**

နွေရာသီ အခြေခံသင်တန်းဖွင့်လှစ်ရေးဆွေးနွေး

မန္တလေး

မန္တလေးတိုင်းဒေသကြီး နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်ရေးညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ဗဟိုအားကစားကွင်းရှိ တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မတ် ၉ ရက်မှစတင်၍ ဧပြီ ၈ ရက်အထိ အားကစားနည်း ၂၅ မျိုး အခမဲ့သင်တန်းဖွင့်လှစ်ရေးနှင့်ပတ်သက်၍ အခမ်းအနားတက်ရောက်သူများကဆွေးနွေးခဲ့ကြပြီး သင်တန်းတက်ရောက်လိုသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဝင်ခွင့်လျှောက်လွှာများကို လမ်း ၃၀ ရှိ ဗဟိုအားကစားကွင်း အား/ကာရုံးနှင့် သက်ဆိုင်ရာ မြို့နယ် အား/ကာရုံးများသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးသင်တန်းဖွင့်

ညောင်လေးပင်

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးသင်တန်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ညောင်လေးပင်မြို့ စိုက်ပျိုးရေးဆိုင်ရာလူထုအခြေပြုလေ့လာမှုစခန်း၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို တောင်သူများမွေးမြူရေးလုပ်ငန်းတွင် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နိုင်စေရန်နှင့် ရောဂါကင်းရှင်းပြီးဘေးကင်းသော မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ညောင်လေးပင်မြို့နယ်အတွင်းရှိမွေမြူရေးလုပ်ကိုင်သူ သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။

သက်လွင် (ညောင်လေးပင်)

ပူတာအိုဌ် နှီးနှောဖလှယ်ပွဲကျင်းပ

ပူတာအို

ကချင်ပြည်နယ် ပူတာအိုမြို့တွင် နမ့်ကျိုပရဟိတဖောင်ဒေးရှင်းကကြီးမှူး၍ လွတ်လပ်ပွင့်လင်းစွာဆွေးနွေးနှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခွဲ ကျင်းပသည်။

ဆွေးနွေးပွဲကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် မတူကွဲပြားသော တိုင်းရင်းသားများအတွင်းရှိ သံသယစိတ်များ၊ စိုးရိမ်စိတ်များ ကင်းရှင်းပပျောက်စေရန် ဆောင်ရွက်ရန်၊ တိုင်းရင်းသားလူမျိုးများအတွင်းရှိ ကောင်းမွန်သော အစဉ်အလာများကိုဖော်ထုတ်ကာ ယုံကြည်မှုတည်ဆောက်၍ စည်းလုံးညီညွတ်မှုရှိလာစေရန် ဆောင်ရွက်ရန်၊ Dialogue အလေ့အထများပြုလုပ်ပေးခြင်း၊ မတူကွဲပြားမှုများ၊ ပဋိပက္ခများကို ပြေလည်စွာ အပြန်အလှန်ဆွေးနွေးဖြေရှင်းခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ကာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ကျွမ်းကျင်စွာ ဦးဆောင်သွားနိုင်မည့် လူငယ်၊ လူလတ်များ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း နမ့်ကျို ပရဟိတဖောင်ဒေးရှင်း စီမံကိန်းတာဝန်ခံ ဦးစောနွဲ့ထွန်းနိုင်ထံမှ သိရသည်။ **ဖုန်ကန်(ပူတာအို)**

ဖေဖော်ဝါရီ ၂၃ ရက်တွင် လယ်ဝေးမြို့နယ် ဇလီဌက်ကြီးတောင်အုပ်စု အောင်နန်းချိုကျေးရွာ စာသင်ကျောင်း၌ သာဝတ္ထိနယ်မြေရဲစခန်းမှူး ရဲအုပ်ညီညီထွန်းက ဒေသခံများအား သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ပြစ်မှုပြစ်ဒဏ်များ ရှင်းလင်းဟောပြောစဉ်။

ကိုကိုရွှေပ(နေပြည်တော်)

အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို မှန်ကန်မျှတစွာ ရရှိခံစားနိုင်စေရန်၊ နိုင်ငံသားများ၏ ရပိုင်ခွင့်များ နစ်နာဆုံးရှုံးမှုမရှိစေရန်အတွက် နိုင်ငံသားတစ်ဦးချင်းစီ၏အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် ရည်ရွယ်၍ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ယခုတစ်ပတ် လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်။

နိုင်ငံသူ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်ကပြဋ္ဌာန်းထားတဲ့ ဥပဒေ/နည်းဥပဒေအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးအပြည့်အဝရရှိဖို့ပဲ ဖြစ်ပါတယ်

အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီအတွင်းရေးမှူး ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်

အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

တွေ့ဆုံမေးမြန်း
နန္ဒာဝင်း

နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို မှန်ကန်မျှတစွာရရှိခံစားနိုင်စေရန်လိုအပ်ပြီး နိုင်ငံသားများ၏ ရပိုင်ခွင့်များ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် နိုင်ငံသားတစ်ဦးချင်းစီ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန်ရည်ရွယ်လျက် အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၇ (ဂ)အရ ဖွဲ့စည်းခဲ့သည်။

ကော်မတီသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက်လည်းကောင်း၊ အမေရိကန်သံရုံးမှလူ့အခွင့်အရေး၊ ဘာသာရေး၊ ပြည်တွင်းပဋိပက္ခများနှင့် လူမှုအဖွဲ့အစည်းကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့်လည်းကောင်း၊ စီးပွားရေးကဏ္ဍ၌ စီးပွားရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများ အကြား တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများပေါ်ထွန်းလာစေရေးအတွက်လည်းကောင်း တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။

ထို့အတူ အကျဉ်းသားများ၏ လူ့အခွင့်အရေးအခြေအနေများကိုလေ့လာသိရှိရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အကျဉ်းထောင်များသို့ သွားရောက်၍ အကျဉ်းသားများနှင့် တွေ့ဆုံကာ အကျဉ်းသားများ၏ လူ့အခွင့်အရေးအခြေအနေများနှင့် စစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုပေးပို့ခဲ့သည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်ရှိ ကျားဖောင်လုပ်ငန်းများသို့လည်း သွားရောက်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည့်အပြင် ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အခါအားလျော်စွာ အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ဆွေးနွေးခြင်း၊ ရက်တိုသင်တန်းများ တက်ရောက်ခြင်း၊ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီး သွားရောက်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

မေး။ ။ နိုင်ငံသားများ၏မူလအခွင့်အရေး၊ဒီမိုကရေစီအရေးနှင့်လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကို ရှင်းပြပေးပါဦး။

ဖြေ။ ။ ကျွန်တော်တို့ကော်မတီအနေနဲ့အမျိုးသား လွှတ်တော်က တာဝန်ပေးအပ်တဲ့ လုပ်ငန်းတာဝန်တွေနဲ့ လုပ်ပိုင်ခွင့်တွေအတွင်းက ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ အဲဒီအထဲက အဓိကကျတဲ့အချက်ကို ပြောရရင် နိုင်ငံသားတိုင်း တရားမျှတမှုနဲ့ တန်းတူညီမျှတဲ့အခွင့်အရေး ရှိဖို့ဖြစ်ပါတယ်။ ပြောရရင် နိုင်ငံသူ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်ကပြဋ္ဌာန်းထားတဲ့ ဥပဒေ/နည်းဥပဒေအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးအပြည့်အဝရှိဖို့ပဲ ဖြစ်ပါတယ်။

နိုင်ငံသားတွေအနေနဲ့ လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့အတွက် တိုင်ကြားစာတွေ၊ အသနားခံစာတွေ၊ တင်ပြချက်တွေကို ကော်မတီအနေနဲ့ လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်အရ ဆောင်ရွက်နိုင်ပါတယ်။ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ချက်တွေကို လွှတ်တော်ဥက္ကဋ္ဌက တစ်ဆင့် လွှတ်တော်မှာ တင်ပြအစီရင်ခံခွင့်ရှိပါတယ်။ ဒါကတော့ လုပ်ငန်းတာဝန်တွေထဲက အဓိကအချက်ကို ပြောကြားခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက ကော်မတီရဲ့လုပ်ပိုင်ခွင့်တွေကို ပြောရမယ်ဆိုရင် လူ့အခွင့်အရေးချိုးဖောက်ခံရတယ်လို့ သံသယရှိရင် ဖိတ်ကြားပြီး ဆွေးနွေးနိုင်သလို အခင်းဖြစ်တဲ့နေရာကိုလည်း ကွင်းဆင်းမေးမြန်းဆွေးနွေးနိုင်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးဟောပြောတာတွေကိုလည်း လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ တက်ရောက်နိုင်ပါတယ်။

ကျွန်တော်တို့ကော်မတီအနေနဲ့ ကော်မတီရဲ့ လုပ်ငန်းတာဝန်နဲ့ လုပ်ပိုင်ခွင့်အတွင်းက အတတ်နိုင်ဆုံး နိုင်ငံသားတွေရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးတွေကို ဖွံ့ဖြိုးအောင်ဆောင်ရွက်နေပါတယ်။

မေး။ ။ ပြည်သူလူထုအနေနဲ့ မိမိတို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကိုသိရှိပြီး ခံစားရရှိနိုင်ပြီလား ဆရာ့အနေနဲ့ ဘယ်လိုထင်မြင်ပါသလဲ။

ဖြေ။ ။ ပြည်သူလူထုအနေနဲ့နိုင်ငံတော်က ပြဋ္ဌာန်းတဲ့ ဥပဒေ၊ နည်းဥပဒေတွေကို နားလည်သိရှိနိုင်ဖို့ လိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေ၊ ဥပဒေတွေကို နိုင်ငံသူ နိုင်ငံသားတွေက သိရှိအောင် လေ့လာဖို့လိုသလို လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကိုလည်း သိရှိဖို့လိုအပ်ပါတယ်။ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေဆိုတာလည်း ပြဋ္ဌာန်းထားတာ ရှိပြီးသားပါ။ မျှမျှတတရှိဖို့ဆိုတာ တကယ်တမ်းဆိုရင် လူတိုင်းမှာအခွင့်အရေးရှိပါတယ်။ ကျွန်တော့်ရဲ့သဘောထား ပြောရရင် ပြည်သူတိုင်းက လူ့အခွင့်အရေး အပြည့်အဝ မရရှိသေးဘူးလို့ပဲ ထင်မြင်ပါတယ်။

မေး။ ။ ကျား၊ မတန်းတူညီမျှရေးနဲ့ ပတ်သက်ရင်ရော ဘယ်လိုသုံးသပ်ပါသလဲ။

ဖြေ။ ။ ကျား၊ မတန်းတူညီမျှရေးနဲ့ပတ်သက်လို့ ဥပမာ ပြရမယ်ဆိုရင် ကျွန်တော်တို့ ချင်းလူမျိုးဟာ အမျိုးသမီးတွေအမွေဆက်ခံခွင့်မရှိဘူး၊ ယောကျ်ားတွေက ဆက်ခံခွင့်ရတယ်။ ခုတော့ ဒါတွေအရင်ကလိုတော့ မဟုတ်တော့ပါဘူး။ အဲဒီတော့ ကျား၊ မတန်းတူညီမျှတယ်လို့တော့ ပြောလို့မရသေးဘူး။ ကျွန်တော့်ရဲ့ ခံယူချက်က ဒီလိုအရာတွေဟာ အရင်ကရှိခဲ့ပေမယ့် အခုမရှိသင့်တော့ဘူး ထင်ပါတယ်။

အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဌေးကြွယ်

အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်

ပြောတဲ့အသံတွေလည်း ကြားနေရပါတယ်။

အဲဒါတွေပျောက်စေဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ ဆောင်ရွက်နေကြတာတွေ ရှိပါတယ်။ ကျွန်တော့်အနေနဲ့တော့ ကျား၊ မတန်းတူညီမျှရေးနဲ့ပတ်သက်ရင် တန်းတူညီတူရှိစေချင်ပါတယ်။ ခွဲခြားတဲ့ဆန္ဒလည်း မရှိစေချင်သလို ကိုယ်နှိုက်ကလည်းမရှိပါဘူး။ လူလူချင်းမို့ အားလုံး တန်းတူပဲလို့ ခံယူပါတယ်။

မေး။ ။ မသန်စွမ်းတွေ တန်းတူအခွင့်အရေးရဖို့ သူတို့ရဲ့ အသက်ရှင်ရပ်တည်မှုအတွက် အခွင့်အလမ်းတွေ ဖန်တီးပေးဖို့လည်း လိုအပ်ပါတယ်။ သူတို့တွေရဲ့ အခွင့်အလမ်းတွေ ဥပဒေဘောင်ရဲ့အတွင်းမှာ အပြည့်အဝရရှိစေချင်ပါတယ်။ မသန်စွမ်းအဖွဲ့တွေနဲ့လည်း ကျွန်တော်တို့ ကော်မတီက မကြာခဏ တွေ့ဆုံတာတွေရှိပါတယ်။ သူတို့တင်ပြချက်တွေလည်း မကြာခဏ နားထောင်ပါတယ်။

အဲဒီလိုတွေ့ရှိချက်တွေကို လွှတ်တော်ဥက္ကဋ္ဌကြီးက တစ်ဆင့် ကျွန်တော်တို့က အစီရင်ခံစာတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့က ကော်မတီရဲ့လုပ်ပိုင်ခွင့်တာဝန်ထဲက ဆောင်ရွက်တာဖြစ်ပါတယ်။

ကျွန်တော်တို့နဲ့ တွေ့ဆုံတိုင်းမှာလည်း သူတို့ဘဝမှာ စိတ်ချမ်းသာစွာ အသက်ရှင်ရပ်တည်ဖို့ နိုင်ငံတော်က ဘယ်လိုဖန်တီးပေးနိုင်မလဲဆိုတာပဲ စဉ်းစားပါတယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့ မသန်စွမ်းတွေရဲ့ အခွင့်အရေးတွေ အပြည့်အဝရရှိဖို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ ကျားဖောင်လုပ်ငန်းတွေကို သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ရာမှာ တွေ့ရှိရတဲ့ အချက်တွေကိုလည်း သိရှိလိုပါတယ်။

ဖြေ။ ။ ကျားဖောင်လုပ်ငန်းတွေကို သွားရောက်ကွင်းဆင်းတာက မကြာခင်ကဖြစ်ပွားခဲ့တဲ့ ကိစ္စတွေလည်းရှိတော့ လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ သွားရောက်တာ ဖြစ်ပါတယ်။ ဖျာပုံမြို့နယ်မှာရှိတဲ့ ရွာတော်တော်များများကို သွားရောက်ပါတယ်။ အဓိကကတော့ လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံတာဖြစ်ပါတယ်။

အလုပ်သမားတွေကတော့ မိုင်ပေါင်း ၃၀ ဝန်းကျင်လောက်ဝေးတဲ့ ပင်လယ်ထဲမှာရှိတဲ့အတွက် မသွားနိုင်ခဲ့ဘူး။ အဲဒီတော့ ခရိုင်အဆင့်၊ မြို့နယ်အဆင့်က သက်ဆိုင်ရာဌာနတွေနဲ့ တွေ့ဆုံတယ်။ ဌာနတွေရဲ့ တင်ပြချက်တွေကိုလည်း မှတ်ထားပါတယ်။ ကွင်းဆင်းစစ်ဆေးပြီး တင်ပြချက်တွေ၊ တွေ့ရှိချက်တွေကို အစီရင်ခံစာတင်မှာ ဖြစ်ပါတယ်။

ပြောချင်တာကတော့ နိုင်ငံသူ နိုင်ငံသားတိုင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ မနစ်နာမဆုံးရှုံးစေဖို့အတွက် အဓိကထားပြီး ဆောင်ရွက်နေပါတယ်။

စာမျက်နှာ ၁၉ သို့ ❖

အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီမှ တာဝန်ရှိသူများနှင့် WFD အစီအစဉ်ဖြင့် ကနေဒါနိုင်ငံ Ontario ပြည်နယ် အမတ်ဟောင်း Ms.Monique Marthe Smith ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

❖ စာမျက်နှာ ၁၈ မှ

လုပ်ငန်းရှင်တွေလည်း ဥပဒေဘောင်အတွင်းက သူတို့ရဲ့ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တွေ၊ လိုင်စင်တွေရရှိနိုင်ဖို့၊ နိုင်ငံတော်ကလည်း အခွန်အခတွေရရှိဖို့၊ လုပ်ငန်းရှင်၊ အလုပ်သမားတွေပါ ဥပဒေရဲ့အောက်မှာ တန်းတူညီမျှတဲ့ လူ့အခွင့်အရေးရရှိဖို့အတွက် ကျွန်တော်တို့ကော်မတီက အဓိကထား ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီမှာတွေ့ရှိချက်တွေကို ကျွန်တော်တို့ကော်မတီအနေနဲ့ လွှတ်တော်မှာ အစီရင်ခံစာတင်ဖို့ ဆောင်ရွက်နေပါတယ်။ အကျဉ်းထောင်တွေကို သွားရောက်စစ်ဆေးတဲ့အခါမှာလည်း တွေ့ရှိချက်တွေကို လွှတ်တော်ကို အစီရင်ခံစာတင်ပါတယ်။ အဲဒီ

သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းရှိတဲ့ နေရာတွေကို ကျွန်တော်တို့ ကော်မတီက ကွင်းဆင်းတာတွေ ရှိပါတယ်။ ပြီးတော့ ထုံးဘိုဝ(၁)၊ ထုံးဘိုဝ(၂)၊ ထုံးဘို(အမျိုးသမီး)ကျောက်ထုတ်စခန်းတွေမှာ ကွင်းဆင်းသလို မန္တလေးဗဟိုအကျဉ်းထောင်ကတာဝန်ရှိသူတွေနဲ့ တွေ့ဆုံတာတွေလည်းရှိပါတယ်။ အဓိကတော့ အကျဉ်းထောင်ရဲ့ လူ့အခွင့်အရေးအခြေအနေကို ညှိနှိုင်းပေးတယ်

ကနေတစ်ဆင့် သက်ဆိုင်ရာဌာနတွေကို ပြန်လည်ပေးပို့ဆောင်ရွက်ပါတယ်။ ပူးပေါင်းဆောင်ရွက်စရာရှိရင်လည်း ကျွန်တော်တို့ ကော်မတီအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ တိုင်စာတွေနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ တိုင်ကြားစာနဲ့ပတ်သက်လာရင် ဆုံးရှုံးတယ်၊ နစ်နာတယ်လို့ ခံယူတဲ့ နိုင်ငံသားတွေရဲ့ တိုင်ကြားစာတွေ ဒီနေ့အထိ အစောင် ၁၀၈၀ ရှိပါတယ်။ အမှန်တကယ် နစ်နာဆုံးရှုံးတာတွေကို စိစစ်ပြီး အစောင် ၆၉၀ ကို ကော်မတီအနေနဲ့ စစ်ဆေးဆောင်ရွက်ပေးခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို ပေးပို့ပေးပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုအစိုးရ၊ ဝန်ကြီးဌာန၊ ပြည်နယ်အစိုးရရဲ့ ဆောင်ရွက်ချက်၊ တွေ့ရှိချက်တွေကို ကျွန်တော်တို့ကော်မတီကို ပြန်လည်ပေးပို့လာပြီဆိုရင် ကာယကံရှင်ဆီကို အချက်အလက်တွေ ပြန်လည်ပေးပို့တာ ရှိပါတယ်။

မေး။ ။ ကွင်းဆင်းစစ်ဆေးမှုတွေနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ ကချင်ပြည်နယ်မှာ ကွင်းဆင်းစစ်ဆေးမှုတွေ ဆောင်ရွက်ပါတယ်။ မွန်ပြည်နယ်မှာရှိတဲ့ အကျဉ်းထောင်တွေ၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ အကျဉ်းထောင်တွေ၊ ကုန်ထုတ်စခန်းတွေမှာ ကော်မတီဝင်တွေက ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

မေး။ ။ အခြားဖြည့်စွက် ပြောကြားလိုတာရှိရင်လည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ ကျွန်တော်တို့ကော်မတီက လွှတ်တော်သက်တမ်းသုံးနှစ်ကျော်ကာလမှာ လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ အကျဉ်းထောင်တွေမှာ သွားရောက်ကွင်းဆင်းတာတွေရှိပါတယ်။ ရမည်းသင်းအကျဉ်းထောင်၊ လှိုင်ကော်အကျဉ်းထောင်၊ သထုံအကျဉ်းထောင်၊ ရင်းငြိမ်ကုန်ထုတ်စခန်း၊ တောင်စွန်းကုန်ထုတ်စခန်း၊ ကလေးအကျဉ်းထောင်နဲ့ ကလေးဝမြို့မရဲအချုပ်၊ ရာဇဝြိုဟ်(၁)နဲ့(၂) စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ ထုံးဘို(၁)၊ ထုံးဘို(၂)နဲ့ ထုံးဘို(အမျိုးသမီး)ကုန်ထုတ်

အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီမှ တာဝန်ရှိသူများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

စခန်းနဲ့ မန္တလေးဗဟိုအကျဉ်းထောင်တွေကို ကော်မတီက ကွင်းဆင်းတာတွေ ရှိပါတယ်။

သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းရှိတဲ့ နေရာတွေကို ကျွန်တော်တို့ ကော်မတီက ကွင်းဆင်းတာတွေရှိပါတယ်။ ပြီးတော့ ထုံးဘိုဝ(၁)၊ ထုံးဘို(၂)၊ ထုံးဘို(အမျိုးသမီး) ကျောက်ထုတ်စခန်းတွေမှာ ကွင်းဆင်းသလို မန္တလေးဗဟိုအကျဉ်းထောင်က တာဝန်ရှိသူတွေနဲ့ တွေ့ဆုံတာတွေလည်း ရှိပါတယ်။ အဓိကတော့ အကျဉ်းထောင်ရဲ့ လူ့အခွင့်အရေးအခြေအနေကို ညှိနှိုင်းပေးတယ်။

သူတို့ရဲ့ တင်ပြချက်တွေကို လွှတ်တော်ကတစ်ဆင့် အစီရင်ခံစာတင်ပေးပါတယ်။ ဒါတွေက ကော်မတီ သက်တမ်း သုံးနှစ်ကျော်ကာလမှာ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နဲ့ ကျွန်တော်တို့ ကွင်းဆင်းဆောင်ရွက်တာတွေ ဖြစ်ပါတယ်။

တိုင်ကြားစာနဲ့ပတ်သက်လာရင်လည်း လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်နဲ့ မြစ်ကြီးနားမှာသွားရောက်ကွင်းဆင်းပါတယ်။ အလုပ်သမားနဲ့ ပတ်သက်လာရင်လည်း ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်မှာရှိတဲ့ ကျားဖောင်လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ နေရာမှာ ကွင်းဆင်းတယ်။ လေ့လာတွေ့ရှိချက်တွေကို လွှတ်တော်မှာ အစီရင်ခံစာတင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အနေနဲ့ နိုင်ငံသူ နိုင်ငံသားများနစ်နာတယ်ဆိုပြီး တိုင်ကြားတဲ့အပေါ်မှာ လွှတ်တော်ရဲ့တာဝန်ပေးချက်အရ ကော်မတီရဲ့ လုပ်ပိုင်ခွင့်ထဲက အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘယ်သူ့ကိုမှ မနစ်နာစေချင်တဲ့ ဆန္ဒအမှန်ရှိပါတယ်။

သက်ဆိုင်ရာဌာနဆိုင်ရာတွေက လုပ်ဆောင်တဲ့ အခါမှာလည်း မှန်မှန်ကန်ကန်နဲ့ လုပ်ဆောင်ဖို့ အမြဲတမ်း ဆန္ဒပြုပါတယ်။ နိုင်ငံသူ နိုင်ငံသားတိုင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ မဆုံးရှုံးရလေအောင်၊ လူ့အခွင့်အရေး ချိုးဖောက်တာတွေက လွှတ်မြောက်အောင်၊ ကိုယ်စိတ်ချမ်းသာစွာနဲ့ ဥပဒေဘောင်အတွင်းက ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရရှိအောင် ကျွန်တော်တို့ကော်မတီအနေနဲ့ စိတ်ဆန္ဒရှိပါတယ်။ နိုင်ငံသူ နိုင်ငံသားတိုင်း ရသင့်ရထိုက်တဲ့ နိုင်ငံသားအခွင့်အရေးအပြည့်အဝရရှိနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပထမအကြိမ် မြန်မာ့ရိုးရာခြင်းလုံးညီလာခံ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာ့ရိုးရာခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ ဦးဆောင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာခြင်းလုံးဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့် မြန်မာ့ရိုးရာ ခြင်းလုံးပညာရှင်များ ပါဝင်သော ပထမအကြိမ် မြန်မာ့ရိုးရာခြင်းလုံးညီလာခံကို ယနေ့ ညနေ ၅ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေဂုံတိုင်ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်က သြဝါဒစကားပြောကြားကာ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်မြင့်ဦးက ၂၀၁၉ ခုနှစ် မေ ၁၅ ရက်မှစ၍ ယနေ့အထိ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွဲဖက်အတွင်းရေးမှူး ဦးဝင်းမြင့်က မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ ဦးခင်မောင်ဝင်း၊ ဦးကိုကိုကြီး၊ ဦးမောင်မောင်ရွှေနှင့် ဒေါက်တာကျော်သူရတို့က မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ အကြမ်းဖျင်းသတ်မှတ်ထားသော ဥပဒေများကို တင်ပြကြကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တက်ရောက်လာသော ကိုယ်စားလှယ်များက မြန်မာ့ရိုးရာခြင်းလုံး အားကစား ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးကြသည်။

ယနေ့ ကျင်းပသည့် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ညီလာခံသည် ပထမအကြိမ် ကျင်းပခြင်းဖြစ်ပြီး ပြောင်းလဲလာသော ခေတ်စနစ်နှင့် ကိုက်ညီသည့် ရိုးရာမပျက်သည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ခြင်းပေါက်သတ်မှတ်ချက်များကို ဝိုင်းဝန်းစုပေါင်းဆွေးနွေးကြပြီး မှန်ကန်သည့် ဆုံးဖြတ်ချက်များကိုချမှတ် နိုင်စေရန်၊ ရိုးရာခြင်းလုံးအားကစားနည်း ရေရှည်တည်တံ့ခိုင်မြဲ တိုးတက်စေရန်နှင့် မြန်မာ့ခြင်းလုံးအားကစား နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း-မင်းသစ်(MNA)**

ဓာတ်ပုံ-အောင်မြင့်(ပြန်/ဆက်)

ဒေသခံပြည်သူများ၏ လှုဒါန်းငွေကျပ် သိန်း ၁၅၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့သည့် လွယ်မောက်တောင်ကျောက်ချောလမ်းဖွင့်ပွဲ ကျင်းပ

ကောလင်း ဖေဖော်ဝါရီ ၂၅

စစ်ကိုင်တိုင်းဒေသကြီး ကောလင်းမြို့နယ် ဒေသခံပြည်သူများ၏ လှုဒါန်းငွေ ကျပ်သိန်း ၁၅၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့သည့် လွယ်မောက်တောင်ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ၎င်းလမ်းမကြီး၌ ဆရာတော်၊ သံဃာတော်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းတို့က ဖွင့်လှစ်ခဲ့သည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ခမောက်တောင်ကျောင်းတိုက် ဓမ္မာရုံတွင် ရေကန်သာကျေးရွာအုပ်စု သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှုဖွယ်ပစ္စည်းများ ဆက်ကပ်ကာ လှုဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှဝေပြီး သာဓု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

များစွာ အကျိုးဖြစ်ထွန်းလာမည်

လွယ်မောက်တောင် လမ်းသည် ၁ မိုင်နှင့် ၇ ဖာလုံရှိပြီး ကောလင်းမြို့နယ်ရှိ ဒေသခံပြည်သူများ လှုဒါန်းငွေ စုစုပေါင်း သိန်း ၁၅၀ ကျော်ဖြင့် ကျောက်ချောလမ်းအဖြစ် ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လွယ်မောက်တောင်လမ်း ပြုပြင်ဆောင်ရွက်ပြီးဖြစ်၍ ၎င်းလမ်းကို အသုံးပြုနေသော ပန်းတင်၊ လွှဲမောက်၊ ငွေးချို၊ ကံပေါက်ကြီး၊ ကျွန်းတော၊ လွယ်မောက်တောင်ကျေးရွာနေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားရေးများအတွက် များစွာ အကျိုး ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း လွှဲမောက်ကျေးရွာနေ ဒေသခံ ဦးအောင်နိုင်က ပြောသည်။

မြင့်ထွန်းမင်း(ပြန်/ဆက်)

ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တဲ့ လီဗာပူးအသင်း အိမ်ကွင်းနောက်ဆုံး ၂၁ ပွဲဆက် အနိုင်ရတဲ့မှတ်တမ်းရရှိ

လီဗာပူးအသင်းဟာ ပရီမီယာလီဂ်ပွဲစဉ် ၂၇ အဖြစ် ဝက်စ်ဟမ်းအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလီဂ်မှာ အိမ်ကွင်းနောက်ဆုံးကစားခဲ့ရတဲ့ ၂၁ ပွဲဆက်တိုက် အနိုင်ရတဲ့မှတ်တမ်းတစ်ရပ်ကို ရရှိခဲ့ပါတယ်။

လီဗာပူးအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ရဲ့ ပွဲစဉ်မှာ လီဗာပူးအသင်းက ပွဲကစားချိန် ကိုးမိနစ်မှာ ဝစ်ဂျ်နယ်ဒန်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၁၂ မိနစ်မှာ ဒီယော့ဝ်ရဲ့ သွင်းဂိုးနဲ့ ဝက်စ်ဟမ်းအသင်းက ချေပဂိုးရရှိခဲ့တာကြောင့် ပထမပိုင်းပွဲကစားချိန်အတွင်းမှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပါတယ်။

ဒါပေမယ့် ဒုတိယပိုင်းမှာ ဝက်စ်ဟမ်းအသင်းကပဲ ပွဲကစားချိန် ၅၄ မိနစ်မှာ ဖော်နယ်လ်ရဲ့သွင်းဂိုးကြောင့် အဝေးကွင်းမှာ လီဗာပူးအသင်းကို ဦးဆောင်ကစားခွင့်ရရှိခဲ့ပါတယ်။ အဲဒါကြောင့်လီဗာပူးအသင်းက ကီတာရဲ့ နေရာမှာ ချန်ဘာလိန်နဲ့ လူစားလဲခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ လီဗာပူးအသင်းဟာ ပွဲကစားချိန် ၆၈ မိနစ်မှာ မိုဟာမက်ဆာလာရဲ့ သွင်းဂိုးနဲ့ ပွဲကစားချိန် ၈၁ မိနစ်မှာ ဆာဒီယိုမာနေးရဲ့သွင်းဂိုး စသဖြင့် သွင်းဂိုးတွေရရှိခဲ့တာကြောင့် လီဗာပူးအသင်းက ဝက်စ်ဟမ်းအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလီဂ် အမှတ်ပေးဇယားမှာ ဒုတိယနေရာက မန်စီးတီးအသင်းကို ၂၂ မှတ်ဖြတ်ကာ ထိပ်ဆုံးမှ ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

လီဗာပူးအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ခေါင်းတိုက်သွင်းဂိုး ၁၄ ဂိုးအထိရှိထားခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ မိုဟာမက်ဆာလာဟာ လီဗာပူးအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလီဂ်ခြောက်ပွဲမှာ သွင်းဂိုးရှစ်ဂိုးအထိ ပါဝင်ပတ်သက်နေတာလည်း ဖြစ်ပါတယ်။ မိုဟာမက်ဆာလာ အနေနဲ့ ခြောက်ဂိုးသွင်းပြီး နှစ်ဂိုးဖန်တီးပေးထားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

မန်ယူအသင်းက ဂျူဗင်တပ်ကွင်းလယ်လူ မက်တူဒီကိုခေါ်ယူရေး အာဆင်နယ်အသင်းနဲ့ အပြိုင်ကြိုးပမ်းရန် ပြင်ဆင်နေ

မန်ယူအသင်းဟာ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းရဲ့ ကွင်းလယ်ကစားသမား မက်တူဒီကို ခေါ်ယူဖို့အတွက် ပရီမီယာလီဂ်ပြိုင်ဘက် အာဆင်နယ်အသင်းနဲ့ အပြိုင်ကြိုးပမ်းဖို့ ပြင်ဆင်နေတယ်လို့သိရပါတယ်။

မန်ယူအသင်းနည်းပြ ဆိုးရှားဟာ အခုနှစ်ဘောလုံးရာသီကုန်မှာ အသင်းကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ဖို့ ရှိနေတာကြောင့် ဂျူဗင်တပ်ကွင်းလယ်ကစားသမားမက်တူဒီကိုခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား မက်တူဒီဟာ ဂျူဗင်တပ်အသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်က ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး ဂျူဗင်တပ်အသင်းက မက်တူဒီကို နောက်ထပ်တစ်နှစ် ထပ်မံသက်တမ်းတိုးခွင့်လည်း ရရှိထားတာ ဖြစ်ပါတယ်။

နည်းပြဆိုးရှားကတော့ ကွင်းလယ်ကစားသမားပေါ့ဘာ အသင်းကနေ ထွက်ခွာဖို့ရှိနေတာမို့ အခုနှစ်ဘောလုံးရာသီ ကုန်မှာ ဗဟိုကွင်းလယ်ကစားသမားတစ်ဦးကို ခေါ်ယူဖို့ ပြင်ဆင်နေတာလည်း ဖြစ်ပါတယ်။

ငွေကြေယ် - ရေးသားသည်

❒ ဗီယက်နမ်ဆီးဂိမ်းမှ

မြန်မာ ယူ-၂၁ အသင်းနည်းပြချုပ် ပိုပေါ့ဗ်၊ လက်ထောက်နည်းပြများဖြစ်သည့် ဦးချစ်နိုင်နှင့် ဦးဇော်ဝင်းထွန်းတို့သည် ကစားသမားများ ရွေးချယ်ရန် ဇန်နဝါရီလကတည်းက လိဂ်ပွဲအားလုံးကို လိုက်လံကြည့်ရှုလျက်ရှိပြီး မတ်လတွင် ကစားသမား ၂၅ ဦးဖြင့် စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် မတ်လတွင် လေ့ကျင့်မှုများသာ ပြုလုပ်မည်ဖြစ်ပြီး အသင်းနှင့် အံမဝင်သည့်ကစားသမားများကို အပြောင်းအလဲပြုလုပ်ကာ နိုင်ငံတကာရက်သတ္တပတ်အတွက် လိဂ်ပြိုင်ပွဲရပ်နားသည့်ကာလတိုင်း လေ့ကျင့်မှု ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ယခုနှစ်အတွင်း အဓိကနိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ရန်မရှိသော်လည်း ဖိတ်ခေါ်ပြိုင်ပွဲများရှိပါက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင်မူ ပြိုင်ပွဲများ ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရအောင် စွမ်းဆောင်ပေးခဲ့သည့် ဘူဂေးရီးယားနိုင်ငံသား နည်းပြပိုပေါ့ဗ်ကို ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲအထိ ဆက်လက်တာဝန်ပေးမည်ဖြစ်ပြီး သက်တမ်းတိုး ချုပ်ဆိုသွားမည်ဖြစ်သည်။ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို ယူ-၂၂ ပြိုင်ပွဲအဖြစ် သတ်မှတ်ထားသောကြောင့် မြန်မာအသင်းသည် ယခုနှစ်တွင် အသက် ၂၁ နှစ်အောက် ကစားသမားများဖြင့် ဖွဲ့စည်းကာ လေ့ကျင့်ပြင်ဆင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ **ရွှင်းထက်ဇော်**

✪ ၂၀၂၀ AFC Cup မှ

ရန်ကုန်အသင်းသည် ဂိုးပေးလိုက်ရသောကြောင့် ဂိုးပြန်ရရန် အားထည့်ကစားလာပြီး ၈၄ မိနစ်တွင် အောင်ကျော်နိုင်က တတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ သို့သော် ပွဲပြီးခါနီးတွင် ငြိမ်းချမ်းအောင် လက်ထိခဲ့သော ကြောင့် ရန်ကုန်အသင်း ပင်နယ်တီပေးခဲ့ရပြီး ကော်စတာက အမှားအယွင်းမရှိ ကန်သွင်းခဲ့သောကြောင့် လာအို တိုယိုတာအသင်း ဒုတိယချေပဂိုးရခဲ့သည်။

ရန်ကုန်အသင်းသည် အုပ်စု (F) တွင် ပါဝင်နေပြီး နှစ်ပွဲကစား လေးမှတ်ရရှိထားကာ တတိယပွဲအဖြစ် စင်ကာပူကလပ် ဟောင်အန်ယူနိုက်တက်အသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။ အုပ်စု (H) ဒုတိယနေ့အဖြစ် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက် အသင်းသည် ဖေဖော်ဝါရီ ၂၆ ရက် (ယနေ့) မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ရွှင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်

အနုပညာ

လာမယ့်လအတွင်း စစ်မှုထမ်းဆောင်မယ့် ဆန်းရီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ပေါ်ပဲကြယ်ပွင့်တစ်ဦးဖြစ်သူ ဆန်းရီဟာ အမျိုးသားတေးဂီတအဖွဲ့ BIGBANG ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ သူဟာ လတ်တလောမှာ စုံစမ်းစစ်ဆေးခံနေရတာတွေ ရှိနေပေမယ့် လာမယ့် မတ်လအတွင်း စစ်မှုထမ်းဆောင်မှာဖြစ်ကြောင်း သတင်းတွေ ထွက်ပေါ်လာတာ ဖြစ်တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၂၁ ရက်မှာ စပျေ့ဆိုးလ်က ဆန်းရီစစ်မှုထမ်းဆောင်မယ့် သတင်းကို စတင်ရေးသား ဖော်ပြခဲ့ပါတယ်။ အဆိုပါ သတင်းဌာနက ဆန်းရီဟာ လာမယ့် မတ် ၆ ရက်မှာ စတင်စစ်မှုထမ်းဆောင်သွားမှာဖြစ်ပြီး သူဟာ စစ်မှုထမ်းဆောင်ဖို့ရာ လျှို့ဝှက်စီစဉ်နေကာ အလျင်အမြန် စစ်မှုထမ်းဆောင်နိုင်ဖို့ရာ ကြိုးပမ်းခဲ့ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး တောင်ကိုရီးယား စစ်ရေးလူအင်အားအဖွဲ့အစည်းမှ သတင်းရင်းမြစ်တစ်ဦးက ၎င်းတို့အနေနဲ့ စစ်မှုထမ်းဆောင်ခြင်းနဲ့ပတ်သက်ပြီး လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အကြောင်းတွေကို ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိကြောင်း တုံ့ပြန်ခဲ့တယ်လို့ လည်း သိရပါတယ်။

ဆန်းရီဟာ ယခင်က ၂၀၁၉ ခုနှစ်မတ် ၂၅ ရက်မှာ စစ်မှုစတင်ထမ်းဆောင်ဖို့ရာ စီစဉ်ထားခဲ့ပါတယ်။ ဒါပေမယ့် စုံစမ်းစစ်ဆေးမှုတွေ ခံယူခဲ့ရတာကြောင့် စစ်မှုထမ်းရက်တွေကို ရွှေ့ဆိုင်းခဲ့ရတာပါ။ ဆန်းရီဟာ လာမယ့်လအတွင်း စစ်မှုထမ်းဆောင်မယ်ဆိုပါက သူ့ရဲ့အမှုကို စစ်ခုံရုံးမှာ ဆက်လက်စစ်ဆေးသွားမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်မှာ ဆန်းရီဟာ ဖမ်းဆီးထိန်းသိမ်းခံရခြင်းမရှိပေမယ့် တရားမဝင်လောင်းကစားမှုအပါအဝင် အခြားသော အမှုတွေနဲ့ စွဲချက်တင်ခံခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်

ပိုင်ဆိုင်မှုတွေအားလုံးကို လှူဒါန်းခဲ့တဲ့ ခရစ်ခ်ဒေါက်ကလပ်စ်

ကွယ်လွန်သွားပြီဖြစ်တဲ့ တစ်ချိန်က အလွန်ကို ကျော်ကြားခဲ့တဲ့ ဟောလိဝုဒ် မင်းသားကြီး ခရစ်ခ်ဒေါက်ကလပ်စ်ဟာ သူပိုင်ဆိုင်တဲ့ အမေရိကန်ဒေါ်လာ သန်း ၅၀ ကို သူ့ရဲ့မျိုးဆက်တွေ အမွေဆက်ခံခွင့်မရခဲ့ပါဘူး။ မင်းသားကြီးက သူ့ရဲ့ ပိုင်ဆိုင်မှုတွေအားလုံးကို လှူဒါန်းခဲ့ခြင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ခရစ်ခ်ဒေါက်ကလပ်စ်ဟာ ဖေဖော်ဝါရီ ၅ ရက်က ကွယ်လွန်ခဲ့တာဖြစ်ပြီး ကွယ်လွန်ချိန်မှာ အသက် ၁၀၃ နှစ်ရှိပြီဖြစ်ပါတယ်။ မင်းသားကြီးက သူပိုင်ဆိုင်တဲ့ အမေရိကန်ဒေါ်လာ သန်း ၅၀ ကို သူတည်ထောင်ခဲ့တဲ့ ဒေါက်ကလပ်စ်ဖောင်ဒေးရှင်းကို လှူဒါန်းခဲ့တာဖြစ်ကြောင်း သိရပါတယ်။ အဆိုပါ ဖောင်ဒေးရှင်းဟာ အကူအညီလိုအပ်နေသူတွေကို ကူညီပေးတဲ့ အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါတယ်။

ခရစ်ခ်ဒေါက်ကလပ်စ်ဟာ အလှူအတန်း ရက်ရောသူအဖြစ်လည်း ကျော်ကြားပါတယ်။ သူ့ရဲ့ပိုင်ဆိုင်မှုတွေအားလုံး လှူဒါန်းခဲ့တာကြောင့် သက်ရှိထင်ရှားရှိနေဆဲဖြစ်တဲ့ သူ့ရဲ့ သားသုံးဦးနဲ့ မြေးတွေတစ်ယောက်မျှ မင်းသားကြီးရဲ့ သန်းပေါင်းများစွာသော အမွေတွေကို ဆက်ခံခွင့်မရခဲ့ကြောင်းလည်း သိရပါတယ်။

မီလန်ဖက်ရှင် သီတင်းပတ်ကို တက်ရောက်ခဲ့တဲ့ ဆောင်းဟေကို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဆောင်းဟေကိုဟာ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ မီလန်ဖက်ရှင်သီတင်းပတ်ကို တက်ရောက်ခဲ့ပြီး အခမ်းအနားက သူ့ရဲ့ပုံရိပ်တွေကို မင်းသမီးက အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆောင်းဟေကိုဟာ ဖေဖော်ဝါရီ ၂၂ ရက်က မီလန်ဖက်ရှင်ပြပွဲတစ်ခုကို တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ဒီအခမ်းအနားကို တက်ရောက်လာတဲ့ ဆောင်းဟေကိုဟာ ဖက်ရှင်ကျကျဝတ်ဆင်ထားပြီး စွဲဆောင်မှုရှိစွာ လှပနေတာကိုလည်း တွေ့ရပါတယ်။ မီလန်ဖက်ရှင်ပွဲကို သူ့ရဲ့ ဓာတ်ပုံတွေကို ဆောင်းဟေကိုက အဖြူ၊ အမည်းဓာတ်ပုံတွေနဲ့ ရောင်စုံပုံတွေ နှစ်မျိုးစလုံး လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာ တွေ့ရပါတယ်။

လတ်တလောမှာ ဆောင်းဟေကိုဟာ Anna လို့အမည်ရတဲ့ ရုပ်ရှင်သစ်မှာ ပါဝင်သွားဖို့ရာ ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်းလည်း သိရပါတယ်။

မအူပင်မြို့သို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့လာ

မအူပင် ဖေဖော်ဝါရီ ၂၅

နော်ဝေနိုင်ငံမှ ကမ္ဘာလှည့်ခရီးသည် ၂၆ ဦးသည် Rvkanee Pandaw ရေယာဉ်ဖြင့် မအူပင်မြို့ (၇)လမ်းထိပ် ဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၃ နာရီက ရောက်ရှိခဲ့သည်။

မအူပင်မြို့ကမ်းနားလမ်းရှိ မြို့မစျေးနှင့် ဘုရားလမ်းတစ်လျှောက်ရှိ စျေးအရောင်းဆိုင်များကို ဝင်ရောက်လေ့လာကြပြီး မြန်မာ့ရိုးရာသရေစာဖြစ်သည့် မုန့်ပေါင်းအရောင်းဆိုင်ကို စိတ်ဝင်တစား လေ့လာကြကာ ဝယ်ယူအားပေးခဲ့ကြောင်း သိရသည်။

အောင်ခိုင်

အောင်မြင့်မြတ်(မအူပင်)

ရာသီသီးနှံဒူးရင်းသီး အချိန်စောရရှိ၍ စျေးကောင်းရသော်လည်း အသီးအထွက်နည်း

သုဝဏ္ဏဝတီ ဖေဖော်ဝါရီ ၂၅

ယခုနှစ် ရာသီပေါ်သီးနှံဖြစ်သည့် ဒူးရင်းသီးမှာ ပုံမှန်အချိန်ထက်စောပြီး ပင်ကြွေသီးရရှိ၍ စျေးကောင်းရသော်လည်း သုဝဏ္ဏဝတီမြို့အနီး ပတ်ဝန်းကျင် ကျေးရွာများရှိ ဒူးရင်းခြံများသည် အပင်များ ပျက်စီးသေဆုံးမှုများ ရှိနေခြင်းတို့ကြောင့် ဒူးရင်းသီး အထွက်နည်းလာမည် ဖြစ်ကြောင်း သိရသည်။

"အရင်တုန်းကလောက် ဒူးရင်းသီး မပေါတော့ဘူး၊ ဒူးရင်းခြံတွေလည်းမရှိတော့တဲ့အပြင် ရှိတဲ့ခြံတွေမှာလည်း အရင်က အပင်တစ်ရာလောက်ရှိရင် ဆယ်ပင်လောက်ပဲ ရှိတော့တယ်။ ဒူးရင်းခြံတွေနေရာမှာ ရော်ဘာခြံတွေ ဖြစ်လာပြီ" ဟု ဝင်းပကျေးရွာ ဒူးရင်းခြံမှ ရော်ဘာပင် ပြန်လည်စိုက်ပျိုးသူ ခြံပိုင်ရှင်တစ်ဦးက ပြောသည်။ "အခုရောင်းတဲ့ ဒူးရင်းသီးက လက်ဦးသီးမို့ စျေးကောင်းပေးဝယ်ပြီး စျေးကောင်းရမှ ပြန်ရောင်းရတာပါ။ ဒူးရင်းသီးက တစ်ရာသီမှာ အသီး၊ အပွင့်၊ အဖူး အသုတ်များတဲ့အတွက် ဒီရာသီမှာ စျေးကောင်းရမယ်ထင်တယ်။ ဒူးရင်းသီး ပုံမှန်အလုံးဆိုရင် တစ်လုံး ငါးထောင်၊ ခြောက်ထောင်ကျပ် ပေးဝယ်ရတယ်။ ဒီဒေသထွက်တဲ့ ထိုင်းမျိုး အလုံးကြီးတွေက တစ်လုံးကို ငွေကျပ်နှစ်သောင်းကျော် ပေးဝယ်ရပါတယ်။ ပြန်ရောင်းရင်တော့ အရွယ်အစား၊ မျိုးကောင်း မကောင်း၊ အရသာပေါ်မူတည်ပြီး အာမခံနဲ့ အမြတ်ချန်ထားပြီး ရောင်းပေးရပါတယ်" ဟု သိမ်ဆိပ်ရပ်ကွက် သစ်သီးတန်းမှ ရာသီပေါ်သီးနှံများ အရောင်းဆိုင်မှ ဆိုင်ရှင်တစ်ဦးက ပြောသည်။

လွန်ခဲ့သောနှစ်များစွာက ကျိုက္ကော်၊ သိမ်ဆိပ်ဒူးရင်းသီးသည် အလွန်စားကောင်းပြီး အရသာရှိ၍ နာမည်ကျော်သည့်အပြင် ရောင်းဝယ်မှုအားကောင်းခဲ့သော်လည်း ယခုအခါ အပင်များ ရှားပါးလာမှု၊ တခြားဒေသများမှ အသီးများ ဝင်ရောက်လာမှု၊ ဒူးရင်းသီး အရသာ အရည်အသွေးကျဆင်းလာမှု၊ ပြန်လည်စိုက်ပျိုးသူများ နည်းပါးလာမှု၊ ရာသီဥတု ပြောင်းလဲလာမှုတို့ကြောင့် စျေးကောင်းရရှိ၍ ဒူးရင်းသီး အထွက် နည်းလာနိုင်ကြောင်း သိရသည်။

ခွန်(ဝင်းပ)

သတင်းစုံကဏ္ဍ

သုံးခွဲ၌ ဘွဲ့တံဆိပ်တော်ရဆရာတော်အားဖူးမြော်

ရန်ကုန်

နိုင်ငံတော်အစိုးရမှဆက်ကပ်ခဲ့သည့် မဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်နှင့် ပြည်ပနိုင်ငံများမှ ဆက်ကပ်ခဲ့သည့် ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သုံးခွဲမြို့ အမှတ် (၁၁) ရပ်ကွက် မြို့မရေလည်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒာလင်္ကာရ(Ph.D IUM ;Florida; USA) မဟာသဒ္ဓမ္မဇောတိကဓေအား အများပြည်သူ ကြည်ညိုသဒ္ဓါဖွားများနိုင်ရန် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃ နာရီက သုံးခွဲမြို့ ပေါ်ရပ်ကွက်များသို့ လှည့်လည် အပူဇော်ခံနေသည်ကို ကြည်ညိုဖူးမြော်မြင်တွေ့ရသည်။

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ကနောင်ပန်းခြံ၊ နဝရတ်လမ်း၊ အမှတ်(၃၉၆)နေ ဒေါ်ကူကူ၏ ခင်ပွန်းသည် ၂၄-၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေပြည်သာမြို့နယ် ကျူးချောင် သုသာန် သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

လှပွတ္တာမြို့နယ်အသင်း (ရန်ကုန်)

ဦးကြည်ချိန်း (လှပွတ္တာ-သံတွဲ)

အသက်(၆၈)နှစ်

ရာသက်ပန်အသင်းဝင်

လှပွတ္တာမြို့နေ (ဦးဘခင်-ဒေါ်ရင်းချို)တို့၏ သား၊ ဒေါ်တင်လှ(သံတွဲ)၏ ခင်ပွန်းသည် ၂၄-၂-၂၀၂၀ (တနလာ်နေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (အမှတ်-၇၅၊ ၈၀၊ အနော်ရထာလမ်း၊ ၅၃-လမ်းထိပ် နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

သွေးသည် အသက်

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ရီ

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ(၁၉)လမ်းအရှေ့၊ အမှတ်(၆၂/ခ)နေ (ဦးကွန့်-ဒေါ်အုံးသင်)တို့၏ သမီး၊ ဒေါ်စန်းစန်းမြင့်(NPE)၊ ဦးမောင်မောင်စိုး၊ ဦးမြင့်သန်း-ဒေါ်မြေဒြသက်တို့၏ အဒေါ်၊ မောင်မြတ်ကိုဟိန်း၊ မောင်မင်းကျော်သက်၊ မနန်းမေသူအောင်၊ မောင်ကောင်းမြတ်စ၊ စောခန့်ရွဲဟန်တို့၏ ဘွားဘွားကြီးသည် ၂၅-၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၈:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကျိုစုအအေးတိုက်မှ ကျိုစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူးရှိ၍ ၂-၃-၂၀၂၀ (တနလာ်နေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာကြီး

ဦးခင်ညွှန့်

လက်ထောက်ကြီးကြပ်ရေးမှူး(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း
ဗဟုလက်ရုံးရည်ပင်မသိုင်းအဖွဲ့ နာယကဆရာကြီး

အသက် (၇၃) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ရုံးသပြေကန်ကျေးရွာနေ (ဦးအောင်သိန်း-ဒေါ်စိန်နန့)တို့၏ သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်း (အနောက်ပိုင်း)ရပ်ကွက်၊ ပိတောက်လမ်းနေ ဒေါ်ဝင်းကြည် (ဒေါ်ကြည်)၏ခင်ပွန်း၊ ကိုအောင်ကျော်ဦး(ကြေးမုံသတင်းစာတိုက်)-မရင်ရင်မော်(Inlay Shoes Factory)၊ ကိုဇော်ဇော်မင်း (ကြေးမုံသတင်းစာတိုက်)-မရင်ရင်စိုး၊ ကိုတင်ဝင်းနိုင်(ခေတ္တာ-မလေးရှား)-မအေးအေးမော်(ခေတ္တာ-မလေးရှား)တို့၏ချစ်လှစွာသောဖခင်၊ မောင်လွင်ထူးခန့်၊ မောင်မြတ်ဘုန်းခန့်တို့၏ ချစ်လှစွာသောအဘိုး၊ ဦးဟန်ညွှန့်-ဒေါ်အေးသန်းတို့၏ညီ၊ ဦးတင်ထွန်း-ဒေါ်ဣဒေါ်၊ ဦးမြင့်စိုး-ဒေါ်ကျော့ကျော့ခင်တို့၏ အစ်ကိုသည် ၂၅-၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၈:၂၀ နာရီတွင် သန်လျင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် သန်လျင်အမိုးနီအအေးတိုက်မှ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူးရှိ၍ ၂-၃-၂၀၂၀ (တနလာ်နေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးအေးကြည် (B.Com)

အသက် (၅၈) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း(၇)လမ်း၊ အမှတ်(၃၄)၊ လေးလွှာနေ (ဦးထွန်းကြည်-ဒေါ်တင်ကြွေ)တို့၏ သမီး၊ (ဦးတင်မောင်-ဒေါ်သောင်းမြင့်)တို့၏ သမီးချွေးမ၊ [ဦးမြင့်ဆွေ(ခ)မောင်မောင်]၏ချစ်လှစွာသော ဇနီး၊ ကိုကျော်ကိုကို-မပြုံးလွမ်း၊ ဒေါက်တာနေလင်း-ဒေါက်တာသက်ဆွန့်၊ ကိုမင်းကိုကိုတို့၏ ချစ်လှစွာသောမိခင်၊ မပြုံးသီရိစံ(ခ)မီးတုံ၏ အဘွားသည် ၂၅-၂-၂၀၂၀ ရက် နံနက် ၆:၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂီဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးအေးကြည် (B.Com)

အသက် (၅၈) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း(၇)လမ်း၊ အမှတ်(၃၄)၊ လေးလွှာနေ (ဦးထွန်းကြည်-ဒေါ်တင်ကြွေ)တို့၏သမီး၊ [ဦးမြင့်ဆွေ(ခ)မောင်မောင်]၏ ချစ်လှစွာသောဇနီး၊ ဦးစိုးမင်း-ဒေါ်မြင့်မြင့်စန်း၊ ဦးခင်မောင်လွင်-ဒေါ်အေးအေးသန်း၊ ဦးမျိုးမင်း-ဒေါ်ခင်မိမိခိုင်တို့၏ ညီမ၊ ဒေါ်လှလှကြည်၊ ဦးမျိုးမြင့်-ဒေါ်တင်တင်ကြည်(ခ)ယမင်းအေး၊ ဦးထွန်းထွန်းဝင်း-ဒေါ်သဇင်မင်းမောင်တို့၏ အစ်မသည် ၂၅-၂-၂၀၂၀ ရက် နံနက် ၆:၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂီဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမများ

ဦးငြိမ်းချမ်းဆု (ပန်းချီ ငြိမ်းချမ်းဆု)

အသက် (၄၇) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၄)လမ်း၊ အမှတ်(၅၂၉)နေ ဦးညွှန့်ရွှေ (ရွှေစံကားဝါနို့ဆီ)-[ဒေါ်ညွှန့်ညွှန့်ရီ(အထက-၅)၊ တ/၃]တို့၏သား၊ မဖြူစုမွန်(Destination Asia)၏အစ်ကို၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ အမှတ်(၁၀၃၅)၊ ခုတိယထပ်နေ ဒေါ်သင်ခိုသိမ့်လှတောဏ်ခင်ပွန်း၊ မပန်းငြိမ်းဖြူ၊ မပန်းနှင်းအိမ်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၄-၂-၂၀၂၀ (တနလာ်နေ့)၊ည ၈:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီနှင့် ဗိုလ်ချုပ်လမ်း၊ ဝဇီရာရုံရှေ့တို့မှ ကားများ မွန်းလွဲ ၂:၄၅ နာရီတို့တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူးရှိ၍ ၁-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် မြောက်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒုရဲအုပ် အောင်ကြည်စိုး

ဒုရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၈၁/၂၀၁၅)
ငွေနှဲ့သာရဲကင်း စခန်းမှူး ဒေါ်ပိန်နယ်မြေရဲစခန်း

အသက် (၃၅) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရာမည၊ရပ်ကွက်နေ ဦးတင်ထွန်း-ဒေါ်စန်းတို့၏သား၊ ပုသိမ်မြို့နယ်၊ ကင်မလင်းကျွန်း၊ မဇ္ဈလမ်းနေ ဦးသန်းကြွယ်(ဒုရဲအုပ်-ငြိမ်း)-ဒေါ်ခင်နန်းမူတို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒေါ်ပိန်နယ်မြေ ရဲစခန်းမှူး ရဲအုပ်ကိုလတ်-ဒေါ်နီနီဝင်းတို့၏ သားတပည့်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၅)ရပ်ရွာကွက်နေ ဦးစိုးနိုင်-ဒေါ်သစ်ပြည့်ဦး၊ ဦးမင်းထွဋ်စိုး-ဒေါ်ခင်မေမြေ၊ ပုသိမ်မြို့နယ်၊ ကင်မလင်းကျွန်း၊ မဇ္ဈလမ်းနေ ဦးဇော်မျိုးနိုင်(အထက်တန်းရှေ့နေဗွယ်တော်ဥပဒေအကျိုးဆောင်လုပ်ငန်း)၊ ဒေါ်သန္တာမျိုး၊ ဦးဇေယျာအောင်တို့၏ ညီ/မောင်၊ ဒေါ်ပိန်နယ်မြေရဲစခန်းဝန်းနေ မောင်ဌေသာလင်း မောင်တို့၏မွေးသဖခင်၊ ဒေါ်ခင်သူဇာအောင်တို့၏ချစ်လှစွာသောခင်ပွန်း ဒုရဲအုပ်အောင်ကြည်စိုးသည် ၂၁-၂-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)

ဦးပန်းဇံ

အသက်(၉၃)နှစ်

ပဲခူယဉ်ကုန်းမြို့နေ (ဦးဖိုးထွေး-ဒေါ်စိန်ဖြူ)တို့၏ သား၊ (ဦးတင်မြင့်)-ဒေါ်ညွှန့်ညွှန့်ရင်၊ မိတ္ထီလာမြို့နေ ဦးစိုးလွင်-ဒေါ်ခင်ရီ၊ ထောက်ကြန့်မြို့နေ (ဦးအောင်တင်)-ဒေါ်ခင်ထွေး၊ သာကေတမြို့နေ ဦးလှသန်း-ဒေါ်ထွေးသိန်းတို့၏ အစ်ကို၊ ထောက်ကြန့်မြို့နေ ဦးသံမဏိ-ဒေါ်အေးအေးရီ၊ ဦးစိန်ဝင်း-ဒေါ်သီသီအေး၊ ရပ်စောက်မြို့နေ ဦးဟန်ညွှန့်-ဒေါ်နီနီအေး၊ သာကေတမြို့နေ ဦးဝင်းလှိုင်-ဒေါ်နန်းထူးတို့၏ မွေးသဖခင်၊ (ဒေါ်အုန်းကြည်)၏ခင်ပွန်း ဦးပန်းဇံသည် ၂၄-၂-၂၀၂၀ (တနလာ်နေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၂၀ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ထောက်ကြန့်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂီဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့

ဒေါ်ကြီးမြင့်

အသက်(၈၅)နှစ်

(ဦးထွန်းရိုန်-ဒေါ်သိန်းရင်)တို့၏ သမီး၊ အမှတ်(၁၆-ဘီ)၊ သီရိရတနာလမ်း၊ မိကျောင်းကန်အပိုင်း(၃)၊ သဃီန်းကျွန်းမြို့နယ်နေ (ဦးငွေးအောင်)၏ ဇနီး၊ ဒေါ်အေးအေးမူ၊ ဦးနိုင်ဦး-ဒေါက်တာမြမြမူ (မြန်မာအသည်းဖောင်းဌေးရှင်း၊ MLF/TSCC/ သံစစ်ကုသိုလ်ဖြစ်ဆေးခန်း)၊ မြင့်မြင့်ငွေး-ဒေါ်ယဉ်ယဉ်လတ်၊ ဦးသန့်ဇင်-ဒေါ်ဝင်းမြတ်၊ ဒေါက်တာမြတ်လင်းဦး-ဒေါ်သန်းသန်းငွေး(New York, USA)၊ ဦးမျိုးသော်ထွန်း-ဒေါ်ငွေးငွေးဝင်းတို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၄-၂-၂၀၂၀ (တနလာ်နေ့) ည ၈:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၀ (အင်္ဂါနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်း ကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူးရှိ၍ ၁-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးကြည်ဖြူ (B.A,R.L)

ပြည်နယ်တရားသူကြီး(ငြိမ်း)

အသက်(၈၀)

မြိတ်မြို့၊ ကံဖျားရပ်နေ (ဦးသန်ဟွပ်-ဒေါ်ကံရင်)တို့၏ သား၊ မန္တလေးမြို့၊ (၇၃)လမ်းနေ (ဦးဘသိန်း-ဒေါ်မေ)တို့၏ သားသမက်၊ ဒေါ်ရှုကြည်၏ မောင်၊ ဦးဝင်းထိန်-ဒေါ်ဝင်းကြူတို့၏ အစ်ကို၊ ရန်ကုန်မြို့နေ မအေးအေးမွန်၊ (မဝါဝါမွန်)၊ ကိုကျော်နေမျိုး-မဆွေဇင်ဦး၊ ကိုဝဏ္ဏထွန်း-မမြတ်မြတ်သန္တာမွန်၊ (ကိုညီဇော်မျိုး)၊ ကိုအောင်ကျော်မျိုး-မဆုထက်စန္ဒီတို့၏ မွေးသဖခင်၊ မောင်ကြည်စင်သန့်၊ မောင်အောင်ခန့်ကျော်၊ မောင်ဇွဲဝဏ္ဏအောင်၊ မယွန်းရတီဦးတို့၏ အဘိုး၊ ဒေါ်ကူကူ၏ချစ်လှစွာသောခင်ပွန်းသည် ၂၄-၂-၂၀၂၀ (တနလာ်နေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၂၀(ဗုဒ

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်က ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)တို့ကို ပြင်ဆင်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းကျော်ရမည်ဆိုသည့်အတွက် ပြင်ဆင်ရန်ခက်ခဲပါကြောင်း၊ ယခုဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီက တင်သွင်းထားသည့် ပြင်ဆင်ချက်တွင် ရွေးကောက်ခံကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံနှစ်ပုံကျော် ထောက်ခံပါက ပြင်ဆင်မည်ဟုဆိုသည့်အတွက် သင့်တော်သည့် ပြင်ဆင်ချက်ဖြစ်သောကြောင့် ထောက်ခံပါကြောင်း။

ဒီမိုကရေစီစံနှုန်းများနှင့် မကိုက်ညီ

ထိုပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီစံနှုန်းများနှင့် မကိုက်ညီသည့်အပြင် ဖက်ဒရယ်ပြည်ထောင်စုသို့ လားရာလမ်းလည်း မပါရှိသည့်အတွက် ပြင်ကိုပြင်ရမည်ဟု တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားကြပါကြောင်း၊ နိုင်ငံရေးသမားများ၊ တပ်မတော်သားများကလည်း ပြင်ဆင်သင့်သည့် သဘောထားရှိသောကြောင့် ပြည်သူအကျိုး၊ တိုင်းရင်းသားများအကျိုးကိုမျှော်ကိုးပြီး ရှေ့တစ်ဆင့်တိုးရန်အတွက် ဝိုင်းဝန်းဆောင်ရွက်ကြ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

၂၀၂၀ AFC Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်း ပထမဆုံးနိုင်ပွဲရရှိ

ရန်ကုန်အသင်းနှင့် လာအိုတိုယိုတာအသင်း ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၂၀ AFC Cup ပြိုင်ပွဲအုပ်စု (F) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းဌ၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက လာအိုကလပ်လာအိုတိုယိုတာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပထမဆုံးနိုင်ပွဲရရှိ

အဖွင့်ပွဲတွင် ဗီယက်နမ်ကလပ်နှင့် သရေကျထားသည့် ရန်ကုန်အသင်းသည် လာအိုကလပ်ကို အနိုင်ယူပြီး ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။ ရန်ကုန်အသင်းသည် ပထမဆုံးနိုင်ပွဲရခဲ့သော်လည်း အကောင်းဆုံးပုံစံရရန် ရုန်းကန်ခဲ့ရပြီး ချေပဂိုးနှစ်ဂိုးပြန်လည်ခွင့်ပြုခဲ့ရသောကြောင့် ကျဉ်းမြောင်းသည့် ဂိုးရလဒ်ဖြင့်သာ အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် ပွဲတွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ကျော်ဇင်ထက်၊ မောင်မောင်လွင်၊ မောင်မောင်ဝင်း၊ အဘူဘာကာ၊ ရှိုရီတို့ကို အမာခံထားကာ အောင်ကျော်နိုင်၊ ဇင်မင်းထွန်း၊ မင်းကျော်ခန့်တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ အနိုင်ရရန် လိုအပ်နေသည့် ရန်ကုန်အသင်းသည် အိမ်ကွင်းတွင် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၈ မိနစ်တွင် အောင်ကျော်နိုင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင်လည်း ရန်ကုန်အသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး မိနစ် ၃၀ တွင် မောင်မောင်လွင်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် လာအိုတိုယိုတာအသင်းက တိုက်စစ်မြှင့်လာပြီး ရန်ကုန်အသင်းမှာမူ ပထမပိုင်းလောက် ကစားပုံမကောင်းသောကြောင့် အခွင့်အရေးများပေးခဲ့ရသည်။ ၅၈ မိနစ်တွင် လာအိုတိုယိုတာအသင်း ချေပဂိုးပြန်ရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ကာဝါကာမီက သွင်းယူခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ❍

ဗီယက်နမ်ဆီးဂိမ်းအတွက် မြန်မာ ယူ-၂၁ အသင်း လေ့ကျင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာ ယူ-၂၁ အသင်းသည် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်၍ မတ် ၉ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။

ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၁ ခုနှစ်မှ ကျင်းပမည်ဖြစ်သော်လည်း မြန်မာ ယူ-၂၁ အသင်းနည်းပြချုပ် ဝိုပျေါဗီသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ရေရှည်ပြင်ဆင်လိုသောကြောင့် အချိန်ယူလေ့ကျင့်ပြင်ဆင်ခြင်းဖြစ်သည်။ ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၁ အသင်းတွင် ၂၀၁၉ ပြိုင်ပွဲဝင်အသင်းမှ ကစားသမားအနည်းငယ်သာပြန်လည်ပါဝင်မည်ဖြစ်ရာ ကစားသမားသစ်အများစု ပါဝင်လာမည်ဖြစ်သောကြောင့် နည်းပြချုပ်အနေဖြင့် အချိန်ယူပြင်ဆင်လိုနေခြင်းဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ❒

ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ကျောင်းသင်ခန်းစာအချုပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ကျောင်းသင်ခန်းစာများကို အချပ်ပိုစာမျက်နှာ (က)တွင် ဖော်ပြထားပါသည်။

ကြေးမုံ ယနေ့ ဖတ်စရာ

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားအဖြစ် သတ်မှတ်ခံထားရသူ ဂျပန်အဘိုးအို အသက် ၁၁၂ နှစ်အရွယ်၌ ကွယ်လွန် — စာမျက်နှာ » ၁၃

ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တဲ့ လီဗာပူးအသင်း အိမ်ကွင်းနောက်ဆုံး ၂၁ ပွဲဆက် အနိုင်ရတဲ့ မှတ်တမ်းရရှိ — စာမျက်နှာ » ၂၀

တက္ကသိုလ်လေးခုအား ချိတ်ဆက်ပြေးဆွဲမည့် YBS-101 ယာဉ်လိုင်းကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြေးဆွဲမည် — စာမျက်နှာ » ၂၂

စေတနာဆေး မေတ္တာဆေး သစ္စာဆေး ...
ထွန်းရှေ့ဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာဖြူဖြူအိ၊ ပါမောက္ခ(ဌာနမှူး)၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်သော အထောက်အကူပြုသင်ခန်းစာများကို အပိုင်း(၂)ပိုင်းခွဲ၍ ရှင်းလင်းတင်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို တင်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ယင်းမေးခွန်းကို အမှတ်ပြည့်ရရှိအောင်ဖြေဆိုနိုင်မည့် ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင် မေးခွန်း(၅)ပုဒ် ပါရှိပါသည်။ မေးခွန်း(၅)ပုဒ် စလုံးကို ဖြေဆိုကြရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၁)တွင် (က)၊ (ခ)နှင့် (ဂ)ဟူ၍ နံပါတ်ငယ် (၃) ခုနှင့် (၃)ပိုင်း ထပ်ခွဲထားပါသည်။

မေးခွန်းနံပါတ် ၁။(က)တွင် ဖော်ပြချက်(၅)ခုကို မှား/မှန် ဖြေဆိုရန်ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ၊ သီအိုရီများကို ကျေညက်ပြီးနားလည်သဘောပေါက်မှုကို ဆန်းစစ်သော မေးခွန်း ဖြစ်သည့်အတွက် ဘာသာရပ်ကို ကျွမ်းကျင်တတ်မြောက်မှုရှိမှသာ ဖြေဆိုနိုင်မည်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။ (ခ)တွင် ဖော်ပြချက်(၅)ခုကိုစာကြောင်းတစ်ခုတွင် (က)၊(ခ)နှင့်(ဂ) အဖြေ(၃)မျိုးပေးထားပြီး ယင်းထဲမှ အဖြေမှန်ကိုရွေးချယ်ရန်ဖြစ်သည်။ ဖြေဆိုရာတွင်အဖြေမှန်ကို ပေးထားသည့် (က)၊(ခ)နှင့်(ဂ)ထဲ ကမှ ရွေးချယ်ထားသည့်နံပါတ်ကိုသာ ရေးပေးရန်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။ (ဂ)တွင် ဖော်ပြချက်(၁၀)ခုကို စာကြောင်းအပြည့်အစုံမဖော်ပြဘဲ လိုအပ်သောအဖြေကို ကွက်လပ်ဖြည့်ရမည်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေကိုသာ နံပါတ်တပ်၍ တိကျစွာဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် ဘာသာရပ်ဆိုင်ရာနားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သည့်အနေဖြင့် မေးလေ့ရှိသဖြင့် ဘာသာရပ်ကိုနားလည် ကျေညက်မှသာ ဖြေဆိုနိုင်မှာဖြစ်ပါသည်။

မေးခွန်းနံပါတ်(၂)တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှအဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားပါသည်။ သင်ခန်းစာအခန်း(၁)ခန်းစီမှ (၂)ခုစီနှင့် အခန်း(၆)ခန်းအတွက်(၁၂)ခုမေးထားပြီး ယင်းတို့ထဲမှ နှစ်သက်ရာ(၁၀)ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၃)တွင် (၁၀)မှတ်တန် မှတ်စုတို(၄)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ်(၄)တွင် (၂၀)မှတ်တန် မေးခွန်းရှည်(၂)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း(၁)ပုဒ်စီအတွက် ရရှိနိုင်သည့်ရမှတ်မှာ(၂၀)မှတ် ဖြစ်သည်။

မေးခွန်းနံပါတ်(၅)မှာ တွက်ချက်မှုနှင့် ဥဏ္ဍစမ်းမေးခွန်းဖြစ်သည်။ ပေးထားသော စာရင်းအင်းကိန်းဂဏန်းများကို အသုံးပြုပြီး တွက်ချက်ခြင်း၊ မျဉ်းကွေးများနှင့် ပုံများရေးဆွဲခြင်းစသည်ဖြင့် သီအိုရီသဘောတရားများ နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သောဥဏ္ဍစမ်းမေးခွန်းများကို ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းခွဲ(က)၊ (ခ)နှင့် (ဂ)မှ နှစ်သက်ရာ(၂)ပုဒ်ကိုသာ ဖြေဆိုရန်ဖြစ်သည်။ ယင်းမေးခွန်းအတွက်ရမှတ်မှာလည်း(၂၀)မှတ်ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို ခြုံငုံကြည့်ပါက မေးခွန်းအမျိုးအစား(၅)မျိုးပါဝင်သည့် မေးခွန်း(၅)ပုဒ်ပေးထားသော မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား(၅)မျိုးမှာ (၁)မမ္မဓိဌာန်မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃)မှတ်စုတိုမေးခွန်း၊ (၄)မေးခွန်းရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် ဥဏ္ဍစမ်းမေးခွန်းတို့ ဖြစ်သည်။ စုစုပေါင်းမေးခွန်း(၅)ပုဒ်စလုံးကို ဖြေဆိုရမည်ဖြစ်သည်။

ဖြေဆိုပုံဖြေဆိုနည်း

မေးထားသောမေးခွန်း(၅)ပုဒ်ကိုဖြေဆိုရာတွင် တိကျမှန်ကန်စေရေးနှင့် အမှတ်ကောင်းရရန် ဖြေဆိုပုံ ဖြေဆိုနည်းကို မေးခွန်း(၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

မေးခွန်း(၁-က) ဤမေးခွန်းသည်မမ္မဓိဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသောဖော်ပြချက်ကို မှားသလား(သို့) မှန်သလား ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ စာကြောင်းပြန်ရေးရန်မလိုဘဲ စာဖြေသူက ရွေးချယ်ထားသော အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ- **'ဘောဂဗေဒဘာသာရပ်သည် လူတို့၏အပြုအမူကို လေ့လာသော ဘာသာရပ်ဖြစ်သည်။'** ဟူသော ဖော်ပြချက်တွင် အဖြေက**'မှန်'**ဖြစ်သည့်အတွက် **'မှန်'** ဟုသာ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းစာသားပြန်ရေးရန်မလိုပါ။ ဖြေဆိုရာတွင်လည်း မှား(သို့မဟုတ်)မှန် တိကျပြတ်သားရန်လိုပါသည်။ စာစစ်သူဖတ်၍ မရသော၊ မှား/မှန် မကွဲပြားသောအဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် စာဖြေသူက အဖြေကို တိတိကျကျ၊ ပြတ်ပြတ်သားသား၊ ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက်(၅)ခုအတွက် (၁)ခုလျှင်(၁)မှတ်ဖြင့် စုစုပေါင်းရမှတ်(၅)မှတ် ဖြစ်သည်။

မေးခွန်း(၁-ခ) ဤမေးခွန်းတွင် မေးထားသောစာကြောင်းတွင် အဖြေကို(က)(ခ)(ဂ) (၃)မျိုးပေးထားပြီး ယင်းထဲမှ အဖြေမှန်(၁)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ယင်းမေးခွန်းတွင်လည်း မေးခွန်းစာကြောင်းကို ပြန်လည်ရေးရန်မလိုပါ။ ဥပမာ- **'ကုန်စည်တစ်ခု၏ စျေးနှုန်းကျဆင်းသွားသောအခါ အခြားကုန်စည်တစ်ခု၏ ဝယ်လိုအားအရေအတွက် တိုးလာပါက ထိုကုန်စည်နှစ်ခုမှာ (က)တွဲဖက်ကုန်စည် (ခ)အစားထိုးကုန်စည် (ဂ)တွဲဖက်ထုတ်ကုန်ဖြစ်သည်။'**ဟူသော မေးခွန်း၏အဖြေမှန်မှာ **(က)တွဲဖက်ကုန်စည်** ဖြစ်သည်။ မေးခွန်း(၁-ခ) မေးခွန်းနံပါတ်သေး(၁) **(က)**ဟု ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း(၅)ခု အတွက် (၁)ခုလျှင်(၁)မှတ်ဖြင့် စုစုပေါင်းရမှတ်(၅)မှတ်ဖြစ်သည်။

မေးခွန်း(၁-ဂ) ဤမေးခွန်းသည်လည်း မမ္မဓိဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသောစာကြောင်းတွင် လိုအပ်သည့် ကွက်လပ်ကို အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ စာကြောင်းပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့် အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသောအဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန် လိုပါသည်။ ဥပမာ- **'အစိုးရနှင့် ပြည်သူ့အာဏာပိုင်အဖွဲ့အစည်းများ၏ရင်ဆိုင်ချက်များကို ———— ဟုခေါ်သည်။'** ဟူသော မေးခွန်းအတွက် အဖြေမှာ **'ပြည်သူ့ရင်ဆိုင်ချက်များ'** ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း(၁)ခုလျှင်(၁)မှတ်ဖြင့် (၁၀)ခုအတွက် စုစုပေါင်းရမှတ်(၁၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ်(၁)တစ်ပုဒ်လုံးအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ် ကော်မတီမှ ပြဋ္ဌာန်းထုတ်ဝေထားသည့် ဒသမတန်းဘောဂဗေဒဖတ်စာအုပ်မှ သင်ခန်းစာအခန်းတိုင်း၏အဆုံး၌ ထိုမေးခွန်းပုံစံများကိုလေ့ကျင့်ရန် ထည့်သွင်းပေးထားသဖြင့် ကျောင်းသားကျောင်းသူများအနေဖြင့် ကြိုတင်လေ့လာနိုင်ပါသည်။

မေးခွန်းနံပါတ်(၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုမေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိကျမှန်ကန်ပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ အဖြေသည်တိကျမှန်ကန်မှုရှိရန် လိုအပ်ပါသည်။ မှားယွင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အမှတ်ပေးခြင်းမရှိကြောင်းကို ဖြေဆိုသူများ အထူးသတိပြုရန် လိုပါသည်။ ဥပမာ - **'ထပ်ဆင့်တိုးတန်ဖိုး'**၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးထားခြင်းကို **'ထပ်ဆင့်တိုးတန်ဖိုး** ဆိုသည်မှာ ကုန်ကြမ်းတန်ဖိုးတွင် ထပ်ဆင့်တိုးလာသည့် ထုတ်လုပ်မှု၏တန်ဖိုးဖြစ်သည်။'ဟူသော အဖြေမှန်ကိုဖြေဆိုရမည့်အစား **'ထပ်ဆင့်တိုးတန်ဖိုးခွန်** ဆိုသည်မှာ ကုန်စည်တစ်မျိုး၏ ထုတ်လုပ်မှုဖြစ်စဉ်အဆင့်ဆင့်တွင် ထပ်ဆင့်တိုးလာသော တန်ဖိုးများအပေါ်တွင် ကောက်ယူသည့်အခွန်ဖြစ်သည်။'ဟု**'ထပ်ဆင့်တိုးတန်ဖိုးခွန်'**၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မှားယွင်းဖြေဆိုပါက လွဲမှားနေသဖြင့် အမှတ်လုံးဝမရနိုင်ပါ။

ထို့ကြောင့် မှားယွင်းလွယ်သော ဆင်တူယိုးမှားဖြစ်ပြီး အဓိပ္ပာယ်လုံးဝကွဲလွဲသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အလွတ်ကျက်ခြင်းထက် သဘောတရားနားလည်စေရန် ပိုမိုလေ့လာထားပြီး မမှားအောင်ဖြေဆိုရန်လိုအပ်ပါသည်။

ပေးထားသောအဓိပ္ပာယ်ဖွင့်ဆိုချက်(၁၂)ခုထဲမှ နှစ်သက်ရာ(၁၀)ခုကိုဖြေဆိုရပြီး တိကျမှန်ကန်ပြည့်စုံပါက (၁)ခုအတွက်(၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက(၁)မှတ်နှင့် အထက်တွင်ဖော်ပြခဲ့သကဲ့သို့ မှားယွင်းပါက(၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ တစ်ခုလျှင်(၂)မှတ်နှင့် (၁၀)ခုဖြေဆိုရသည့်အတွက် စုစုပေါင်း(၂၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ်(၁)နှင့်(၂) ကို တိကျမှန်ကန်စွာဖြေဆိုနိုင်ခြင်းဖြင့် အမှတ်(၄၀)အပြည့် ရရှိနိုင်ပါသည်။

မေးခွန်းနံပါတ်(၃)တွင် (၁၀)မှတ်တန် မှတ်စုတို(၄)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၄)တွင် (၂၀)မှတ်တန် မေးခွန်းရှည်(၂)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း(၁)ပုဒ်စီအတွက် ရရှိနိုင်သည့်ရမှတ်မှာ (၂၀)မှတ် ဖြစ်သည်။ ယင်းမေးခွန်းများတွင် အခန်းသီးသန့်စီခွဲကာ မေးထားခြင်းမျိုးမဟုတ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၆)ခန်းစလုံးကို ပေါင်းစပ်ရောနှောပြီးမေးနိုင်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ရိုးအားလုံးကို နှံ့စပ်စွာ ကျေညက်အောင်ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။

မှတ်စုတိုကိုဖြစ်စေ၊ မေးခွန်းရှည်ကိုဖြစ်စေ ဖြေဆိုရာတွင်လည်း မေးထားသည့်အကြောင်းအရာ၏ အဓိပ္ပာယ်ကို ဦးစွာဖွင့်ဆိုသင့်ပါသည်။ ပြီးမှသာရှင်းလင်းချက်များကိုဖြေဆိုရပါမည်။ ထို့အပြင် အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက စစ်ဆေးသူရှင်းလင်းပြတ်သားစွာ စစ်ဆေးနိုင်ရန် မေးထားသည့် အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို အသေးစိတ်ထပ်မံဖြေဆိုသင့်ပါသည်။ (၂၀)မှတ်တန်မေးခွန်းရှည်ကို ရွေးချယ်ဖြေဆိုမည်ဆိုပါကလည်း အထက်ပါဖြေဆိုချက်အတိုင်း ဖြေဆိုသင့်ပါသည်။

မေးခွန်းနံပါတ်(၅)သည် တွက်ချက်မှုနှင့် ဥဏ္ဍစမ်းပုစ္ဆာကို (က)(ခ)(ဂ)ခွဲ၍ (၁၀)မှတ်စီမေးထားပြီး နှစ်သက်ရာ(၂)ခုကို ဖြေဆိုရပါမည်။ တိကျမှန်ကန်စွာ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် ယူဆချက်မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် ယင်းမေးခွန်းနှင့်ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းလိုပါသည်။

(၁) မေးခွန်းတွင် ကိန်းဂဏန်းအချက်အလက်ကိုအခြေခံပြီး မျဉ်းကွေးများ၊ ပုံများရေးဆွဲခြင်းဖြစ်ပါက ပေးထားသည့် ကိန်းဂဏန်းပေါ်မူတည်၍ စကေးချပြီး မျဉ်းကွေးကိုတိကျစွာ ရေးဆွဲရမည်ဖြစ်ပါသည်။
ဥပမာ - **'အားမျှခြေဇယား'**ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသော မေးခွန်းတွင် ဦးစွာ'အားမျှခြေ'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် မေးခွန်းပါကိန်းဂဏန်းကို လေ့လာ၍ သင့်လျော်သော စကေးကိုဦးစွာချပြီး ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းကွေးများအတွက် အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို ဆက်လိုက်ခြင်းအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းကွေးများနှင့် အားမျှခြေကို ရရှိပါမည်။ ဤသို့ရေးဆွဲရာတွင် အမှတ်(၂)ခုစီကို ပေတံဖြင့် မျဉ်းဖြောင့်အတိုင်းမဆက်ရဘဲ အမှတ်အားလုံးကို အစဉ်လိုက် လက်ဖြင့်ပြေပြစ်သောမျဉ်းကွေးအဖြစ် ဆက်ရန်လိုပါသည်။

(၂) **အားမျှခြေ**တွင် ဇယားပေးပြီး အားမျှခြေ၊ ပိုလျှံဝယ်လိုအား၊ ပိုလျှံရောင်းလိုအားတို့ကို ရှာစေသည့် မေးခွန်းအပြင် စျေးကွက်အားမျှခြေအပေါ်တွင် ဝယ်လိုအားနှင့်ရောင်းလိုအား ပြောင်းလဲခြင်းများ၏အကျိုးသက်ရောက်ပုံကိုလည်း မေးလေ့ရှိပါသည်။ မေးခွန်းတွင် မူလရှိစျေးကွက်အခြေအနေတစ်ခုတွင် ဝယ်လိုအား(သို့)ရောင်းလိုအားကို ပြဋ္ဌာန်းသောအချက်များထဲမှ အချက်တစ်ခုခုကို ပြောင်းလဲစေခြင်းသည် လေ့လာရမည့်စျေးကွက်အခြေအနေကို မည်သို့ အကျိုးသက်ရောက်စေသည် စသည်ကိုပုံနှင့်တကွ ဖြေဆိုရမှာဖြစ်သည်။

(၃) ထို့အတူ**'ထုတ်လုပ်နိုင်မှုအခြေပြဇယား'**ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသောမေးခွန်းတွင်လည်း ဦးစွာထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး မေးခွန်းပါကိန်းဂဏန်းများကို အခြေခံ၍ သင့်လျော်သော စကေးကိုချကာ ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် အစက်ချရပါမည်။ ထို့နောက်ယင်းအမှတ်များကို ဆက်လိုက်ခြင်းအားဖြင့် ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကိုရရှိပါမည်။ ဤတွင်လည်းအစက်များကို အစဉ်လိုက် ပြေပြစ်သောမျဉ်းကွေးအဖြစ်ရေးဆွဲရမည်ဖြစ်သည်။ အခွင့်အလမ်းစရိတ်တွက်ချက်မှုတွင် အခွင့်အလမ်းစရိတ်၏ အဓိပ္ပာယ် ဖွင့်ဆိုချက်၊ တွက်ချက်ရမည့်ပုံသေနည်းကို ဖြေဆိုပြီး မေးခွန်းတွင်မေးထားသည့် အမှတ်(၂)ခုအတွက် အခွင့်အလမ်းစရိတ်ကို တွက်ချက်ပေးရပါမည်။

(၄) ကိန်းဂဏန်းအချက်အလက်ကို အခြေခံပြီးတွက်ချက်စေသော မေးခွန်းများတွင် မေးထားသည့် အကြောင်းအရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ ထို့နောက်မှ တွက်ချက်မှုကို ပြုလုပ်သင့်ပါမည်။

(၅) **တိုင်းပြည်ဝင်ငွေ** တွက်ချက်နည်းဆိုင်ရာမေးခွန်းအတွက် တိုင်းပြည်ဝင်ငွေနှင့် တစ်ဦးကျဝင်ငွေတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုပြီး တွက်ချက်မှုကို ဆက်လက်ဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် GDP,GNP,NNP နှင့် တစ်ဦးကျဝင်ငွေအထိ မေးလေ့ရှိသည်။ သတိပြုရန်အချက်မှာ ပေးထားသောကိန်းဂဏန်းများ၏ ယူနစ်ကို ပြန်သုံးရန်ဖြစ်သည်။ ဆိုလိုသည်မှာ ပေးထားသည့်တန်ဖိုးမှာ ကျပ်သိန်းပေါင်း ဆိုပါက ဖြေဆိုရာတွင် ကျပ်သိန်းပေါင်း၊ ကျပ်သန်းပေါင်းဆိုပါက ကျပ်သန်းပေါင်းဖြင့် တွက်ချက်ဖော်ပြရမည်ဖြစ်သည်။ ဤတွင်ပေးထားသော ကိန်းဂဏန်းများကို ချရေးပြရုံဖြင့် အမှတ်မရနိုင်သဖြင့် အဆင့်လိုက် တွက်ချက်သွားရန်နှင့် တွက်ချက်မှုတွင် အသုံးပြုသော လက္ခဏာများကို ဖော်ပြရန်လိုပါသည်။

(၆) **ငွေကြေးအရေအတွက်သီအိုရီ** မှ တွက်ချက်နည်းဆိုင်ရာမေးခွန်းအတွက် ငွေကြေးပမာဏ၊ စျေးနှုန်းနှင့် ကုန်စည်အရေအတွက်တို့ကို ပေးထားပြီး ငွေကြေးလှည့်ပတ်မှုအရှိန်ကို ရှာရန်မေးလေ့ရှိပါသည်။ ပထမဦးစွာ ငွေကြေးအရေအတွက် သီအိုရီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် ပေးထားချက်များကိုအခြေခံ၍ တွက်ချက်ရန်ဖြစ်ပါသည်။

(၇) **အခွန်စည်းကြပ်မှုနှုန်း** နှင့်ပတ်သက်၍ ဝင်ငွေအဆင့်အလိုက် စည်းကြပ်သည့်အခွန်နှုန်းကို တွက်ပြီး ယင်းအခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဌာန်ဖြစ်သည်ကို သုံးသပ်ပြခိုင်းလေ့ရှိသည်။ အိမ်ထောင်စု(၃)ခု၏ ဝင်ငွေနှင့် ဝင်ငွေခွန်ပေးဆောင်ရမည့် ပမာဏကို ဇယားတွင်ဖော်ပြထားပြီး အိမ်ထောင်စု တစ်ခုစီအတွက် အခွန်နှုန်းကို ရှာကာ ယင်းဝင်ငွေခွန်သည် မည်သည့်အခွန်စည်းကြပ်မှု ပုံသဏ္ဌာန် ဖြစ်သည်ကို သုံးသပ်ပါဟု မေးလေ့ရှိပါသည်။ ဦးစွာ အခွန်စည်းကြပ်မှုပုံသဏ္ဌာန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုပြီး အိမ်ထောင်စု(၁)ခုချင်းစီ၏ အခွန်ပမာဏကို တွက်ချက်သုံးသပ်ရမည်ဖြစ်သည်။

(၈) **ကုန်ဖလှယ်မှုအချိုး** နှင့်ပတ်သက်၍ အခြေခံနှစ်နှင့်အခြားနှစ်(၂)ခုတို့၏ ပို့ကုန်စျေးဆန္ဒနှုန်းကိန်းနှင့် သွင်းကုန်စျေးဆန္ဒနှုန်းကိန်းတို့ကိုပေးထားပြီး ယင်းနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ကာ အချိုးပြောင်းလဲခြင်းများကို သုံးသပ်ပြစေလေ့ရှိပါသည်။ ဦးစွာကုန်ဖလှယ်မှုအချိုး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် (၃)နှစ်စလုံး၏ ကုန်ဖလှယ်မှု အချိုးကို (၁)နှစ်စီ တွက်ချက်ရပါမည်။ ထိုအခါ အခြေခံနှစ်၏ ကုန်ဖလှယ်မှုအချိုးသည်(၁၀၀) ရရှိမှာဖြစ်ပြီး ကျန်(၂)နှစ်တွင် ထွက်ရှိသော အဖြေသည် (၁၀၀)ထက်နည်းပါက အခွင့်မသာသော(သို့)ကျဆင်းသော ကုန်ဖလှယ်မှုဟု သုံးသပ်ပြီး (၁၀၀)ထက်များပါက အခွင့်သာသော (သို့) တိုးတက်သောကုန်ဖလှယ်မှုဟု သုံးသပ်ဖြေဆိုရပါမည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကိုဖြေဆိုရန်အတွက် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နားလည်သဘောပေါက်အောင် လေ့လာပြီး ကျေညက်အောင်မှတ်သားထားပါက အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်မှာဖြစ်ပါသည်။ ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး အောင်မြင်ပါစေဟု ဆုတောင်းရင်း ပို့ချချက်ကို ရပ်နားလိုက်ပါသည်။

လူမဲ့ခံယူခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

(ခ) ပြန်လည်ထူထောင်ရေးအကြံပေးသည် လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်လက်ခံရရှိပြီး အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ထုတ်ဖော်ကြေညာချက်တွင် ဖော်ပြထားသော မြီရှင်များထံသို့ အစီရင်ခံစာပါအတိုင်း အပိုင်း (၆)လုပ်ငန်းမှ ကြွေးမြီရရန် မှန်မမှန်ကို စိစစ်အတည်ပြုရန်အတွက် စာဖြင့်မေးမြန်းရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ပေးပို့သည့်စာတွင် မြီစား သို့မဟုတ် မြီရှင်သည် ထုတ်ဖော်ကြေညာချက်ပါ ကြွေးမြီပမာဏသည် မှန်ကန်ခြင်းမရှိကြောင်း အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ငြင်းဆိုခြင်းမရှိလျှင် ဆန့်ကျင်ဘက်သက်သေခံချက် မတင်ပြသကဲ့သို့ မှန်ကန်သည်ဟု မှတ်ယူမည်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။

မြီရှင်များက စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးခြင်း

၁၁၆။ (က) ကယ်ဆယ်ခြင်းအဆင့် ဆောင်ရွက်နေစဉ်အတွင်း မည်သည့် အချိန်တွင်မဆို မြီရှင်များက အပိုင်း (၆) လုပ်ငန်း၏ စာအုပ်စာတမ်းများကို စစ်ဆေးခွင့်တောင်းခံပါက တရားရုံးသည် အပိုင်း(၆) လုပ်ငန်း သို့မဟုတ် ယင်း၏လက်ဝယ်ရှိသော စာအုပ်စာတမ်းများကို စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပြဋ္ဌာန်းချက်သည် အောက်ဖော်ပြပါတို့ကို ဖယ်ထုတ်ခြင်း၊ ကန့်သတ်ခြင်းမရှိစေရ–

(၁) အစိုးရဌာန သို့မဟုတ် အစိုးရဌာန၏ တာဝန်ပေးချက်အရ တာဝန်ရှိသူက ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊

(၂) ပြန်လည်ထူထောင်ရေးအကြံပေး သို့မဟုတ် အပိုင်း (၆) လုပ်ငန်း ကိုယ်တိုင်က စစ်ဆေးခြင်းကို ခွင့်ပြုခြင်း။

တရားရုံးသို့ လျှောက်ထားခြင်း

၁၁၇။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှ ပေါ်ပေါက်လာသော မည်သည့်ကိစ္စရပ်အတွက်မဆို တရားရုံး၏ လမ်းညွှန်ချက်ရယူရန် လျှောက်ထားနိုင်သည်။

(ခ) ပြန်လည်ထူထောင်ရေးအကြံပေး သို့မဟုတ် အစုရှယ်ယာဝင်တစ်ဦးဦး သို့မဟုတ် မြီရှင်သည် ကယ်ဆယ်ခြင်းအဆင့်မှပေါ်ထွက်လာသည့် ပြဿနာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် မိမိက တရားမျှတပြီး အကျိုးဖြစ်စေမည်ဟု ယုံကြည်ပါက သင့်လျော်သည်ဟု ထင်မြင်သည့်စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားချက်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ လက်ခံနိုင်သည့်အပြင် အခြားသင့်သည် ထင်မြင်သည့် အမိန့်ချမှတ်နိုင်သည်။

စေ့စပ်ဖျန်ဖြေခြင်း

၁၁၈။ ပြန်လည်ထူထောင်ရေးအကြံပေးသည် အပိုင်း (၆) လုပ်ငန်းနှင့် မြီရှင်သို့မဟုတ်မြီစားများအကြား ပေါ်ပေါက်လာသည့်အောက်ပါအငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန်အတွက် စေ့စပ်ဖျန်ဖြေသူကို ခန့်ထားနိုင်သည်–

(က) အပိုင်း (၆) လုပ်ငန်းက ရရန်ရှိသည့် သို့မဟုတ် ပေးရန်ရှိသည့် ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများ၊

(ခ) ထပ်မံအဆိုပြုမည့်အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေး အစီအစဉ်။

မြီရှင်များအစည်းအဝေး

၁၁၉။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် အောက်ပါကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်လျှင် မြီရှင်များ အစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်–

(၁) ပုဒ်မ ၁၂၂ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၂) တွင် ပြဋ္ဌာန်းထားသည့် အချိန်ကာလအတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ခုကို အတည်ပြုလိုခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန် ဖြစ်ခြင်း၊

(၂) စုစုပေါင်းမြီရှင်အရေအတွက်၏ တစ်ဆယ်ရာခိုင်နှုန်းအထက် မြီရှင်များက တောင်းဆိုခြင်း သို့မဟုတ် စုစုပေါင်းကြွေးမြီ၏ တစ်ဆယ်ရာခိုင်နှုန်းအထက် ပိုင်ဆိုင်သည့်မြီရှင်များက တောင်းဆိုခြင်း။

(ခ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အတွင်း မည်သည့်အချိန်တွင်မဆို မြီရှင်များနှင့် ဆွေးနွေးတိုင်ပင်သင့်သည်ဟု ထင်မြင်လျှင် အပိုင်း (၆) လုပ်ငန်း မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

(ဂ) အစည်းအဝေးကျင်းပခြင်းကို နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင်းပရမည်။

ပြန်လည်ထူထောင်ရေးအကြံပေး ပြောင်းလဲခန့်အပ်ခြင်း

၁၂၀။ (က) ပုဒ်မ ၁၈၁ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ)၊ ပုဒ်မ ၁၈၂ ပုဒ်မခွဲ (ခ) နှင့် (ဂ) နှင့် ပုဒ်မ ၁၈၃ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူးနေရာလစ်လပ်ခြင်းနှင့် လစ်လပ်သောရာထူးနေရာတွင် အစားထိုးခန့်ထားခြင်းနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ကယ်ဆယ်ရေးအဆင့်တွင် ပြန်လည်ထူထောင်ရေးအကြံပေးနှင့်စပ်လျဉ်း၍ အသုံးပြုနိုင်သည်။ သို့ရာတွင် မြီရှင်များ အစည်းအဝေးတွင် ပြန်လည်ထူထောင်ရေးအကြံပေးကို အစားထိုးခန့်ထားခွဲခြင်းဖြစ်လျှင် ထိုအာမခံအကျိုးခံစားခွင့်ရ မြီရှင်များ၏ သဘောတူညီချက်ရရှိရန် လိုအပ်သည်။

(ခ) ပုဒ်မခွဲ (က) အရ ပြန်လည်ထူထောင်ရေးအကြံပေးကို ခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ခန့်အပ်ကြောင်းကို မှတ်ပုံတင်အရာရှိထံသို့ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားစာပေးပို့ရမည်။

ပြန်လည်ထူထောင်ရေးအစီအစဉ်ရေးဆွဲခြင်းနှင့် ပါဝင်ရမည့်အချက်များ

၁၂၁။ (က) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို လုပ်ငန်းကဖြစ်စေ၊ လုပ်ငန်း၏ သဘောတူညီချက်ဖြင့် ပြန်လည်ထူထောင်ရေးအကြံပေးက ဖြစ်စေ ရေးဆွဲရမည်။

(ခ) ပြန်လည်ထူထောင်ရေးအစီအစဉ်တွင် အောက်ပါအချက်များ ပါဝင်ရမည်–

(၁) အစီအစဉ်ကို ကြီးကြပ်မည့်သူ၊

(၂) သက်ဆိုင်ရာဒါရိုက်တာများ၊ ပိုင်ရှင်များ၊ အစုဝင်များနှင့် အစီအစဉ်ကြီးကြပ်သူ၏ အခန်းကဏ္ဍနှင့် တာဝန်များ၊

(၃) မြီရှင်များ၏တောင်းဆိုမှုများကို ကျေအေးညှိနှိုင်းထားသည့် အတိုင်းအတာနှင့် သဘောသဘာဝ၊ ပစ္စည်းအမျိုးအမည်နှင့် ပေးချေမည့်နည်းလမ်း၊

(၄) မြီစားအပေါ် အရေးယူဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ခြင်း သဘောသဘာဝနှင့် ယင်းအတွက် ခွင့်ပြုကာလ၊

(၅) လုပ်ငန်းကို ကြွေးမြီလျော့ပေါ့ပေးမည့် အတိုင်းအတာ၊

(၆) လုပ်ငန်းသည် ကုမ္ပဏီတစ်ခုဖြစ်လျှင် အစုရှယ်ယာဝင်များ၏ အစုရှယ်ယာ အကျိုးအမြတ်ကို ညှိနှိုင်းလျော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းအတိုင်းအတာ၊

(၇) ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် သဘောတူစာချုပ် (ရှိလျှင်) ပါအချက်အလက်များ၊

(၈) အစီအစဉ်ကိုရပ်စဲမည့် အခြေအနေများနှင့် အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ပြီးပါက လုပ်ငန်းကို ဒါရိုက်တာများ၊ ပိုင်ရှင်များ သို့မဟုတ် အစုဝင်များ၏ အုပ်ချုပ်မှုအောက်တွင် ပြန်လည်ထားရှိမည် သို့မဟုတ် လုပ်ငန်းသည် ကုမ္ပဏီဖြစ်လျှင် မှတ်ပုံတင်ပယ်ဖျက်မည့် ဖော်ပြချက်၊ လုပ်ငန်းသည် အစုစပ်လုပ်ငန်းဖြစ်လျှင် ဖျက်သိမ်းမည့်ဖော်ပြချက်၊

(၉) အစီအစဉ်အား လိုက်နာရမည့် မြီရှင်များအကြား ကြွေးမြီများကို ခွဲဝေပေးမည့် အစီအစဉ်နှင့်စပ်လျဉ်းသည့်ဖော်ပြချက်၊

(၁၀) အစီအစဉ်အရခွင့်ပြုပေးနိုင်သည့် တောင်းဆိုမှုများတွင် ထိုတောင်းဆိုခွင့် ပေါ်ပေါက်သည့်နေ့ရက် သို့မဟုတ် ယင်းမတိုင်မီနေ့ရက်၊ (ထိုရက်သည်ကယ်ဆယ်ခြင်းအဆင့် စတင်သည့်နေ့ရက်ထက် နောက်မကျစေရ)

(၁၁) အာမခံအကျိုးခံစားခွင့်ရမြီရှင်များ အဆိုပြုထားမှုအပေါ် အစီအစဉ်အရ အကျိုးသက်ရောက်စေနိုင်သည့် အတိုင်းအတာ၊

(၁၂) နည်းဥပဒေများတွင် ဖော်ပြထားသည့် အခြားကိစ္စရပ်များ။

(ဂ) အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် မြီရှင်များမှ ပြန်လည်ရရှိနိုင်မည့် ငွေကြေးပမာဏသည် အစီအစဉ်ကို ဆောင်ရွက်ခြင်းမရှိပါက မြီရှင်များမှ ပြန်လည်ရရှိနိုင်ဖွယ်ရှိမည့် ငွေကြေးပမာဏနှင့် အနည်းဆုံးညီမျှမှုရှိသည့် ပမာဏဖြစ်ရမည်။

(ဃ) တောင်းခံမှုများ၏ ဦးစားပေးအစဉ်သည် အစီအစဉ်ကို ဆောင်ရွက်ခြင်းမရှိပါကလည်း ရှိနေမည့် ဦးစားပေးအစဉ်အတိုင်း ဖြစ်ရမည်။ သို့ရာတွင် မတူညီသော ကြွေးမြီဦးစားပေးအစဉ်ကြောင့် များစွာအကျိုးထိခိုက်နိုင်ဖွယ်ရှိသည့် မြီရှင်အတန်းအစားတို့သည် အစီအစဉ် မဲခွဲခြင်းတွင် ပါဝင်မဲပေးပြီး ထိုမဲခွဲရာတွင် မြီရှင်အရေအတွက်အားဖြင့်လည်းကောင်း၊ ကြွေးမြီတန်ဖိုးအားဖြင့်လည်းကောင်း အများစုမဲပေးလျက် သဘောတူညီလျှင် ထိုဦးစားပေးအစဉ်အတိုင်းဖြစ်ရန် မလိုအပ်စေရ။

အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို ဖြန့်ဝေခြင်း

၁၂၂။ (က) ပုဒ်မ ၁၂၁ နှင့်အညီ ပြုစုထားသည့် ပြန်လည်ထူထောင်ရေးအစီအစဉ်မိတ္တူကို မြီရှင်တိုင်း၏ နောက်ဆုံးလိပ်စာသို့ ပေးပို့ရမည်။ ထိုမိတ္တူတွင် အောက်ပါအချက်များ ထည့်သွင်းအသိပေးရမည်–

(၁) မိတ္တူရရှိသူသည် အကြောင်းကြားစာပေးပို့သည့်နေ့မှ ၂၁ ရက်အတွင်း အဆိုပြု ပြန်လည်ထူထောင်ရေးအစီအစဉ်ကို လက်ခံကြောင်း သို့မဟုတ် ကန့်ကွက်ကြောင်း မဲပေးရမည် ဖြစ်ကြောင်းနှင့် လက်ခံကြောင်း သို့မဟုတ် ကန့်ကွက်ကြောင်းပြန်ကြားစာကို ပြန်လည်ထူထောင်ရေးအကြံပေး ထံသို့ စာဖြင့်ရေးသားပေးပို့ရမည်ဖြစ်ကြောင်း၊

(၂) အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပုဒ်မခွဲငယ် (၁) ပါအတိုင်း ၂၁ ရက်အတွင်း မြီရှင်အားလုံးရရန်ရှိသော ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များနှင့် စုစုပေါင်းမြီရှင်အရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက စာဖြင့်ရေးသားကန့်ကွက်ခြင်းမရှိလျှင် အကြောင်းကြားစာပေးပို့သည့် နေ့မှ ၂၈ ရက် ကျော်လွန်က အတည်ဖြစ်မည်ဖြစ်ကြောင်း။

(ခ) မြီရှင်များသို့ပေးပို့သည့် အကြောင်းကြားစာ၊ အဆိုပြုပြန်လည်ထူထောင်ရေး အစီရင်ခံစာတို့နှင့်အတူ ပုဒ်မ ၁၀၂ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၅) တွင် ဖော်ပြထားသည့် ပြန်လည်ထူထောင်ရေးအကြံပေး၏အစီရင်ခံစာကိုလည်း ပူးတွဲပေးပို့ရမည်။

(ဂ) အပိုင်း (၆) လုပ်ငန်းတွင် ဤပုဒ်မအရ ဆောင်ရွက်ရာ၌ –

(၁) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် စတင်ပြီးနောက် တတ်နိုင်သမျှ ဆောလျင်စွာဆောင်ရွက်ရမည်၊

(၂) မည်သည့်ကိစ္စရပ်တွင်မဆို အပိုင်း ၆ လုပ်ငန်းစဉ်စတင်သည့်နေ့မှ ရက်သတ္တပတ် (၁၀) ပတ်အတွင်း ဆောင်ရွက်ရမည်။

(ဃ) အပိုင်း (၆) လုပ်ငန်းအတွက် ဤပုဒ်မအရ ပေးပို့ရမည့်စာရွက်စာတမ်းများကို အီလက်ထရောနစ်နည်းဖြင့် ပေးပို့ရန် နည်းလမ်းများကို နည်းဥပဒေများတွင် ပြဋ္ဌာန်းနိုင်သည်။

ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန်အတွက် မြီရှင်များ အစည်းအဝေး ခေါ်ယူခြင်း

၁၂၃။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် အဆိုပြုပြန်လည်ထူထောင်ရေး အစီအစဉ်ကို ၂၁ ရက်အတွင်းပေးပို့၍ ပုဒ်မ၁၂၂ နှင့်အညီ အသိပေးအကြောင်းကြားပြီးနောက် အောက်ပါအချက်တစ်ရပ်ရပ်နှင့်ညီညွတ်မှသာလျှင် မြီရှင်များအစည်းအဝေးကို ခေါ်ယူရန် ဆင့်ဆိုနိုင်သည်–

(၁) အပိုင်း (၆) လုပ်ငန်း၏ ကြွေးမြီစုစုပေါင်းတန်ဖိုး၏ သုံးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက အစည်းအဝေးခေါ်ပေးရန် တောင်းဆိုခြင်း၊

(၂) မြီရှင်များက အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို ကန့်ကွက်ခဲ့သော်လည်း ထိုအစီအစဉ်ကို အတည်ပြုရန်အတွက် သင့်လျော်သည့် အလားအလာများရှိသည် သို့မဟုတ် အစီအစဉ်၏ အချက်အလက်အချို့အား ပြင်ဆင်သင့်သည်ဟု ပြန်လည်ထူထောင်ရေးအကြံပေးက ထင်မြင်ခြင်း။

(ခ) အပိုင်း (၆) လုပ်ငန်း၏ သဘောတူညီချက်အရ အစီအစဉ်ပါအချက်များကို မြီရှင်များ အစည်းအဝေးတွင် ပြင်ဆင်နိုင်ပြီး မြီရှင်များက အစီအစဉ်ပြင်ဆင်ချက်ကို အဆိုပါ အစည်းအဝေးတွင်ပင် မဲပေးဆုံးဖြတ်နိုင်သည်။

(ဂ) မဲခွဲဆုံးဖြတ်ရာတွင် လက်မြှောက်၍ မဲခွဲနိုင်သည်။ သို့ရာတွင် တက်ရောက်လာသည့် မြီရှင်တစ်ဦးဦးက နည်းလမ်းတကျ မဲခွဲဆုံးဖြတ်ရန် တောင်းဆိုပါက လုံလောက်သည့် မဲအများစု ရရှိခြင်း ရှိ မရှိ သိရှိနိုင်ရန်အတွက် ထိုမဲများကို မှတ်တမ်းတင် ရေတွက်ရမည်။

(ဃ) ဤပုဒ်မအရ တင်ပြထားသည့် အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေး အစီအစဉ်ကို မြီရှင်များအစည်းအဝေးက –

(၁) ပြင်ဆင်ချက်မရှိဘဲ အတည်ပြုနိုင်သည် သို့မဟုတ်

(၂) ပြင်ဆင်ချက်ဖြင့် အတည်ပြုနိုင်သည် သို့မဟုတ်

(၃) ပယ်နိုင်သည်။

(င) အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ် (ပြင်ဆင်ချက်များ အပါအဝင်) ကို ပုဒ်မ ၁၂၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြီရှင်အများစုက သဘောတူညီပါက အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေးအကြံပေးသည် အစီအစဉ်ပါအချက်များကို တရားဝင်မှတ်တမ်းတင်ပြင်ဆင်ရမည်။ ထိုမှတ်တမ်းကို အပိုင်း (၆) လုပ်ငန်းကိုယ်စားနှင့် အဆိုပြုအစီအစဉ် ကြီးကြပ်သူတို့က လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ပေးရမည်။

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုနှင့်အညီ အစည်းအဝေးသဘာပတိမှ အဆုံးအဖြတ်ပေးသော မဲပေးပိုင်ခွင့်ကို ကျင့်သုံးပုံ သို့မဟုတ် မြီစား၏ တွဲဖက်လုပ်ကိုင်သူမြီရှင်က ၎င်းတို့၏ မဲပေးခွင့်ကို တစ်စုံတစ်ခုသောနည်းဖြင့် ကျင့်သုံးပုံကြောင့် မြီရှင်များအစည်းအဝေးတွင် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် အတည်မပြုခြင်းနှင့်စပ်လျဉ်း၍ တရားရုံးသို့ လျှောက်ထားနိုင်ပြီး တရားရုံးသည် အောက်ပါအမိန့်များကို ချမှတ်နိုင်သည်–

(၁) အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်သည့်အမိန့်၊

(၂) အတည်မပြုခဲ့သည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ အတည်ပြုသည့်အမိန့်၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) အရ ချမှတ်သောအမိန့်နှင့် ဆက်စပ်သော အခြားလိုအပ်သည့် အမိန့်။

(ဆ) ဤပုဒ်မနှင့်အညီ တင်သွင်းလာသော လျှောက်ထားချက်ကို စဉ်းစားဆင်ခြင်ရာတွင် ထိုဆုံးဖြတ်ချက်ကို အတည်ပြုခြင်းဖြင့် သို့မဟုတ် အတည်မပြုခြင်းဖြင့် ဖြစ်နိုင်သော မြီရှင်အားလုံး၏ အကျိုး၊ မြီရှင်များအတွက် ဖြစ်နိုင်သောကောင်းကျိုးနှင့် ဆိုးကျိုးများနှင့် ဤဥပဒေ၏ ရည်ရွယ်ချက်များကို စဉ်းစားရမည်။

အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန် ပျက်ကွက်ခြင်း

၁၂၄။ (က) ဤအပိုင်းအရ လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို အပိုင်း (၆) လုပ်ငန်းစဉ် စတင်သည့်နေ့မှ ရက်သတ္တပတ် (၁၀) ပတ်အတွင်း အတည်ပြုနိုင်ခြင်းမရှိပါက ထိုအပိုင်း (၆) လုပ်ငန်းစဉ် ရပ်စဲသွားမည်ဖြစ်ပြီး ထိုသို့ရပ်စဲသွားကြောင်းကို အောက်ပါပုဂ္ဂိုလ်များထံ အကြောင်းကြားရမည်–

(၁) ပြန်လည်ထူထောင်ရေးအကြံပေး၊

(၂) မှတ်ပုံတင်အရာရှိ၊

(၃) ပုဒ်မ ၁၂၂ ပုဒ်မခွဲ (က) အရ ပြန်လည်ထူထောင်ရေးအစီအစဉ် မိတ္တူပေးပို့ထားသူများ။

စာမျက်နှာ ၈ သို့ ○

❍ စာမျက်နှာ (၁) မှ

(ခ) ပုဒ်မခွဲ (က) အရ ပေးပို့သည့် အကြောင်းကြားစာသည် နည်းဥပဒေများတွင် ဖော်ပြထားသည့် ပုံစံအတိုင်း ဖြစ်ရမည်။

(ဂ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ အကြောင်းကြားစာကို လက်ခံရရှိလျှင် ၎င်းအားခန့်အပ်မှုသည်ရပ်စဲစေရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ အကြောင်းကြားစာကို လက်ခံရရှိလျှင် ထိုစာကို မှတ်ပုံတင်စာရင်းသွင်းရမည်။

(င) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို ခိုင်လုံသော အကြောင်းမရှိဘဲ လိုက်နာရန် ပျက်ကွက်သည့် လုပ်ငန်းနှင့် ပိုင်ရှင် သို့မဟုတ် ဒါရိုက်တာအား ကျပ်တစ်သိန်းထက် မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

အခန်း (၄)
ပြန်လည်ထူထောင်ရေးအစီအစဉ်

အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်ခြင်း

၁၅။ (က) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါအခြေအနေများတွင် စတင်အကျိုးသက်ရောက်စေရမည်-

(၁) အပိုင်း (၆) လုပ်ငန်းသည် ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာဆောင်ရွက်ပြီးဖြစ်ခြင်း၊

(၂) ပုဒ်မ ၁၂ အရ အစည်းအဝေးကို မကျင်းပခဲ့သည့်အပြင် မြေရှင်အားလုံး ရရန်ရှိသော ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြေရှင်များနှင့် စုစုပေါင်း မြေရှင် အရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြေရှင်များက စာဖြင့် ရေးသားကန့်ကွက်ခြင်းကို ပုဒ်မ ၁၂ အရ ၂၁ ရက်ကျော်သည်အထိ မရရှိခြင်း သို့မဟုတ်

(၃) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန်အတွက် ပုဒ်မ ၁၂ အရ မြေရှင်များအစည်းအဝေးကို ကျင်းပခဲ့ပြီး မြေရှင်အားလုံး ရရန်ရှိသော ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြေရှင်များနှင့် စုစုပေါင်းမြေရှင် အရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြေရှင်များက ပြင်ဆင်ရေးဆွဲထားသည့် အစီအစဉ်အား မဲခွဲဆုံးဖြတ်ရာတွင် ကန့်ကွက်ခဲ့မှုမရှိခြင်း။

(ခ) အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအကြံပေးသည် မြေရှင်များ၏ ဆုံးဖြတ်ချက်ကိုမှတ်ပုံတင်အရာရှိနှင့် နည်းဥပဒေများတွင် ဖော်ပြထားသူများထံသို့ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အစီရင်ခံတင်ပြရမည်။

(ဂ) အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအကြံပေးသည် အစည်းအဝေးတွင် မဲပေးခဲ့သည့် မှတ်တမ်းမိတ္တူကို မြေရှင်များက တောင်းခံလာပါက ထုတ်ပေးရမည်။

(ဃ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်များကို ခိုင်လုံသော အကြောင်းမရှိဘဲ လိုက်နာရန် ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

(င) ပြန်လည်ထူထောင်ရေးအစီအစဉ်ပါ တရားဝင်စာရွက်စာတမ်းကို ၁၄ ရက်အတွင်း သို့မဟုတ် တရားရုံးက တိုးမြှင့်သတ်မှတ်သည့်ကာလအတွင်း အပိုင်း (၆) လုပ်ငန်းနှင့် အစီအစဉ်ကြီးကြပ်သူတို့က လက်မှတ်ရေးထိုးရမည်။ ထိုသို့ လက်မှတ်ရေးထိုးပြီးနောက် စတင်အကျိုးသက်ရောက်သည်။

ခန့်အပ်ခြင်းကို အကြောင်းကြားခြင်း

၁၆။ (က) ခန့်အပ်ခြင်းခံရသည့် အစီအစဉ်ကြီးကြပ်သူသည် ၎င်းအား ခန့်အပ်ပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) ၎င်းအား ခန့်အပ်ပြီးကြောင်းကို အပိုင်း (၆) လုပ်ငန်းသို့ အကြောင်းကြားရမည်။ ထို့နောက် နည်းဥပဒေများပါ နည်းလမ်းအတိုင်း အများသိစေရန် ကြေညာရမည်၊

(၂) ၎င်းအား ခန့်အပ်ပြီးကြောင်းကို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည် တတ်နိုင်သမျှဆောလျင်စွာ မှတ်ပုံတင် စာရင်းရေးသွင်းရမည်၊

(၃) ၎င်းအား ခန့်အပ်ပြီးကြောင်းကို လိပ်စာသိသမျှသော ကုမ္ပဏီ၏ မြေရှင်များထံ အကြောင်းကြားရမည်။

(ခ) အစီအစဉ်ကြီးကြပ်သူသည် ခိုင်လုံသော အကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက် မပိုသည့် ဒဏ်ကြေးငွေတပ်ရိုက်ရမည်။

ပြန်လည်ထူထောင်ရေးအစီအစဉ်၏နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ

၁၇။ (က) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေး အစီအစဉ်သည် အပိုင်း (၆) လုပ်ငန်းနှင့် မြေရှင်များ၊ အစုရှယ်ယာရှင်များအကြား ကျေအေးညှိနှိုင်းချက်ဖြစ်သည်။

(ခ) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါတို့အပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်-

(၁) ပါဝင်မဲပေးခဲ့ခြင်းမရှိစေကာမူ အစုရှယ်ယာဝင်များ၏ အစုရှယ်ယာ အခွင့်အရေးများ၊

(၂) အစည်းအဝေးကျင်းပသည်ဖြစ်စေ၊ မကျင်းပသည်ဖြစ်စေ၊ အစည်းအဝေးသို့တက်ရောက်ခဲ့သည်ဖြစ်စေ၊ မတက်ရောက်ခဲ့သည်ဖြစ်စေ၊ အစီအစဉ်ကို ထောက်ခံမဲပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ မြေရှင်များ၏ အခွင့်အရေးများ။

(ဂ) ပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်သည့် အချိန်တွင် တရားရုံး၌ စာရင်းရှင်းလင်းဖျက်သိမ်းရန် သို့မဟုတ် လူမွဲခံရန်အတွက် သမ္မန်စာကို ဆိုင်းငံ့ထားလျှင် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အမှု သို့မဟုတ် လူမွဲခံသည့်အမှုကို စတင်စွဲဆိုခဲ့ပြီး ပြန်လည်ထူထောင်ရေးအဆင့်တွင် ဆိုင်းငံ့ထားလျှင်-

(၁) အစီအစဉ်ကြီးကြပ်သူသည် စာရင်းရှင်းလင်း ဖျက်သိမ်းသည့်အမှု သို့မဟုတ် လူမွဲခံသည့် အမှုတွင် ၎င်းအားခန့်အပ်ကြောင်းကို တင်ပြရမည်၊

(၂) တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း စာရင်းရှင်းလင်းဖျက်သိမ်းရန် သို့မဟုတ် လူမွဲခံရန်အတွက် လျှောက်လွှာကို ပလပ်ရမည် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အမိန့် သို့မဟုတ် လူမွဲခံသည့်အမိန့်ကို ပယ်ဖျက်ရမည်။

အကျိုးသက်ဆိုင်သူများအပေါ် ပြန်လည်ထူထောင်ရေးအစီအစဉ်၏ သက်ရောက်မှု

၁၈။ (က) ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ကို မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေး အစီအစဉ်သည် ကယ်ဆယ်ခြင်းအဆင့် စတင်သည့်နေ့တွင် ဖြစ်စေ၊ မစတင်မီဖြစ်စေ ပေါ်ပေါက်ခဲ့သော မြေရှင်များ၏ တောင်းဆိုမှုများအားလုံးအပေါ် စည်းနှောင်အားရှိသည်။

(ခ) ပုဒ်မခွဲ (က) သည် အောက်ပါအချက်တစ်ရပ်ရပ်မှအပ အာမခံအကျိုးခံစားခွင့်ရမြေရှင်များက ၎င်းအာမခံရရှိထားသော ပိုင်ဆိုင်မှုကို ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် အာမခံအကျိုးခံစားခွင့်ရ မြေရှင်များက ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားခြင်း၊

(၂) တရားရုံးက ပုဒ်မ ၁၂၉ ပါ ပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်ခဲ့ခြင်း။

(ဃ) ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါတို့အပေါ်တွင်လည်း စည်းနှောင်အားရှိသည်-

(၁) အပိုင်း (၆) လုပ်ငန်း၊

(၂) အပိုင်း (၆) လုပ်ငန်း၏ သက်ဆိုင်ရာအရာရှိများ၊ ပိုင်ရှင်များနှင့် အစုဝင်များ၊

(၃) ပုဒ်မခွဲ (င) နှင့် မဆန့်ကျင်စေဘဲ အပိုင်း (၆) လုပ်ငန်းသည် ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ။

(င) ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အစုရှယ်ယာရှင်များ၏ အကျိုးကို ထိခိုက်နစ်နာစေမည့် ရှယ်ယာများ ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း မပြုလုပ်ရ။

(စ) ထိုရှယ်ယာများတွင် တန်ဖိုးအလျှော့တွက်နုတ်ပြီးနောက် တန်ဖိုးမရှိတော့လျှင် ပုဒ်မခွဲ (င) ၏ရည်ရွယ်ချက်များအရ ရှယ်ယာများကို ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းသည် အစုရှယ်ယာရှင်များ၏ အကျိုးကို ထိခိုက်နစ်နာသည်ဟု မှတ်ယူခြင်းမရှိစေရ။

တရားရုံးသည် အာမခံအကျိုးခံစားခွင့်ရမြေရှင်များ သို့မဟုတ် ပိုင်ရှင် သို့မဟုတ် အင့ားချထားသူ၏ အခွင့်အရေးများကို ကန့်သတ်နိုင်ခြင်း

၁၉။ (က) ပုဒ်မခွဲ (ဂ) နှင့်အညီ တရားရုံးသည် အပိုင်း (၆) လုပ်ငန်း၏ အာမခံအကျိုးခံစားခွင့်ရ မြေရှင်အပေါ် ပြန်လည်ထူထောင်ရေး အစီအစဉ်အရမှတစ်ပါး ၎င်း၏ အာမခံရအကျိုးခံစားခွင့်များကို တရားရုံး၏ အမိန့်တွင် ခွင့်ပြုထားခြင်းမှလွဲ၍ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်း စီမံခန့်ခွဲခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့်အညီ တရားရုံးသည် ပိုင်ရှင် သို့မဟုတ် အင့ားချထားသူအပေါ် ပြန်လည်ထူထောင်ရေးအစီအစဉ်အရမှတစ်ပါး အပိုင်း (၆) လုပ်ငန်းက အသုံးပြုနေသော သို့မဟုတ် ဝင်ရောက်နေထိုင်သော သို့မဟုတ် လက်ဝယ်ရယူထားသော ၎င်း၏ ပစ္စည်းကို တရားရုံး၏ အမိန့်တွင် ခွင့်ပြုထားခြင်းမှလွဲ၍ လက်ဝယ်ရယူခြင်း သို့မဟုတ် အခြားနည်းဖြင့် ပြန်လည်ရယူခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ အမိန့်ချရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာလျှင် ထိုအမိန့်ကို ချမှတ်နိုင်သည်-

(၁) ထိုအမိန့်ကို ချမှတ်ခြင်းမပြုပါက အစီအစဉ်၏ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် ကြီးမားသော ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုများ ရှိနိုင်ခြင်း၊

(၂) ထိုအမိန့်ပါအချက်အလက်များနှင့် အခြားသက်ဆိုင်သော ကိစ္စရပ်များတွင် အာမခံအကျိုးခံစားခွင့်ရမြေရှင်၊ ပိုင်ရှင် သို့မဟုတ် အင့ားချထားသူတို့၏ အကျိုးစီးပွားကို လုံလောက်စွာ အကာအကွယ်ပေးခြင်း။

အစီအစဉ်ကြီးကြပ်သူ၏ အခန်းကဏ္ဍ

၁၃၀။ (က) အစီအစဉ်ကြီးကြပ်သူ၏ အပိုင်း (၆) လုပ်ငန်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) အစီအစဉ်ချမှတ်ခြင်း၊

(၂) အခန်း (၅) တွင်ပြဋ္ဌာန်းထားသော အစီအစဉ်ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်းဆိုင်ရာ တာဝန်များ။

(ခ) ဤအပိုင်းအရ အစီအစဉ်ကြီးကြပ်သူ ဆောင်ရွက်ရမည့်အပိုင်း (၆) လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည်-

(၁) အပိုင်း (၆) လုပ်ငန်း၏အေးချင့်အဖြစ် ဆောင်ရွက်ခြင်း၊

(၂) အစီအစဉ်ကို တတ်နိုင်သမျှ ဆောလျင်စွာနှင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

တရားရုံးက ညွှန်ကြားနိုင်သည့်အာဏာ

၁၃၁။ (က) အစီအစဉ်ကြီးကြပ်သူသည် ယင်း၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့် ကိစ္စရပ်တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ တရားရုံးမှ ညွှန်ကြားပေးရန် လျှောက်ထားနိုင်သည်။

(ခ) အစီအစဉ်ကြီးကြပ်သူ၊ အပိုင်း(၆) လုပ်ငန်း သို့မဟုတ် ရှယ်ယာဝင် သို့မဟုတ် မြေရှင်သည် အစီအစဉ်အဆင့်တွင် ပေါ်ပေါက်သည့် ပြဿနာကို အဆုံးအဖြတ်ပေးရန်အတွက် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် ညွှန်ကြားချက်ပေးရာတွင် သို့မဟုတ် ပြဿနာကို အဆုံးအဖြတ်ပေးရာတွင် တရားမျှတမှုရှိမည်ဟု ထင်မြင်လျှင် သင့်တော်သည့်စည်းကမ်းချက် သတ်မှတ်၍ လျှောက်ထားမှုအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခွင့်ပြုနိုင်သည် သို့မဟုတ် အခြားသင့်သည့် ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်။

ပြန်လည်ထူထောင်ရေးအစီအစဉ်ဆောင်ရွက်နေကြောင်း အသိပေးကြေညာခြင်း

၁၃၂။ (က) ပြန်လည်ထူထောင်ရေး အစီအစဉ်အဆင့်တွင် အပိုင်း (၆) လုပ်ငန်းသည် အောက်ပါကိစ္စရပ်များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်း လုပ်ဆောင်နေကြောင်း ဖော်ပြပါရှိရမည် -

(၁) အပိုင်း(၆) လုပ်ငန်း၊ အပိုင်း (၆) လုပ်ငန်းကိုယ်စားသို့မဟုတ် အစီအစဉ်ကြီးကြပ်သူ၏ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများ၊

(၂) အပိုင်း (၆) လုပ်ငန်း၏ဝက်ဘ်ဆိုက်များ။

(ခ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁) အရ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့် ပုံစံကိုဆိုသည်။

(ဂ) ဤပုဒ်မပါ ဆောင်ရွက်ရန်အချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှုကိုသိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုသည့် အပိုင်း (၆) လုပ်ငန်း၏ အရာရှိနှင့် အပိုင်း(၆) လုပ်ငန်း၏ အစီအစဉ်ကြီးကြပ်သူအား မှတ်ပုံတင်အရာရှိသည် ကျပ်တစ်သိန်းထက် မပိုသည့် ဒဏ်ကြေးငွေကို တပ်ရိုက်ရမည်။

အစီအစဉ်ကြီးကြပ်သူအား အစားထိုးခြင်း

၁၃၃။ (က) ပုဒ်မ ၁၈၁ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဃ)၊ ပုဒ်မ ၁၈၂ ပုဒ်မခွဲ (ခ) နှင့် (ဂ) နှင့် ပုဒ်မ ၁၈၃ ပုဒ်မခွဲ (ခ)၊ (ဂ)နှင့် (ဃ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးနေရာလစ်လပ်ခြင်းနှင့် လစ်လပ်သော ရာထူးနေရာတွင် အစားထိုးခန့်ထားခြင်းတို့နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် အပိုင်း (၆) လုပ်ငန်းအစီအစဉ် အဆင့်တွင် အစီအစဉ် ကြီးကြပ်သူနှင့်စပ်လျဉ်း၍လည်း အသုံးပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အစီအစဉ်ကြီးကြပ်သူကို ခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ ခန့်အပ်ကြောင်းကို မှတ်ပုံတင်အရာရှိထံသို့ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားစာ ပေးပို့ရမည်။

အခန်း (၅)
ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်း

မဲခွဲရာတွင် မဲအများစုကို သတ်မှတ်ခြင်း

၁၃၄။ (က) **ထပ်ဆင့်မဲအများစု** ဆိုသည်မှာ အောက်ဖော်ပြပါနည်းနှစ်မျိုးလုံးဖြင့် ရရှိသည့် မဲအများစုကို ဆိုလိုသည်-

(၁) အစည်းအဝေးတွင် မဲပေးသူမြေရှင်တို့၏ ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းပမာဏထက်ပိုသော ကြွေးမြီ ပိုင်ဆိုင်သူမြေရှင်များ၊

(၂) အစည်းအဝေးတွင် မဲပေးသူမြေရှင် စုစုပေါင်းအရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းအရေအတွက်ထက်ပိုသော မြေရှင်များ။

(ခ) **အုပ်စုတစ်စုတည်းမဲအများစု** ဆိုသည်မှာ မဲခွဲရာတွင် ထပ်ဆင့်မဲအများစုတွင် ပါဝင်သော အုပ်စုနှစ်စုအနက် တစ်စုက မဲအများစုရရှိခြင်းကို ဆိုသည်။

ရည်ရွယ်ချက်အောင်မြင်ပါက ပြန်လည်ထူထောင်ရေးအစီအစဉ် ရပ်စဲခြင်း

၁၃၅။ (က) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် ထိုအစီအစဉ်နှင့် သက်ဆိုင်သောအခြားသူများ၏ တာဝန်ဝတ္တရားများအား အပြည့်အဝ ဆောင်ရွက်ပြီးသည့်အပြင် အစီအစဉ်အရ မြေရှင်များ၏ တောင်းဆိုမှုများကို ဆောင်ရွက်ပြီးဖြစ်ပါက အစီအစဉ်ကြီးကြပ်သူသည် ထိုသို့ ဆောင်ရွက်ပြီးဖြစ်၍ အစီအစဉ်အားရပ်စဲကြောင်း ဖော်ပြပါရှိသော အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

စာမျက်နှာ(ဃ) သို့ ❍

❍ စာမျက်နှာ ၈ မှ

(ခ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ပြီးပါက ၎င်းအားခန့်အပ်ထားမှုသည် ရပ်စဲပြီးဖြစ်သည်။

(ဂ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားစာကို ခိုင်လုံသော အကြောင်းမရှိဘဲ မှတ်ပုံတင်အရာရှိထံ ပေးပို့ရန် ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျေပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

(ဃ) အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ပြီးပါက ကုမ္ပဏီမှတ်ပုံတင်ခြင်းမှ အပြီးသတ်ဖျက်သိမ်းမည် သို့မဟုတ် အစုစပ်လုပ်ငန်းကို အပြီးသတ်ဖျက်သိမ်းမည်ဟု အစီအစဉ်တွင် ဖော်ပြပါရှိလျှင် အစီအစဉ်ကြီးကြပ်သူသည် ကုမ္ပဏီ သို့မဟုတ် အစုစပ်လုပ်ငန်းကို အပြီးသတ်ဖျက်သိမ်းပေးရန် တစ်ချိန်တည်းတွင် လျှောက်ထားရမည်။ ထိုသို့လျှောက်ထားလျှင် ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မခွဲ (က) ပါ အချက်အလက်များနှင့် သက်ဆိုင်စေရမည်။

ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခြင်း

၁၃၆။ (က) အစီအစဉ်ကြီးကြပ်သူသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ရန်အတွက် အစည်းအဝေးခေါ်ယူရမည်-

(၁) အပိုင်း (၆) လုပ်ငန်းက တောင်းဆိုသည့်စာကို လက်ခံရရှိခြင်း၊

(၂) အစီအစဉ်ပါစည်းကမ်းချက်များ၏ အဓိကကျသော အကြောင်းအရာများကို ချိုးဖောက်လျက်ရှိသည် သို့မဟုတ် ချိုးဖောက်ရန် အလားအလာရှိသည်ဟု အစီအစဉ်ကြီးကြပ်သူက ထင်မြင်ပြီး အစီအစဉ်ကို ရပ်စဲခြင်းထက် ပြောင်းလဲခြင်းက ပိုမိုအကျိုးရှိနိုင်ခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ အခြေအနေတွင် အစီအစဉ်ကြီးကြပ်သူသည်-

(၁) နည်းဥပဒေများတွင် ဖော်ပြထားသည့် နည်းလမ်းများအတိုင်း မြီရှင်များ၏ အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာ ပေးပို့ရမည်၊

(၂) မြီရှင်များထံပေးပို့သည့်အကြောင်းကြားစာတွင် အစီအစဉ်၌ ပြောင်းလဲပြင်ဆင်လိုသည့်အချက်များ၏ မိတ္တူနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(ကက) မည်သည့်အတွက်ကြောင့် ထိုသို့ပြောင်းလဲပြင်ဆင်ကြောင်း ရှင်းလင်းချက်၊

(ခခ) မြီရှင်များသည် ပြောင်းလဲမှုကို ထောက်ခံသင့်သည်၊ ကန့်ကွက်သင့်သည် သို့မဟုတ် အစီအစဉ်ကို ရပ်စဲသင့်သည်ဟု အစီအစဉ်ကြီးကြပ်သူ၏ ထင်မြင်ချက်၊

(ဂဂ) အစီအစဉ်ကြီးကြပ်သူက ထိုသို့ယူဆရသည့် အကြောင်းအရင်း၊

(ဃဃ) အဆိုပြုထားသည့်ပြောင်းလဲမှုသည် အပိုင်း (၆) လုပ်ငန်း၏ တွဲဖက်လုပ်ကိုင်သူကို အကျိုးပြုနိုင်ခြင်း ရှိ မရှိ ဖော်ပြချက်။

(ဂ) နည်းလမ်းတကျကျင်းပသည့် မြီရှင်များအစည်းအဝေးတွင် ထပ်ဆင့်မဲ အများစုရရှိပါက ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်မှုသည် အတည်ဖြစ်စေရမည်။

(ဃ) မဲခွဲရာတွင် ထပ်ဆင့်မဲအများစုဖြင့် ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ အုပ်စုတစ်စုတည်း မဲအများစုရရှိပါက အစီအစဉ်ကြီးကြပ်သူသည် အဆုံးအဖြတ်ပေးမည့်မဲကို ပေးပိုင်ခွင့်ရှိသည်။ ထိုမဲသည် အစီအစဉ်ပြောင်းလဲပြင်ဆင်မှုအတွက် ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) ပြောင်းလဲပြင်ဆင်မှုအတွက် အဆုံးအဖြတ်မပြုနိုင်လျှင် အစည်းအဝေးသဘာပတိသည် အစီအစဉ်ကိုရပ်စဲရန် ထပ်မံမဲခွဲဆုံးဖြတ်ရမည်။

(စ) ပြန်လည်ထူထောင်ရေးအစီအစဉ်ကိုရပ်စဲရန် ထပ်ဆင့်မဲအများစုရရှိပါက ရပ်စဲမှုသည် အတည်ဖြစ်စေရမည်။

(ဆ) မဲခွဲရာတွင် ထပ်ဆင့်မဲအများစုဖြင့် ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ အုပ်စုတစ်စုတည်း မဲအများစုရရှိပါက အစီအစဉ်ကြီးကြပ်သူသည် အဆုံးအဖြတ်ပေးမည့်မဲကို ပေးပိုင်ခွင့်ရှိသည်။ ထိုမဲသည် အစီအစဉ် ရပ်စဲရန်အတွက် ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဇ) အစီအစဉ်ရပ်စဲရန် အတည်မပြုနိုင်ပါက အပိုင်း (၆) လုပ်ငန်းသည် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး ဤအစည်းအဝေးသည် မူလအစီအစဉ်အပေါ် မည်သို့မျှ အကျိုးသက်ရောက်မှုမရှိဟု မှတ်ယူရမည်။ သို့ရာတွင် ပုဒ်မ ၁၃၈ အရ လျှောက်ထားလာလျှင် တရားရုံးသည် အစီအစဉ်ကို ရပ်စဲသင့်သည်ဟု ယူဆပါက ရပ်စဲရန် အခွင့်အရေးသည် ဆက်လက်တည်ရှိနေရမည်။

(ဈ) အစီအစဉ်ရပ်စဲရန်ဆုံးဖြတ်ခဲ့ပါက အပိုင်း(၆)လုပ်ငန်းသည် ပုဒ်မ ၁၃၉ နှင့်အညီ သက်ဆိုင်ရာ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းကို ချက်ချင်း ဆောင်ရွက်ရမည်။

(ည) ဤပုဒ်မအရ မြီရှင်များအစည်းအဝေးကျင်းပပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အစီအစဉ်ကြီးကြပ်သူသည် အစည်းအဝေးဆုံးဖြတ်ချက်နှင့် မဲရလဒ်ကို မှတ်ပုံတင်အရာရှိနှင့် နည်းဥပဒေများဖြင့် သတ်မှတ်ဖော်ပြထားသည့် ပုဂ္ဂိုလ်များထံသို့ ပေးပို့ရမည်။

(ဋ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ(ည)ပါ ပြဋ္ဌာန်းချက်ကို ခိုင်လုံသော အကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျေပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

(ဌ) ဤပုဒ်မအရ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခဲ့လျှင် အပိုင်း (၆)လုပ်ငန်း၏ မြီရှင်တစ်ဦးသည် ထိုသို့ပြောင်းလဲပြင်ဆင်ခြင်းကို ပယ်ဖျက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် တရားမျှတမှုရှိစေရန် အလို့ငှာ ထိုပြောင်းလဲပြင်ဆင်ချက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်နိုင်သည် သို့မဟုတ် အတည်ပြုနိုင်သည်။

ရည်ရွယ်ချက်မအောင်မြင်သဖြင့် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များက ရပ်စဲခြင်း

၁၃၇။ (က) အစီအစဉ်ကို ချိုးဖောက်ခဲ့ပြီး ပုဒ်မ ၁၃၆ ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရန်လည်း ပျက်ကွက်သည့်အပြင် ချိုးဖောက်မှုကို ကုစားမှုမပြုလုပ်ခဲ့လျှင် အစီအစဉ်ကြီးကြပ်သူသည် အောက်ပါအချက်တစ်ရပ်ရပ်အရ မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပရမည်-

(၁) အစီအစဉ်ကြီးကြပ်သူကချိုးဖောက်မှုသည် အရေးပါသော ချိုးဖောက်မှုဟုယူဆပြီး ထိုချိုးဖောက်မှုကို ကုစားရန်အတွက် ခွင့်ပြုထားသည့် အချိန်ကာလတစ်ရပ် ကုန်ဆုံးသွားခြင်း၊

(၂) စုစုပေါင်းမြီရှင်အရေအတွက်၏ တစ်ဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များကဖြစ်စေ၊ မြီရှင်တို့၏ ကြွေးမြီစုစုပေါင်းတန်ဖိုး၏ တစ်ဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက ဖြစ်စေ အစည်းအဝေးခေါ်ယူပေးရန် တောင်းဆိုခြင်း။

(ခ) အစည်းအဝေးကို နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင်းပရမည်ဖြစ်ပြီး အစည်းအဝေးသဘာပတိက ပြန်လည်ထူထောင်ရေးအစီအစဉ်ရပ်စဲရန် မဲခွဲဆုံးဖြတ်ရမည်။

(ဂ) ဆုံးဖြတ်ချက်အတည်ဖြစ်ရန် လိုအပ်သော မဲအများစုအရေအတွက်သည် ပုဒ်မ ၁၃၆၊ ပုဒ်မခွဲ(စ)နှင့် (ဆ)ပါ ပြဋ္ဌာန်းချက်များအတိုင်း ဖြစ်သည်။

(ဃ) အကြောင်းကြားစာပေးပို့ခြင်းကို ပုဒ်မ ၁၃၆ ပုဒ်မခွဲ (ည)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

ပြန်လည်ထူထောင်ရေးအစီအစဉ် မအောင်မြင်သဖြင့် သို့မဟုတ် လုပ်ငန်းစဉ်ကို အလွဲသုံးသဖြင့် တရားရုံးက ရပ်စဲခြင်း

၁၃၈။ (က) ဤပုဒ်မသည် အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့်သက်ဆိုင်စေရမည်-

(၁) အစီအစဉ်ကို ချမှတ်ရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန် မဲခွဲစဉ်က အပိုင်း(၆)လုပ်ငန်း၏ စီးပွားရေးလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ သို့မဟုတ် ဘဏ္ဍာရေးအခြေအနေတို့နှင့်သက်ဆိုင်သည့် အရေးပါသော အချက်အလက်များကို မြီရှင်များထံပေးပို့ရာတွင် မှားယွင်း၍ ဖြစ်စေ၊ လွဲမှားစေရန် ရည်ရွယ်၍ဖြစ်စေ ဆုံးဖြတ်ရန် အရေးပါသည့် အချက်အလက်ကို ထိမဲချန်ခြင်း၊

(၂) ပြန်လည်ထူထောင်ရေး အစီအစဉ်ကိုစတင်ရန်မြီရှင်များအစည်းအဝေးတွင် ဆုံးဖြတ်စဉ်က ကြီးလေးသော ဆန့်ကျင်ဆောင်ရွက်မှုပြုလုပ်ခြင်း၊

(၃) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို စတင်ရန်ဆုံးဖြတ်ခဲ့စဉ်က အပိုင်း(၆)လုပ်ငန်း၏ တွဲဖက်လုပ်ကိုင်သူများ၏ ဆက်နွယ်နေသူများက ပါဝင်မဲပေးခဲ့ခြင်းကြောင့်သာ အတည်ဖြစ်ခဲ့ခြင်း၊

(၄) စာချုပ်ပါစည်းကမ်းချက်တစ်ချက် သို့မဟုတ် တစ်ချက်ထက်ပိုသော အချက်များသည် မြီရှင်တစ်ဦး သို့မဟုတ် အများကို မမျှမတဘက်လိုက်ခြင်း သို့မဟုတ် မမျှမတ အဆင့်အတန်းခွဲခြားခြင်း သို့မဟုတ် အပိုင်း(၆)လုပ်ငန်းမြီရှင်အားလုံး၏ အကျိုးကို ဆန့်ကျင်နေခြင်း၊

(၅) လိုက်နာရန်တာဝန်ရှိသူ တစ်ဦးတစ်ယောက်က အစီအစဉ်ကို ကြီးမားစွာ ဆန့်ကျင်ဆောင်ရွက်ခြင်း၊

(၆) မသင့်လျော်သော နှောင့်နှေးကြန့်ကြာမှု သို့မဟုတ် မတရားမှု မဖြစ်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်အား အကောင်အထည်ဖော်ရန် မဖြစ်နိုင်ခြင်း၊

(၇) အစီအစဉ် ကြီးကြပ်သူသည် ပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် ၎င်း၏ တာဝန်များကို ဆန့်ကျင်ဆောင်ရွက်ခြင်း၊

(၈) အပိုင်း (၆) လုပ်ငန်းသည် ဤဥပဒေအရ သတ်မှတ်ထားသည့် အရည်အချင်း မပြည့်မီသည့် အပိုင်း (၆) လုပ်ငန်းဖြစ်ခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ အခြေအနေတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော အခြေအနေများအရ အစီအစဉ်ကြီးကြပ်သူ သို့မဟုတ် အကျိုးသက်ဆိုင်သူ မည်သူမဆို အစီအစဉ်ကို ရပ်စဲပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ (ဃ) ပါ အခြေအနေမှလွဲ၍ အပိုင်း (၆) လုပ်ငန်း၏အစီအစဉ် ရပ်စဲခြင်းသည် ထိုအစီအစဉ်အရ ယခင်ဆောင်ရွက်ခဲ့မှုများကို မထိခိုက်စေရ။

(ဃ) တရားရုံးက အစီအစဉ်တစ်စုံတစ်ရာ ရပ်စဲကြောင်း အမိန့်ချမှတ်သည့် အခါအစီအစဉ်အရရှိထားသော အကျိုးအမြတ်များကို ပြောင်းလဲပြင်ဆင်ရန်လိုအပ်သည်ဟု ထင်မြင်လျှင် အောက်ပါပုဂ္ဂိုလ်များအပေါ် နောက်ဆက်တွဲ အမိန့်များလည်း ချမှတ်နိုင်သည်-

(၁) အစီအစဉ်ကိုဖြစ်စေ၊ အစီအစဉ်အရ ချုပ်ဆိုသည့် ပဋိညာဉ်ကို ဖြစ်စေ ချိုးဖောက်သူ၊

(၂) အပိုင်း (၆) လုပ်ငန်း၏ တွဲဖက်လုပ်ကိုင်သူနှင့်ပတ်သက်သူ။

(င) ပုဒ်မခွဲ (က)ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့အရ လျှောက်ထားလိုလျှင် တရားရုံးက ခိုင်လုံသောအကြောင်းရှိသည်ဟု ယူဆသည်မှအပ မြီရှင်များက အစီအစဉ်ကိုစတင်ရန် ဆုံးဖြတ်သည့်နေ့မှ ၂၈ ရက်အတွင်း လျှောက်ထားရမည်။

အခန်း (၆)

စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းခြင်း

စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းသည့်အခြေအနေ

၁၃၉။ (က) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် အပိုင်း(၆)လုပ်ငန်းသည် ကုမ္ပဏီဖြစ်ပါက မြီရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်ပိုင် လုပ်ငန်းဖြစ်ပါက တရားရုံးသည် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပြီး ယုံမှတ်အပ်နှံခြင်းခံရသူကို ခန့်အပ်ရမည်-

(၁) မြီရှင်များသည် ပုဒ်မ ၁၃၆ နှင့် ၁၃၇ တို့အရ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲရန် ဆုံးဖြတ်ခဲ့ခြင်း၊

(၂) မြီရှင်များမှ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို စတင်နိုင်ခြင်း မရှိဘဲ အပိုင်း(၆)လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ပြီးဆုံးခြင်း သို့မဟုတ် ပုဒ်မ ၁၂၅၊ ပုဒ်မခွဲ(င) တွင် သတ်မှတ်ထားသည့်အချိန်အတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အကောင်အထည်ဖော်နိုင်မှုမရှိခဲ့ခြင်း၊

(၃) ပုဒ်မ ၁၂၃ အရ ပြုလုပ်သည့်အစည်းအဝေးတွင် မြီရှင်များက အပိုင်း (၆)လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(၄) ပုဒ်မ ၁၃၈ အရ တရားရုံးက ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲမည်ဟု ဆုံးဖြတ်ခဲ့ခြင်း၊

(၅) ပုဒ်မ ၁၁၂၊ ပုဒ်မခွဲ(ဃ)ပါ အခြေအနေများ ပေါ်ပေါက်ခဲ့ပြီး အပိုင်း (၆)လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအကြံပေးက အဆိုပါ အခြေအနေများကို ပြင်ဆင်ရန် ယင်းလုပ်ငန်းသို့ စာဖြင့် ရေးသားအကြောင်းကြားခဲ့သော်လည်း အကြောင်းကြားစာရရှိသည့်နေ့မှ ၁၄ ရက်အတွင်း ပြင်ဆင်ခဲ့မှုမရှိခြင်း။

(ခ) ကူးပြောင်းသည့်အချိန်အထိ အောက်ပါအခြေအနေတစ်ရပ်ရပ် မပေါ်ပေါက်လျှင် ဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းသို့ မကူးပြောင်းမီအချိန်အထိ ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေးအကြံပေး သို့မဟုတ် အစီအစဉ်ကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့သည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည် အပိုင်း(၆)လုပ်ငန်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်ရမည်-

(၁) မြီရှင်များက အခြားလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ထားမှုမရှိခြင်း၊

(၂) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် ၎င်းအား ခန့်အပ်သည်ကို စာဖြင့် ရေးသားသဘောတူညီမှုမရှိခြင်း။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသည် ကူးပြောင်းပြီးနောက် အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ထိုသို့ကူးပြောင်းကြောင်းကို စာဖြင့်ရေးသားအကြောင်းကြားရမည်။ ထို့အပြင် အဆိုပါ အကြောင်းကြားစာကို နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်ကာလအတွင်း သတ်မှတ်ပြဋ္ဌာန်းထားသည့်နည်းလမ်းများအတိုင်း အများသိစေရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် သို့မဟုတ် ပြန်လည်ထူထောင်ရေးအစီအစဉ်အား ဆောင်ရွက်နေသော အပိုင်း(၆)လုပ်ငန်းအနေဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းသို့ ကူးပြောင်းနိုင်သော အခြားအခြေအနေများကိုလည်း နည်းဥပဒေများတွင် သတ်မှတ်ဖော်ပြနိုင်သည်။

အခန်း (၇)

မှတ်ပုံတင်ထားသောအပိုင်း (၆) လုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

အပိုင်း(၆)လုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသည် အပိုင်း(၇)နှင့် သက်ဆိုင်ခြင်း

၁၄၀။ ဤအခန်းတွင် ဖော်ပြပါရှိသည်မှအပ အပိုင်း(၇)ပါ ပြဋ္ဌာန်းချက်များသည် မှတ်ပုံတင်ထားသောအပိုင်း (၆) လုပ်ငန်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်။

လျှောက်ထားခြင်းနှင့် လျှောက်လွှာအတွက် အခွန်အခများ

၁၄၁။ မှတ်ပုံတင်ထားသော အပိုင်း(၆)လုပ်ငန်းကို တရားရုံးသို့လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများ မှတ်ပုံတင်ရန် လျှောက်ထားခြင်းသည် ယင်းလုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်းဖြစ်လျှင် နည်းဥပဒေများအရ ပေးသွင်းရမည့် အခွန်အခ၏ ငါးဆယ် ရာခိုင်နှုန်းကို ပေးသွင်းရမည်။

သက်သေအထောက်အထားနှင့် တောင်းဆိုချက်၏ ဦးစားပေးအစီအစဉ်

၁၄၂။ မှတ်ပုံတင်ထားသော အပိုင်း(၆)လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းစဉ် ယင်းလုပ်ငန်း၏ တွဲဖက်လုပ်ကိုင်သူနှင့်ပတ်သက်သူ၏ သက်သေထင်ရှားပြီးဖြစ်သော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုသည် အာမခံအကျိုးခံစားခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဦးစားပေးခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ မြီရှင်အားလုံး၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတို့နှင့်ယှဉ်လာပါက မြီရှင်အားလုံး၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို ဦးစားပေးရမည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပေးချေနိုင်စွမ်းမရှိသော ကုန်ကျစရိတ်များကို ကျခံရန် တာဝန်မရှိခြင်း

၁၄၃။ (က) အပိုင်း (၆) လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကုန်ကျစရိတ်များအတွက် လုပ်ငန်းတွင် လုံလောက်သောပိုင်ဆိုင်မှုမရှိပါက ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားသော အပိုင်း (၆)လုပ်ငန်း၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် ထိုကုန်ကျစရိတ်များကို ကျခံရန်တာဝန်မရှိစေရ။

စာမျက်နှာ ၈ သို့ ❍

○ စာမျက်နှာ ၃၁ မှ

(ခ) ပုဒ်မခွဲ (က)ပါပြဋ္ဌာန်းချက်များကို ကန့်သတ်ခြင်းမရှိစေဘဲ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော အပိုင်း(၆)လုပ်ငန်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်မရှိစေရ-

(၁) ပုဒ်မ ၁၇၈ တွင် ပြဋ္ဌာန်းထားသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စုံစမ်းစစ်ဆေးရန် တာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်း၊

(၂) အပိုင်း (၇)၊ အခန်း (၈)တွင် ပြဋ္ဌာန်းထားသည့် ၎င်းကိုယ်တိုင်သို့မဟုတ်ကုမ္ပဏီကဆောင်ရွက်နိုင်သော စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် တောင်းဆိုမှု သို့မဟုတ် ဆောင်ရွက်မှုတစ်စုံတစ်ရာကို ဆောင်ရွက်ခြင်း (စာရင်းရှင်းလင်း ဖျက်သိမ်းစဉ်ကာလနှင့် ယင်းမတိုင်မီ အလွဲသုံးစားပြုခြင်း၊ ကုမ္ပဏီများနှင့် ကုမ္ပဏီအရာရှိများကို ပြစ်ဒဏ်ချမှတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုအရေးယူခြင်း)၊

(ဂ) အပိုင်း (၆)လုပ်ငန်း၏မြှုပ်သို့မဟုတ်ကုမ္ပဏီတွင်ပါဝင်သူများ၏ လျှောက်ထားချက်အရ တရားရုံးသည် သင့်သည်ထင်မြင်လျှင် မြှုပ် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများက စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ကုန်ကျခဲ့သည့် သီးခြားစရိတ်ကို မြှုပ် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများက ပြန်လည်ပေးဆပ်ရမည်ဆိုသည့် စည်းကမ်းချက်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စိုက်ထုတ်ကျခံပေးစေရန် အမိန့်ချမှတ်နိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

(ဃ) ဤပုဒ်မသည် ဤဥပဒေအရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများ တင်သွင်းရမည့်တာဝန်ကို ဆောင်ရွက်ခြင်းကြောင့် ကျခံရသည့် ကုန်ကျစရိတ်များကို ကင်းလွတ်ခွင့်ပြုသည်ဟု မမှတ်ယူရ။

ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားသောအပိုင်း (၆) လုပ်ငန်းများကို ဆောလျင်စွာ ဖျက်သိမ်းခြင်း

၁၄၄။ (က) ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်းအတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပြီးနောက် ကုမ္ပဏီတွင် မြှုပ်များအား ခွဲဝေပေးရန်အတွက် ပစ္စည်းတစ်စုံတစ်ရာမရှိကြောင်း တွေ့ရှိလျှင် ထိုသို့တွေ့ရှိကြောင်းကို နည်းဥပဒေများပါပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ(က)အရ ပေးပို့သည့်အကြောင်းကြားစာကို လက်ခံရရှိသည့်အခါ မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။

(ဂ) ပုဒ်မခွဲ(က) အရ အကြောင်းကြားစာ မပေးပို့မီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ထိုသို့ပေးပို့မည်ကို အလုပ်လုပ်ကိုင်ရက် ၅ ရက် ကြိုတင်၍ နေရပ်လိပ်စာသိရှိသော အပိုင်း (၆) လုပ်ငန်း၏ မြှုပ်အားလုံးထံသို့ အသိပေးရမည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရန် ကုန်ကျမည့်ကုန်ကျစရိတ်များသည် အပိုင်း (၆) လုပ်ငန်း၏ ပိုင်ဆိုင်မှုထက်ကျော်လွန်နေသည့်တိုင် လုပ်ငန်း၏မြှုပ်မှ ယင်းကုန်ကျစရိတ်ကို ပေးချေရန် တာဝန်ယူလျှင် ၎င်းမြှုပ် သို့မဟုတ် အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လုပ်ငန်းအား ဆောလျင်စွာ ဖျက်သိမ်းခြင်းမပြုရန် လျှောက်ထားလာသည့်အခါ တရားရုံးသည် ပုဒ်မခွဲ (က) ပါ အကြောင်းကြားစာအား ပေးပို့ခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(စ) တရားရုံးသည် အခြားနည်းအမိန့်မချမှတ်လျှင် ပုဒ်မခွဲ (က) အရ ပေးပို့သည့်အကြောင်းကြားစာကို မှတ်ပုံတင်စာရင်းရေးသွင်းသည့်နေ့မှ သုံးလပြည့်မြောက်သည့်နေ့တွင် ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသောလုပ်ငန်းကို ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဆ) ပုဒ်မခွဲ (င) ပါ သက်တမ်းကုန်ဆုံးသွားသည့်တိုင် အပိုင်း(၆) လုပ်ငန်း၏ မြှုပ် သို့မဟုတ် အကျိုးသက်ဆိုင်သူတစ်ဦးဦးမှ လျှောက်ထားလာပါက တရားရုံးသည် ယင်းလုပ်ငန်းအား မူလအတိုင်း မှတ်ပုံတင်ထားရှိစေရန် မှတ်ပုံတင်အရာရှိအား ညွှန်ကြားနိုင်သည်။

အပိုင်း (၇)

စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

အခန်း (၁)

ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသောကုမ္ပဏီများအား ဖျက်သိမ်းခြင်း ဤအပိုင်းနှင့် သက်ဆိုင်ခြင်း

၁၄၅။ (က) ဤအပိုင်းပါပြဋ္ဌာန်းချက်များသည် အောက်ပါအဖွဲ့အစည်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်-

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၊

(၂) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃ အရ မှတ်ပုံတင်ထားသော အဖွဲ့အစည်း၊

(၃) အခန်း (၁၀) တွင် ဖော်ပြပါရှိပြီး အခန်း (၁၀) အရ အကျုံးဝင်သည့် အဖွဲ့အစည်းများ။

(ခ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖျက်သိမ်းနိုင်သည်-

(၁) ဆန္ဒအလျောက်ဖျက်သိမ်းခြင်း သို့မဟုတ်

(၂) တရားရုံးက ဖျက်သိမ်းခြင်း။

ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များကို ဦးစားပေးခြင်း

၁၄၆။ ကုမ္ပဏီတစ်ခုသည် ဤဥပဒေ၏အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ပြုလုပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအား လုပ်ဆောင်နေလျှင် ထိုအပိုင်းများအရ ခွင့်ပြုထားသည်မှတစ်ပါး မိမိဆန္ဒအလျောက်ဖြစ်စေ၊ တရားရုံး၏ အမိန့်အရဖြစ်စေ မည်သည့်ဖျက်သိမ်းခြင်းကိုမျှ စတင်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းနိုင်သည့်အခြေအနေများ

၁၄၇။ (က) အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်သည်-

(၁) ကုမ္ပဏီ၏ဖွဲ့စည်းပုံစည်းမျဉ်းအရ ကုမ္ပဏီ၏သက်တမ်းအတွက် သတ်မှတ်ထားသည့် ကာလကုန်ဆုံးခြင်း သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံစည်းမျဉ်းတွင် ကုမ္ပဏီကို ဖျက်သိမ်းနိုင်သည်ဟု ဖော်ပြထားသည့် အခြေအနေတစ်ရပ်ရပ်ဖြစ်ပေါ်ခဲ့ခြင်း၊ ထို့အပြင် ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေးတွင် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း၊

(၂) ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းမည်ဖြစ်ကြောင်းကို ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(၃) အပိုင်း (၅) နှင့် အပိုင်း (၆) တို့တွင် ဖော်ပြထားသော အခြေအနေများ ဖြစ်ပေါ်ခဲ့ခြင်း။

(ခ) ဤအပိုင်းတွင် ဆန္ဒအလျောက် ဖျက်သိမ်းရန်ဆုံးဖြတ်ချက်ဆိုသည်မှာ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) နှင့် အညီ ချမှတ်သော ဆုံးဖြတ်ချက်ကိုဆိုသည်။

ကုမ္ပဏီတွင်ပါဝင်သူများနှင့် မြှုပ်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကို ခွဲခြားခြင်း

၁၄၈။ ပုဒ်မ ၁၅၁ အရ ဒါရိုက်တာများ၏ ကြေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို ပြုလုပ်၍ ဖျက်သိမ်းလျှင် ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြစ်ပြီး အဆိုပါကြေညာချက်ကို ပြုလုပ်ခြင်းမရှိလျှင် မြှုပ်များ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြစ်သည်။

ဆန္ဒအလျောက်ဖျက်သိမ်းခြင်းမှ တရားရုံးက ဖျက်သိမ်းခြင်းအဖြစ်သို့ ပြောင်းလဲခြင်း

၁၄၉။ ကုမ္ပဏီသည် ဆန္ဒအလျောက် ဖျက်သိမ်းခြင်းပြုရုံမျှဖြင့် မြှုပ် သို့မဟုတ် ကြွေးမြီဆပ်ရန် တာဝန်ရှိသူ၏ တရားရုံးက ဖျက်သိမ်းပေးရန် လျှောက်ထားခွင့် အခွင့်အရေးကို ပိတ်ပင်ခြင်းမရှိစေရ။ ထိုအခွင့်အရေးအရ ကြွေးမြီဆပ်ရန် တာဝန်ရှိသူတစ်ဦးမှ လျှောက်ထားလာလျှင် ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြင့် ၎င်းအား နစ်နာစေလိမ့်မည်ဟု တရားရုံးက ယုံကြည်ပါက ဆန္ဒအလျောက် ဖျက်သိမ်းခြင်းမှ တရားရုံးက ဖျက်သိမ်းခြင်းအဖြစ်သို့ ပြောင်းလဲနိုင်သည်။

စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်အချိန်

၁၅၀။ အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည်ဟု မှတ်ယူရမည်-

(က) ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြစ်ပါက ထိုဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်သည့်အချိန်၊

(ခ) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်မှ ဖျက်သိမ်းခြင်းသို့ ကူးပြောင်းသွားခြင်းဖြစ်ပါက ထိုပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ် စတင်သည့်အချိန်၊

(ဂ) တရားရုံး၏အမိန့်အရ ဖျက်သိမ်းခြင်းဖြစ်လျှင်-

(၁) ဆန္ဒအလျောက် ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နေချိန်တွင် အမိန့်ချမှတ်ခြင်းဖြစ်ပါက ထိုသို့ဖျက်သိမ်းရန် ဆုံးဖြတ်ချက်ကို ချမှတ်သည့်အချိန် သို့မဟုတ်

(၂) ကုမ္ပဏီအား ဖျက်သိမ်းရန်လျှောက်လွှာကို စတင် တင်သွင်းသည့်အချိန်။

အခန်း (၂)

ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းတွင် ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်

၁၅၁။ (က) ပုဒ်မ ၁၄၇ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) ပါ အခြေအနေတို့အရ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ပြုရန် အဆိုပြုသည့်အခါ ဒါရိုက်တာများအစည်းအဝေးတွင် ဒါရိုက်တာအများစုသည် ကုမ္ပဏီ၏ကိစ္စရပ်များကို အပြည့်အဝစုံစမ်းခဲ့ပြီး ကုမ္ပဏီသည် ဖျက်သိမ်းမှုစတင်ပြီးချိန်မှ တစ်နှစ်ထက် မကျော်သည့်ကာလအတွင်း ယင်း၏ကြွေးမြီကို အတိုးနှင့်တကွ ပေးချေနိုင်လိမ့်မည်ဟု ထင်မြင်ယူဆလျှင် ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို ပြုလုပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဒါရိုက်တာများ၏ ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်သည် အောက်ပါအခြေအနေများတွင် အကျိုးသက်ရောက်မှုမရှိစေရ-

(၁) ဖျက်သိမ်းမှုအတွက် ဆုံးဖြတ်ချက်ချမှတ်သည့် ရက်မတိုင်မီ (၃) ပတ်အတွင်း ယင်းကြေညာချက်ကို မပြုလုပ်ခဲ့ခြင်း၊

(၂) ကြေညာချက်မပြုလုပ်မီ နောက်ဆုံးရက်အထိ ကုမ္ပဏီပိုင်ပစ္စည်းများနှင့် ကုမ္ပဏီကတာဝန်ယူ ဆောင်ရွက်ရမည့်အချက်များ ပါဝင်သော ထုတ်ပြန်ချက် မပြုလုပ်ခဲ့ခြင်း။

(ဂ) အများပိုင်ကုမ္ပဏီ သို့မဟုတ် ယင်းအများပိုင်ကုမ္ပဏီကသာ ပိုင်ဆိုင်သော လက်အောက်ခံကုမ္ပဏီဖြစ်ပါက ပုဒ်မခွဲ (ခ) အရ ဒါရိုက်တာများ၏ ကြေညာချက်ကို ယင်းကုမ္ပဏီမှ စာရင်းစစ်များ၏ထောက်ခံသည့် အစီရင်ခံစာဖြင့် ပူးတွဲတင်ပြရမည်။

(ဃ) ထိုကြေညာချက်ကို မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(င) ဒါရိုက်တာတစ်ဦးသည် ကုမ္ပဏီက ယင်း၏ကြွေးမြီကို အတိုးနှင့်တကွ သတ်မှတ်သည့်အချိန်ကာလတွင် အပြည့်အဝပေးချေနိုင်လိမ့်မည်ဟုယူဆရန် အကြောင်းမရှိဘဲ ဤပုဒ်မအရ ကြေညာချက်ပြုလုပ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် တစ်ဆယ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

(စ) အခြားသော ဆန့်ကျင်ဘက်သက်သေခံအထောက်အထား ပေါ်ပေါက်ခဲ့လျှင်မှအပ ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ပြုလုပ်သည့်နေ့မှ ၂၁ ရက်အတွင်း ချမှတ်သည့် ဆုံးဖြတ်ချက်အရ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြုပြီး ယင်း၏ ကြွေးမြီနှင့်အတိုးကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အပြည့်အဝပေးချေခြင်း သို့မဟုတ် ပေးချေရန် လျာထားခြင်းမရှိလျှင် ဒါရိုက်တာ၏ ထင်မြင်ယူဆချက်သည် ယုံကြည်ရန်အကြောင်းမရှိဟု မှတ်ယူရမည်။

(ဆ) တာဝန်ရှိသူအရာရှိသည် ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို နည်းဥပဒေများအရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မှတ်ပုံတင်အရာရှိထံ ပေးပို့ရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း

၁၅၂။ (က) ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းပြုရာတွင် ကုမ္ပဏီ ဖျက်သိမ်းခြင်း ဆောင်ရွက်ရန်နှင့် ကုမ္ပဏီ ပိုင်ပစ္စည်းများခွဲဝေရန်အတွက် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး၌ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများကို ခန့်အပ်ရမည်။

(ခ) ခန့်အပ်ခံရသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ၎င်းအား ခန့်အပ်ခြင်းကို သဘောတူညီကြောင်း စာဖြင့် ရေးသားတင်ပြရမည်။

ကုမ္ပဏီက ကြွေးမြီမပေးဆပ်နိုင်ခြင်း၏ အကျိုးသက်ရောက်မှုများ

၁၅၃။ (က) ပုဒ်မ ၁၅၁ အရ ပြုလုပ်ခဲ့သည့် ကြေညာချက်တွင် ဖော်ပြခဲ့သည့်ကာလအတွင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက သင့်လျော်သည်ဟုယူဆသော နောက်ထပ်သတ်မှတ်ကာလတစ်ခုအတွင်း ကုမ္ပဏီသည် ယင်း၏ကြွေးမြီကို အပြည့်အဝပေးနိုင်ရန် အကြောင်းမရှိဟု ပုဒ်မ ၁၅၂ အရ ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ယူဆလျှင် ၎င်းသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) ထိုသို့ ယူဆသည့်နေ့၏ နောက်နေ့မှ ၂၈ ရက်ထက် နောက်မကျသော ကာလအတွင်း မြှုပ်များအစည်းအဝေးကို ခေါ်ယူခြင်း၊

(၂) မြှုပ်များ အစည်းအဝေးကျင်းပမည့် နေ့ရက်မတိုင်မီ အလုပ်လုပ်ကိုင်ရက် ၅ ရက်ထက်မနည်းစေဘဲ မြှုပ်များထံ အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာ ပေးပို့ခြင်း၊

(၃) မြှုပ်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာကို နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြေညာခြင်း၊

(၄) အစည်းအဝေးမကျင်းပမီကာလအတွင်း မြှုပ်များက ကျိုးကြောင်းဆီလျော်စွာတောင်းခံလာသည့် ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သော အချက်အလက်တို့ကို အခမဲ့ထုတ်ပေးခြင်း။

(ခ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄) အရ အချက်အလက်များကို အခမဲ့ထုတ်ပေးမည့်အကြောင်း ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် အကြောင်းကြားစာတွင် ဖော်ပြပါရှိရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည်-

(၁) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုရမည်၊

(၂) မြှုပ်များ၏အစည်းအဝေးတွင် ထိုထုတ်ဖော်ကြေညာချက်ကို တင်ပြရမည်၊

(၃) ထိုအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်တွင် အောက်ပါတို့ ဖော်ပြပါရှိရမည်-

(၁) ကုမ္ပဏီပိုင်ပစ္စည်းများ၊ကြွေးမြီများနှင့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များ၏ အသေးစိတ်အချက်အလက်များ၊

(၂) မြှုပ်များ၏ အမည်များနှင့် လိပ်စာများ၊

(၃) ၎င်းတို့အသီးသီး၏ အာမခံအကျိုးခံစားခွင့်များ၊

(၄) အာမခံအကျိုးခံစားခွင့်များရရှိသည့် ရက်စွဲများ၊

(၅) နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အခြားအချက်အလက်များ။

(ဆက်လက်ဖော်ပြပါမည်)

သာသနာတော်နှစ် ၂၅၆၃ ခရစ်နှစ် ၂၀၂၀ မြန်မာသက္ကရာဇ် ၁၃၈၁

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်းအတောင်ပိုင်း သုခလမ်းတွင်

အဘွားလေးဒေါ်ခမ္မောသီ တည်ထားကိုးကွယ်တော်မူခဲ့သော

သဇ္ဇညု ပုထိုးတော်ကြီး - ဓမ္မသက စာသင်တိုက်

ဒေါက်တာ ဒေါ်ပညာသီရိ သာသနာ့ဓမ္မာစရိယ Ph.D သဒ္ဓမ္မဇောတိကဓဇ ပြည်တွင်း ပြည်ပ သာသနာပြု၏

သဇ္ဇညုပုထိုးတော်ကြီး အသုံးရှင်များအား ဖိတ်ခေါ်ခြင်း



သဇ္ဇညုပုထိုးတော်ကြီး တည်နေရာ အတွင်းပိုင်းတွင် ဗဟိုဧသေးသောလုပ်ငန်းများစွာ ကုန်ဆုံးနေပါသေးသည်။ သဇ္ဇညုပုထိုးတော်ကြီးအတွင်း၌ နီဗွာန်ကို ရည်မှန်း၍ ဂပါဝါ၊ သဲစုမက ပွင့်လွန်းတော်မူကြသော ရွေးဟောင်း မြတ်စွာဘုရားရှင်များ ငါးသိန်းတစ်သောင်းနှစ်သောင်းနှစ်ကျိပ်ရှစ်ဆု (၅၁၂၂-ဆု) နီဗွာန်နေ သီတင်းသုံး ပူဇော်တော်မူမည်ဖြစ်ပါသည်။ ဘုရားရှင်နဲ့ပါတ်စည်အလိုက် ဘုရားရှင်တစ်ဆူလျှင် ကျပ်(၁)သိန်းဖြင့် လူတိုင်း ဘုရားဒါယကာ၊ ဒါယိကာမဖြစ် ခံယူနိုင်ကြပါပြီး ရွေးပုဇဝေတ် မြန်မာကြီးများ သာသနာလွန်းကားပြန်ပွားနဲ့သည့် အစဉ်အလာ လူတိုင်းဘုရားတည် နိုင်ခွင့်ရှိခဲ့ပါသည်။ ယခုခေတ်အခါ လူတိုင်းဘုရားတည်နိုင်ခွင့် ကုသိုလ်ယူနိုင်ကြပါသည်။

သဇ္ဇညုပုထိုးတော်ကြီး ဘုရားတည် ကုသိုလ်ဝေစု ဘုရားတစ်ဆူလျှင် (၁)သိန်းကျပ်

အက်သွယ်နိုင်သောဖုန်းနံပါတ် - ဒေါက်တာဒေါ်ပညာသီရိ - ၀၉ ၇၉၉၆၆၈၈၂၂၂၊ ၀၉ ၄၅၀၀၄၆၈၂၉

USA + 1(626) 644 7146

မြောက်ဥက္ကလာ တမ္ဘာသောက် PINNYA SIRI – KBZ Bank (Account No.070-301-07000085501)

ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်းလျှာထိန်းနိုင်ပါသည်။

ဆောင်ကမ္ဘာ

ဒဂုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက္ခ် မြေကွက်များ၀ယ်လိုသည်။ အိမ်အရောက်ငွေချေသည်။ ပွဲသားပေးနိုင်ပါပြီ။

09-43118200
09-450096144
09-450096155

သီဟလင်း

အိမ်ပြောင်း/အိမ်ရွှေ့ရုံစင်း (10',14',16',18',22') တာ၊ များပြင်လုပ်သားအပြီးအစီး ပြီးတွင်း/နယ်သေး ဝန်ဆောင်မှုပေးသည်။

01-7570307
09-5112729
09-73009734
09-73242979

အရောင်ကမ္ဘာ့ခြင်ဦး (သစ်မှာ)

ဝိုင်ဝေ

စာသင်ဝိုင်းများ

၄တန်း-မှ ၈တန်း သင်္ချာ + အင်္ဂလိပ်စာ ၉တန်း၊ ၁၀တန်း သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲ ဘာသာစုံ

ဖိုရင့်/အပြိမ်းချိန်ကျသည့်လိပ် သဏ္ဌာ/သဏ္ဌာများမှ နေအိမ်သို့ ဟာရောက်သင်ကြားပေးပါသည်။

Study Guide ရောင်း

ကိုအင်လွှင်ဆက်သွယ်နိုင်ပါသည်။

ဝင်-၄၄၃၁၁၇၆၆၁ ၊ ဝင်-၆၂၂၀၀၀၇၆

ကန့်ကွက်ခိုင်ကြောင်းကြေငြာခြင်း

ကျွန်ုပ်၏ အမှုသည် ဒေါ်ဝင်းမင်းစိုး (၉/မနမ (နိုင်) ၀၃၁၁၉၀) သည် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ **Inya View Condo** ၊ ပြည်လမ်း၊ တိုက် (၆၄)၊ ၁၂-ထပ်တိုက်၏ အခန်းအမှတ် (၇/အေ)၊ အကျယ်အခန်း (၁၅၀၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် တပ်ဆင်ထားသော ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ရှိထားသည်ဖြစ်ပါသည်။ ထို့ကြောင့် ယင်းကွန်ဒိုတိုက်ခန်းနှင့်ဝတ်လက်သည့် ပိုင်ရေးဆိုင်ခွင့်အပေါ် ဝင်ရောက်စွက်ဖက်ခြင်း၊ တစ်စုံတစ်ရာကန့်ကွက်ခြင်း၊ ဟန့်တားခြင်းများမပြုလုပ်ရန် နှင့် အထောက်အထား ခိုင်လုံပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေငြာအပ်ပါသည်။

လုံ့အပ်ညွှန်ကြားချက်အရ -

ဦးဓောင်ကျော်ဦး တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၅၄)

အမှတ် (၉/၁၁) ၊ အခန်း (၃၀၆) ၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၄၅၀၀၂၄၄၄၃ ၊ ၀၉ ၇၉၅၃၂၈၃၃၆

ဦးနှင်းဦး(ထားဝယ်)

ထိပ်တန်း

အခြေခံစက်မြင်ယာဉ်ဓောင်းသင်တန်း

ဓမ္ဓတိမှ Manual/Auto ကားများဖြင့် စီးတိုင်းပေး သင်ကြားပေးသည်။

(၁၁) (ပြာ)ရပ်ကွက်ဂိုလ်မှူးထူးလမ်းမြောက်ဆုံး ယာဉ်မောင်းသင်တန်းကျောင်းကဦးတွင်း	၀၉-၄၆၁၀၅၅၂၂
(၂) တိုက်(၃၄)၊ကမာရွတ်ပြည်သစ်မိရားကမာရွတ်လမ်းမကြီး သာကေတ(အပိုင်း)အနီး	၀۹-၄-၂၁၁၁၁၅
(၃) အမှတ်(၁၅၇/၁၅၄)၊ယမုနာလမ်း ဟန်ချမ်းမြက်တိုင်း၊ဇေယိုဗြိုဇွန်	၀۹-၅-၂۹۹۹۹

ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များအထူး ဈေးကောင်းပေးဝယ်သည်။

09-5089354
09-5180139

တရုတ်စကားပြန်အဖြစ်(ဖ)လပြတ်သင်တန်း

အလုပ်ပါတစ်ခါတည်း အင်တာဗျူးရမည်။ (၁၅) နှစ်အတွေ့အကြုံရှိ **GESC** တရုတ်စကားပြောစာသင်ကျောင်းမှအထူးလေ့ကျင့်သင်ကြားပေးမည်။ **လစာ(၃-၆) သိန်းရမည်**

ဖုန်း- ၀၉၅၁-၆၃၃၆၉၊ ၀၉၅၄-၁၀၅၉၂

ကိုထွင့်အိမ်ခြံ၊မြေအကျိုးဆောင်(Lucky Brothers)

ရွှေပေါက္ခ်ြမို့သစ်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်၊ အိမ်ခြံမြေများကို ဈေးမှန်ပေးဝယ်ပါသည်။

Ph:09-450909001

ရေကူးကန်တစ်ကန်တည်ဆောက်ဖို့လိုအပ်တဲ့ Civil Engg, Electrical Engg, Mechanical Engg, Chemical Engg အားလုံးကိုကျွန်တော်တို့ ဓဒ္ဓဲထားပါတယ်။

Customer ကို ဝေးစားခြင်း၊ ကိုယ်လုပ်သည့်အလုပ်ကို တာဝန်ယူခြင်း
After Sale Service တောင်းခြင်း၊ ရေကူးကန်တည်ဆောက်ပေးပြီးလျှင်
Life Time Service ပေးခြင်း၊ တို့ဟာ ကျွန်တော်တို့ တန်ဖိုးထားတဲ့
Business Ethic တွေပါပဲ။

PROJECT AROUND THE COUNTRY

B.O.D Super Rich Man

Super Rich Man Swimming pool Specialized Company

အမှတ် ၂၉/ဘီ၊တောင်ပြင်းမြို့ကွင်းလမ်း၊တာမွေ။ Ph : 09 969770906, 09 969770904, 01-401518, 8604064

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လ

111th YANGON GOLF CLUB
Annual at Home & Member's Tournament

29th FEB 2020
1st MARCH 2020

*Many exciting Awards & Interesting Activities are waiting for YOU!

2020 ANNUAL AT HOME & Member's Tournament YGC111th

Please RSVP by 21 . 2 . 2020
Inquiry number : 09 732 54 835 , 09 732 30 678

BRAIN JUICE

Tournament Category (29.02.2020)

- Opening Ceremony

06:05 AM – 11:30 AM
- (Veteran)
- (Lady)
- (Bronze) (H'cap – 17 to 24)

11:30 AM – 05:30 PM
- (Veteran)
- (Gold) (H'cap – 0 to 9)
- (Silver) (H'cap – 10 to 16)
- Networking Session

Tournament Category (1.03.2020)

11:30 AM – 05:30 PM
- (Longest Drive 10th Tee)
  1.(Veteran)
  2.(Gold) (H'cap – 0 to 9)
  3. (Silver) (H'cap – 10 to 16)
  4. (Bronze) (H'cap – 17 to 24)
- 7 – Hole Stableford (Hole No. 1,2,3,4,5,8,9)
  1. Anyone can Participate
- One Stick Tournament (Hole No,10,11,9)
  1. Anyone can Participate
- Putting(Putting Green)
  1.Anyone can Participate

05:30 PM – 06:30 PM
- Capt; Driving (President, Secretary, Patronal, VVIP)

06:30 PM - 9:00 PM
- Award Ceremony and Dinner

For more informations please contact to 09 732 54 835 , 09 732 30 678

ဦးမျိုးသူအောင်[ဂ/ကပက(နိုင်)၀၂၄ဖဖ၉၄] ကိုင်ဆောင်သူ (ဘ) ဦးစိုးတင့်အောင်နှင့် အများသိစေရန်အသိပေးကြေညာချက်

ကျွန်ုပ်တို့၏အမှုသည်များဖြစ်သော (၁)ဒေါ်စန်းရီ၊ (၂) ဒေါက်တာစိုးမိုး၊ (၃) ဦးစိုးပိုင်၊ (၄)ဒေါ်သီတာ၊ (၅)ဦးကိုကိုနိုင်၊ (၆) ဦးသန်းဝင်း(၁)ဦးသန်းကျော် အမွေဆိုင်အားလုံးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆(ဒီ)၊ မြေကွက်အမှတ်-၄၅၅၊ မြေအမျိုးအစား-ပဥမတန်း၊ မြေပိုင်မြေ အကျယ်အဝန်းပေ(၂၅x၅၀)ရှိ ကွယ်လွန်သူ ဦးသိန်း၊ ဒေါ်ကြင်မြတ်ပိုင် မြေပေါ်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြေရှင်အမည်ခံ၍ ဆောက်လုပ်ခဲ့သော (၈) ထပ်တိုက် အဆောက်အအုံတွင် ဦးမျိုးသူအောင်[ဂ/ကပက(နိုင်)၀၂၄ဖဖ၉၄]မှ တရားမဝင်တားဆီးပိတ်ဆို့ပြီးသော့ခတ်ထားသော အမွေဆိုင်များပိုင် ပထမထပ်(၂-လွှာ)အခန်း၏ ဝင်ထွက်သွားလာခွင့်ရှိသည့် တံခါးမကြီးအား ခတ်ထားသောသော့နှင့် သော့အိမ်ကို ဤသတင်းစာကြေညာပါရှိသည့်နေ့မှ (၁၀) ရက်အတွင်း အမြန်ဆုံးစောနိုင်သမျှစောစွာ လာရောက်ဖွင့်လှန်ပြီး လူကြီးမင်းနှင့် သက်ဆိုင်သည့် အသုံးအဆောင်ပစ္စည်းများအား ယူဆောင်၍ အခန်းလွတ်ကို ကြည်ဖြူစွာဖြင့် လက်ရောက်အပ်နှံပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် (နေပြည်တော်)၏ ၂၀၁၈ ခုနှစ်၊ တရားမ အထွေထွေလျှောက်ထားမှုအမှတ်-၂၄၆ (စာချုန်တော်)မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁ရက်နေ့စွဲပါဖြင့် ချမှတ်ခဲ့ပြီးဖြစ်သော အမိန့်အရ လူကြီးမင်း ဦးမျိုးသူအောင်သည် မိမိနှင့် သက်ဆိုင်ခြင်းမရှိသည့် အမွေဆိုင်များပိုင် ပထမထပ် (၂-လွှာ)၊ အခန်းအား တားဆီးပိတ်ဆို့ထားသည့် အခန်းသော့နှင့် သော့အိမ်ကို သတ်မှတ်ရက်ထက် ကျော်လွန်၍ လာရောက်ဖွင့်လှန်ပြီး အခန်းလွတ်အပ်နှံခြင်းမရှိခဲ့ပါလျှင် သက်ဆိုင်ရာတာဝန်ရှိသူများ ရှေ့မှောက်တွင် ပိတ်ဆို့ခတ်ထားသော သော့နှင့် သော့အိမ်အား ဥပဒေနှင့်အညီ ဖွင့်လှန်၍ အခန်းအား အမွေဆိုင်အားလုံးက လက်ရောက်ရယူဆောင်ရွက်သွားမည့်အပြင် လူကြီးမင်းဦးမျိုးသူအောင်အပေါ် ရာဇဝတ်ကြောင်း၊ တရားမကြောင်းဖြင့် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးတင်ရွှေ(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၄၃၆၁)၊ နေ့စွဲ-(၃၀-၁၁-၁၉၈၇)
တိုက်(၁၃/၅၃)၊ (ဖ)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၁၃/၅၃)၊ (ဖ) ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph;09-5049151, 09-5097307

ဒေါ်ကေသီထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၆၉၀၄)၊ နေ့စွဲ-(၂၀-၂-၂၀၀၁)
ပြည်ရိပ်မွန်အိမ်ရာ၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph-09-5049151, 09-5097307

ကုန်အမှတ်တံဆိပ်ဖြစ်ကြောင်းကြေညာခြင်း

တောင်ကြီးမြို့၊ ဘုရားမြေရပ်ကွက်၊ ဒွေစောဂ (၁) လမ်းအမှတ်-၂/၃၃၅ ရန် ဒေါ်နန်းစံလိုင်း (၁၃/ကဟန (နိုင်) ၀၀၀၄၇၆) သည် အောက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့၊ စာရေးပြတိုက်မှ မှတ်ပုံတင်ရရှိပြီး ကုန်အမှတ်တံဆိပ်ပိုင်ရှင်အဖြစ် မှတ်ပုံတင်အမှတ် - ၄/၁၇၂၆/၂၀၂၀ ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

Ngwe San Eain
Traditional Collection

အထက်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ရွှမ်းမိုးရာ [illegible] (Trade Mark, Trade Name) [illegible] (၁၈)နှစ် ခန့်မှ [illegible] (၃-၂-၂၀၂၀)နေ့တွင် မှတ်ပုံတင်သွင်းခဲ့ပါသည်။

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါက်တာမြမာလာဘေ
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၂)
၁၉၇၅ မြေသီတာလမ်း ၂၉-ရပ်ကွက်၊ သုဝဏ္ဏ၊ ထယိန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။ ၀၉-၅၀၀၄၈၇၄

အမည်ပြောင်း

အင်းစိန်မြို့နယ် ဆရာငြိမ်း ကိုယ်ပိုင်အထက်တန်းကျောင်းမှ နဝမတန်းတွင် ပညာသင်ကြားနေသော ဦးတလန်ထန်ကိမ်း[၄/ဖလန(နိုင်)၀၃၀၂၂၇]၏ သမီး မလီဒီယာအား မကျိုးရမ်ဖွဲ့ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ယမင်းသူ
မြို့တွင်း၊ မြို့ပြင်၊ ခရီးဝင်အမျိုးမျိုးနှင့် လချုပ်ငှားရန် ကားများရှိနေပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
09 5174914, 09 5136421

ယဉ်မင်းခေါ်
အိပ်ခြင်ပြေအကျိုးဆောင်
ဗျေးကောင်းပေးဝယ်လိုသည့်
ဒဝုံ အာရေး၊ ဒဝုံ ငပြာက်၊
ဒဝုံ တောင်းထိပ်ကမ်း
09-421094370
09-458481315
09-421102649

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည် သာမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ် -၅၂၂ မြေကွက်တည်နေရာ အမှတ်(၅၂)၊ သံဒင်းလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်(ဒေါ်ခင်ဖြင့်) (DV-100215) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအောင်ကျော်မိုး[ဂ/မဟမ(နိုင်)၀၀၅၈၁၃]မှ ပါမစ်မူရင်းတွင် မိသားစုဓာတိပုံ၊ ရွှေပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်နှင့် မြေနေရာချထားပေးခံရသူများ၏ ဖိနိုသူများစာရင်းတို့သာ တင်ပြနိုင်ပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့် တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် နှစ်(၆၀)မြေငှားစာချုပ်(၀ရန်)လျှောက်ထားလာရာ တရားဝင်နိုင်ငံလုံးသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ခုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ပထမဦးဆုံး ဦးတွန်းဦး+ဒေါ်ဝင်းမာ
T.V (ရန်ကုန်)
ကားမောင်း၊ ဓက်ပြင်သင်တန်း
အမှတ်(A) ကားကတ်ဆက်တန်း၊ သိမ်ဖြူတင်းနစ်ကွင်းဘေး၊ (မဆလာ စက်မှတ်တိုင်) Ph: 09-73044311
အမှတ် ၂၂၅(A)၊ သံသုမာလမ်း၊ တောင်ဥက္ကလာ၊ (ဘေလီမှတ်တိုင်)
သိမ်ဖြူ- 09421150033, 09-5041550, 09-440051114
မြောက်ဒဂုံ- 09-260111942, 09-420066955
09-440051112, 01-8011402, 01-8011403
တောင်ဥက္ကလာ- 09-440051113, 01-2332340
သာကေတ(ဘဝစတောင်ဘုရား) - 09-779144479
မရမ်းကုန်း(သမိုင်းလမ်းဆုံအနီး) - 09-260111947
ဒိုလ်တဆောင်(ပန္ဒာလတ်တားအဆင်းဘဏ်မှတ်တိုင်) 09-779144498
တောင်ဒဂုံ(တံတားထိပ်မှတ်တိုင်) - 09-260111946

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း(ကန်လမ်းကွန်ဒို)၊ အမှတ်(၉၀) ၏ ဂ-လွှာ၊ (တိုက်ခန်းအမှတ်-ဂ/ဘီ)၊ အကျယ်အဝန်း(၁၈၂၅) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၌ ခွဲကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသဖြင့် ယင်းကွန်ဒိုတိုက်ခန်း၏ပိုင်ရှင်ဖြစ်သူ ဒေါ်သန္တာလတ်[ဇ/မနမ(နိုင်)၀၀ဂ၅ဖ၁]သို့ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤကွန်ဒို တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်နေ့မှ ရက်သတ္တ(၂)ပတ်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း-

ညွှန်ကြားချက်အရ

ဦးတင်လှိုင်ထွေး B.A(Law),LL.B **ဒေါ်ငုဝါဝင်း LL.B**
(စဉ်-၂၁၃ဖ/၈၁) **(စဉ်-၁၅ဂ၉ဇ)**
တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၀/၁၂၊ ပ-ထပ်၊ အခန်းအမှတ်-၁၀၃(I)၊ ၃၅လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အသိပေးကြေညာခြင်း

ရတနာပုံတယ်လီပို့ အများနှင့်သက်ဆိုင်သော ကုမ္ဗဏီလီမိတက်သည် ဆက်နွယ်သည့် ပုဂ္ဂိုလ်၊ ကုမ္ဗဏီအဖွဲ့အစည်းများနှင့် ပေးရန်၊ ရရန်စာရင်းများကို ရှင်းလင်းရန်ရှိပါသဖြင့် (၂၆.၃.၂၀၂၀) ရက်နေ့၊ ၁၆:၀၀နာရီ နောက်ဆုံးထား၍ ခိုင်လုံသော အထောက်အထားများနှင့်တကွ အောက်တွင်ဖော်ပြထားသော လိပ်စာပါ ကုမ္ဗဏီရုံးသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ရတနာပုံတယ်လီပို့အများနှင့်သက်ဆိုင်သောကုမ္ဗဏီလီမိတက်
အမှတ်-၂၅၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ စာပို့သင်္ကေတ- ၁၁၀၅၁၊ ရန်ကုန်မြို့။

ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်းကြေညာခြင်း

အထက်ပါ စားသောက်ကုန်အမှတ်တံဆိပ်နှင့် အမည်များအား ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဈေးပိုင်း(၁၉)လမ်း၊ အမှတ်(၅၈)နေ ကျွန်တော် ဦးမြင့်သိန်း[ဂ/ပခန(နိုင်)၁၈၀၃၇၅]က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံး၌ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

ထိုကုန်အမှတ်တံဆိပ်များအား ပဲခူးမြို့၊ မှတ်ပုံတင်စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်ကြေညာစာတမ်းစာချုပ် ပြုလုပ်ချုပ်ဆိုမည်ဖြစ်၍ ကန့်ကွက်လိုပါက (ဂ)ရက်အတွင်း ဦးမြင့်သိန်းထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမြင့်သိန်း[ဂ/ပခန(နိုင်)၁၈၀၃၇၅]
အမှတ်(၅၈)၊ ဈေးပိုင်း(၁၉)လမ်း၊ ပဲခူးမြို့။
ဖုန်း-၀၉-၅၃၀၂၁၇၃

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း



အမှတ် (၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုရုံန (၃)၊ လှိုင်သာယာစက်မှုမြို့ ၊ ရန်ကုန်တိုင်းဒေသကြီးရှိ FAME Pharmaceuticals Industry Co., Ltd. (Company Registration No. 121604248) သည် ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာရင်းစာတမ်းမှတ်ပုံတင်ရုံး၌ စာရင်းအမှတ် - ၁၄၉၄/၂၀၂၀ ဖြင့် ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက်နေ့တွင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။ အထက်ပါ **FAME Turmeric (Organic Turmeric Powder) နွေးမှုန့်** အမည်ဖြင့် အစားအသောက်ဌာနခွဲ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ် ရေလွှာက်ထားမည်ဖြစ်ပါသည်။ အဆိုပါ အမှတ်တံဆိပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

FAME Pharmaceuticals Industry Co., Ltd.
Ph : 01-3682199, 3685609, 3685083

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အမှတ် (၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုရုံန (၃)၊ လှိုင်သာယာစက်မှုမြို့ ၊ ရန်ကုန်တိုင်းဒေသကြီးရှိ FAME Pharmaceuticals Industry Co., Ltd. (Company Registration No. 121604248) သည် ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာရင်းစာတမ်းမှတ်ပုံတင်ရုံး၌ စာရင်းအမှတ် - ၁၄၉၂/၂၀၂၀ ဖြင့် ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက်နေ့တွင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။ အထက်ပါ **FAME Ginger (Organic Ginger Powder) ဂျင်းမှုန့်** အမည်ဖြင့် အစားအသောက်ဌာနခွဲ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ် ရေလွှာက်ထားမည်ဖြစ်ပါသည်။ အဆိုပါ အမှတ်တံဆိပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

FAME Pharmaceuticals Industry Co., Ltd.
Ph : 01-3682199, 3685609, 3685083

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အမှတ် (၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုရုံန (၃)၊ လှိုင်သာယာစက်မှုမြို့ ၊ ရန်ကုန်တိုင်းဒေသကြီးရှိ FAME Pharmaceuticals Industry Co., Ltd. (Company Registration No. 121604248) သည် ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာရင်းစာတမ်းမှတ်ပုံတင်ရုံး၌ စာရင်းအမှတ် - ၂၉၁၆၉/၂၀၁၉ ဖြင့် ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်နေ့တွင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။ အထက်ပါ **FAME Stevia (Zero Calorie Natural Sweetener) ရွက်ချိုမှုန့်** အမည်ဖြင့် အစားအသောက်ဌာနခွဲ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ် ရေလွှာက်ထားမည်ဖြစ်ပါသည်။ အဆိုပါ အမှတ်တံဆိပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

FAME Pharmaceuticals Industry Co., Ltd.
Ph : 01-3682199, 3685609, 3685083

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇၂ မြေကွက်အမှတ်-၉(က)၊ မြေကွက် တည်နေရာအမှတ်(၉/က)၊ (၁၇၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဦးဟန်မြင့်အမည်ပေါက် ပါမစ်ခြေအား ပါမစ်မြေအမည်ပေါက် ဦးဟန်မြင့်[၁၂/ဥကမ(နိုင်)၀၈၉၉၇၈]ထံမှ အရပ်ကတိစာချုပ်ဖြင့် ၂၈-၅-၂၀၀၅ရက်တွင် ၀ယ်ယူသူ ဦးရွှေမန်း[၁၂/ဥကမ(နိုင်)၁၀၀၁၇၃]မှ ပါမစ်ပျောက်ဆုံးကြောင်း ရဲတွက်အုပ်ချုပ်ရေးမှူး/ရဲစခန်းထောက်ခံချက်၊ ပါမစ်မူရင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ပါမစ်မူရင်းအား အခြားသူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း/ပေါင်နှံ/ပေးကမ်း၊ ဖွန့်လွှတ်/လုံ၊ခါန်း/ အာမခံတင်သွင်းထားခြင်းလုံးဝမရှိကြောင်း၊ အရှုပ်အရှင်းပြဿနာပေါ်ပေါက်ပါက တာဝန်ယူကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာ အမှတ်-၄၆၈၂/၂၀၁၉(၇-၁၀-၂၀၁၉)၊ ဌာနတွင်ကိုယ်တိုင်ဝန်ခံချက်၊ စာချုပ်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြောင်း(၈ရန်)လျှောက်ထားလာခြင်းဖြစ်ပါသည်။ မြေပြင်ကွင်းဆင်း စစ်ဆေးရာတွင် (၁)ထပ်၊ သွပ်မိုး၊ ပျဉ်ကာ အဆောက်အအုံ(၁)လုံး၊ သွပ်မိုး၊ အုတ်နံကပ် အဆောက်အအုံ (၁)လုံးရှိပြီး ဇော်ဝါဝါတါးပါ၊ ငံပြာရည်လုပ်ငန်းလုပ်ကိုင်ပါသည်။ သို့ဖြစ်ပါ၍ ပါမစ်အမည်ပေါက် ဦးဟန်မြင့်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူသူ ဦးရွှေမန်းမှ ပါမစ်ပျောက်ဆုံးကြောင်းတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြောင်း(၈ရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သိန်းသန်းဆက်
အိပ်ပြောင်း/အိပ်ရှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

EAZY DRIVE (အမျိုးသမီးသီးသန့်)
(ကားမောင်းအမြန်ရက်တို့ သင်တန်း)

- ရန်ကုန်မြို့လဲလမ်းများပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်ပြီး၊ ကိုယ်တိုင်ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနိုင်ရန်နှင့် ကားပါကင် အမြန်ထိုးနိုင်အောင် တစ်ဦးချင်း အတတ်သင်ပေးသည်။

Ph:09-264807699

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၇/B နံ့သာကုန်းမြေကွက်အမှတ်-၁၀/ခ-၄၊ ဧရိယာ-၀.၀၈ဧကေ၊မြေကွက်တည်နေရာ အမှတ်-မ/၂၀၊နိုဝင်ဘာလမ်း၊နံ့သာကုန်း၊ရပ်ကွက်အင်းစိန်မြို့နယ်ဦးစီးဌာန၊ဦးဇော်ညွှန့်အမည်ပေါ်က)B မြေအားအမည်ပေါ်ကိတစ်ဦးဖြစ်သူဦးစီးဌာနကယ်လွှန်သဖြင့်ကျန်အမည်ပေါ်ကိတစ်ဦးဖြစ်သူဒေါ်ညွန့်ရွှေ(၁၂/အရန(နိုင်)၀၂၃၄၂၂)မှတရားဝင်တာဝန်ယူသောရေနေမြို့နယ်ကိုယ်စားလှယ်ကြီး၊ကိုမင်းကျော်ထွန်းတို့ကိုယ်စားပြု ရေနေမြို့နယ်အုပ်ချုပ်ရေး မှူးရုံးထောက်ခံချက်၊ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးထောက်ခံချက်၊အမည်ပေါ်ကိစာချုပ် ၁၉၉၈ခုနှစ်ကထုတ်ယူခဲ့သောမြေပုံမူရင်းမှာအသုံးပြုခဲ့ရခြင်းလုံးဝမရှိကဲ့အထားအလိုမှာ၊ယုင်းကာမျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ကြောင်းတရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ပြင်ဆင်ရေကြောင်းစာချုပ်ချုပ်ဆုံးရန်နှင့်အပိုင်ပေးစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားရုံးဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်မှုမရှိပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါ ကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၆)၊ မြေကွက် အမှတ် (၂၈၄/ခ)၊ မြေကွက်တည်နေရာ အမှတ် (၂၈၄/ခ)၊ ရာနာပုံလမ်း(သင်္ဃရိပ်ကွက်) ဒဂုံတောင်မြို့နယ် ဦးအောင်သန်း(၁၂/သယက(နိုင်)၀၁၄၆၁၄)အမည်ပေါက်ပါမစ်ခြေအား ပါမည်အမည်ပေါက် ဦးအောင်သန်း(၁၂/သယက(နိုင်)၀၁၄၆၁၄)ထံမှ အရောင်းအလေ့အရပ်ကတိစာချုပ်ဖြင့် (၆-၂-၂၀၁၂)ရက်နေ့တွင် ဦးဆာမက်ရှိက်လပ်(ခ) ဝင်းဆောင်နိုင် (၁၂/စခန(နိုင်)၀၈၃၄၉၁)မှ ဝယ်ယူခဲ့ပြီး ပါမစ်ပုရင်း (မီသားစုစခါတပ်ပုဂ်ါး)တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်း အား ကွင်းဆင်းစစ်ဆေးရာ (၄)ကွက်ပေါင်း အုတ်တံတိုင်း၊ခြံစည်းရိုးကာရန်ထားပြီး မြေကွက်လပ် ဖြစ်ပါသည်။ မြေကွက် (၄)ကွက် အားလုံး ဂရန်လျှောက်ထားမှုမပြုပါကြောင်း တည်ရှိမှုပါမစ်ရှိ (မီသားစုခါတ်ပုံမှတ်မိ)ဖြင့် ဂရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် 'ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး'အသိဖြင့် ပြည်သူလူထုအကြားအားကစားလှုပ်ရှားမှု ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲများ ဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့ရာ ဆောင်းပါး (၈၃)ပုဒ်၊ ဝတ္ထုတို(၄၆)ပုဒ်၊ ကဗျာ(၆၈)ပုဒ်နှင့် ဓာတ်ပုံ (၄၂၇)ပုံတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်များ၏**ဆောင်းပါး**ပြိုင်ပွဲတွင် **ဒေါ်ရွှေရွှေမြင့် (ရွှေလေညင်း)**က **ရောဂါကင်းလွိုက္ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြပါစို့**ဖြင့် **ပထမ**၊ **မာလာဦး**က **ရောဂါကင်းလွိုက္ကျန်းမာဖို့နေ့စဉ်လမ်းလျှောက်ကြပါစို့**ဖြင့် **ဒုတိယ**၊ **မိုမိုအောင်သန်း(ဥပဒေ)**က **နိုင်ငံ့အားကစားမြှင့်တင်ရန် လူထုအားကစားကို အခြေခံ**ဖြင့် **တတိယ**၊ **စော်မင်းဌေး(ထားဝယ်)**၊ **ဒေါ်ခင်အုန်းမြင့် (မယ်မွေး-ပညာရေး)**၊ **ဒေါ်မေနုင်းသန့် (နုင်းပွင့်ဖြူ)**၊ **ဦးဝင်းတင်(မဟော်ဂနီ)**၊ **ဇရာမောင်တို့**က **နှစ်သိမ့်ဆု**၊ **ဝတ္ထုတို** ပြိုင်ပွဲတွင် **ဦးစော်လင်း(လင်းထက်-အင်းတော်ကြီး)**က **ဝိတိစားချိုအားရှိသည်**ဖြင့် **ပထမ**၊ **ခင်လပြည့်ဝန်း**က **နှင်းပုံရိပ်လွှာ**ဖြင့် **ဒုတိယ**၊ **ဒေါ်စေစိမ်းဝင်း(ကောင်းကင်မေ-စီးပွားရေးတက္ကသိုလ်)**က **ပန်းနုရောင်ဝေါ့ကင်းရှားလေး**ဖြင့် **တတိယ**၊ **ဒေါ်သဋ္ဌာမိုး(သဋ္ဌာလှိုင်-လားရှိုး)**၊ **ဦးထိန်လင်း(လင်းအရှဏ်ဦး-ပဲခူး)**၊ **ဦးစိုးမိုးကျော်(ရွှေကုံကော်-မြို့လှ)**၊ **ဦးမြင့်မောင်(မောင်စူးရှ-အနောက်ရိုးမ)**၊ **တင်မိုးအေးတို့**က **နှစ်သိမ့်ဆု**၊ **ကဗျာ**ပြိုင်ပွဲတွင် **ဒေါ်မြင့်မြင့်သန်း (မြင့်-ရွှေဘို)**က **နိုင်ငံ့အားကစားမြှင့်တင်ရန် လူထုအားကစားကိုအခြေခံ**ဖြင့် **ပထမ**၊ **မဆောင်းသစ် (သမီးပျိုရွှေ)**က **ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး**ဖြင့် **ဒုတိယ**၊ **ဦးဌေးလှိုင်(ခန့်ကျော်ထင်လှိုင်-လှိုင်ကော်)**က **ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲမှသည်**ဖြင့် **တတိယ**၊ **ဦးခင်မောင်ထွန်း(မင်းသွေးနွယ်-စီးကုန်း)**၊ **ဦးမျိုးဝင်း(ဘိုမျိုး-ရွှေဘို)**၊ **ဦးညိုဝင်း(မောင်မိုးလှိုင်-သစ္စာမြေ)**၊ **ဦးကျော်နိုင်(လှလင်-ဓနုပ်ဝန်းမြေ)**၊ **ဦးထွန်းအောင်ကျော်(စွမ်းဝေ-စီးကုန်း)** တို့က **နှစ်သိမ့်ဆု**၊ **ဓာတ်ပုံ**ပြိုင်ပွဲတွင် **စော်စော်ဝေ (ဆင်ဖြူကျွန်း)**က **ပထမ**၊ **ဌေးဝင်း(ရမ္ဘာဝတီ)**က **ဒုတိယ**၊ **Dr. မြတ်စော်ဟိန်း**က **တတိယ**၊ **အောင်ကျော်ထွန်း (ပုသိမ်ကြီး)**က **နှစ်သိမ့်ဆု(၁)**နှင့် **နှစ်သိမ့်ဆု(၂)**၊ **မျိုးမင်းကြွယ် (ရွှေတောင်ကြား)**က **နှစ်သိမ့်ဆု(၃)**၊ **အထူးဆုများ**အဖြစ် **မျိုးမင်းကြွယ်(ရွှေတောင်ကြား)**၊ **စိုင်းအောင်မြတ်(တောင်ကြီး)**၊ **သန်းလှိုင်ဦး**၊ **Dr. မြတ်စော်ဟိန်း**၊ **နိုင်ထူးအောင်**၊ **အောင်မြတ်မင်း(ပြန်/ဆက်)**၊ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)** တို့က အသီးသီးဆွတ်ခူးရရှိခဲ့ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားအား ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း အားကစားနှင့် ကာယပညာဦးစီးဌာန နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါ၍ ဆုပေးပွဲကျင်းပမည့်ရက်အား ဆုရရှိသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် **၀၆၇-၈၁၀၄၃၃၄၊ ၀၆၇-၈၁၀၄၃၃၅၊ ၀၉-၂၀၀၂၁၉၆** တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေရန် အကြောင်းကြားစာ

တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် -၅၉၄နှင့် ဆက်နွယ်သည့်
၂၀၂၀ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၂၉

ဦးမြင့်သန်း နှင့် ၁။ ဒေါ်လှလှဝေ
၂။ ဒေါ်ဝင်းတင်(ခ) မခင်မာဝေ(ခ) မဝေ

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ဝန်ဝါသီတောရကျောင်းလမ်း၊ အမှတ်(၉၆၅/ခ)နေ (၂) တရားရှုံး ဒေါ်ဝင်းတင်(ခ) မခင်မာဝေ(ခ) မဝေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၉၄တွင် ကျရှိသည့်ဒီကရီ အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့)မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၀ ခုနှစ်၊ မတ်လ ၁၇ ရက် (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော်၉ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ရွှဲသီ)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ပြောက်ဦးကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ဒေသာ(၂)လမ်း အမှတ် (၂၅၄)၊ ဦးကြည်ညွှန့်လွင်ဦး (၁၂/ဥကမ(နိုင်)ရတ(ရ)၅)၏လွှဲပေးပြီးသူနေရာအရ ဒေသာ(၂)လမ်း အမှတ် (၂၅၄)ရပ်ကွက်ရှိ ကျွန်ုပ်ပိုင်ဆိုသော ပြုပြင်ထားသည့် ခေတ်ပြီးခေတ်ကုန်ကားကြီး ၁ စီးကို ကျွန်ုပ်ကိုယ်တိုင် ရောင်းချခဲ့ကြောင်း ရောင်းချခဲ့ကြောင်းနှင့် ကားကို ကျွန်ုပ်ကိုယ်တိုင် ပြန်ရောင်းပေးခဲ့ကြောင်း ကားပြန်ရောင်းပေးခဲ့ကြောင်း ကားပြန်ရောင်းပေးခဲ့ကြောင်း ကား